www.burmeseclassic.com

# ဝေမှူးသွင်

## အပျော်တမ်း အခင်းအကျင်း

(လုံးချင်းဝတ္ထုသစ်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | - | ရန်ကုန်လမ်းများစာပေ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | မျိုးကျော် |
| အတွင်းနှင့် | - | ဦးအောင်ဇော်ထွန်း |
| အတွင်းပုံနှိပ် | | (ပုံရိပ်ရှင်ပုံနှိပ်စက်)<br>အမှတ် (၈)၊ အိမ်ကြီးလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (ယာယီ-၁၈၀၇)<br>အမှတ် ၄၄-ဘီ၊ မြေညီထပ်၊<br>၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅.၈၃

ဝေမှူးသွင်၊

အပျော်တမ်းအခင်းအကျင်း / ဝေမှူးသွင် - ရန်ကုန်

ကြယ်ပွင့်စာပေ၊ ၂၀၁၄။

၂၂၁ - စ၊ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ။

(၁) အပျော်တမ်းအခင်းအကျင်း


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

BURMESE CLASSIC

* မိုးဖေယျာရဲ့ဒိုင်ယာရီ
* ဆေးရုံ
* ကဗျာ
* မရှိတော့ဘူး
* ကရေကရာပြုလှ်
* နောက်ဆက်တွဲများ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# မိုးဇေယျာရဲ့ဒိုင်ယာရီ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

အခုလိုမျိုး ဆောင်းအခါသမယမှာ ဘာကိုလွှမ်းနေမှန်းမသိ လွှမ်းနေတာကြီးကလည်း ခက်ပါတယ်။ ကျောင်းကားပထမဆုံးရောက် လေ့ရှိတဲ့ အချိန် ၇ နာရီ ၁၀ မိနစ်ဆိုတာကလည်း ဒဂုံတက္ကသိုလ် ကျောင်းရဲ့ နဂိုကတည်းကမှ လူရှင်းနေတတ်တဲ့ ထူးကဲကင်တင်းကို ပိုပြီးရှင်းလင်းတိတ်ဆိတ်နေစေလေရဲ့။

"အဒေါ်ရေ . . . ပလိန်းတစ်ခွက်ပေးပါ"

အသံကြားလို့ထင်တယ်၊ ဟိုးဘက်ထောင့်ဆုံးစားပွဲမှာ တစ် ယောက်တည်း မုန့်ဟင်းခါးငုံ့စားနေတဲ့ ကောင်မလေးက ရှုတ်တရက် လှမ်းကြည့်တယ်။ ပြီးတော့ မုန့်ဟင်းခါးပဲ ဆက်စားနေတယ်။ သူမက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့စောစောစီးစီး မနက်ခင်းတွေတိုင်းမှာ (အများအားဖြင့်) ကျောင်းစောင့်နတ်သမီးသူမက အချိန်မှန် မုန့်ဟင်းခါးလာစားလေ့ ရှိလို့ ကျွန်တော်ကလည်း အစောဆုံးထွက်တဲ့ ကျောင်းကားကို စီးနေကျဖြစ်လာခဲ့တယ်။

ဥပမာဆိုပါစို့။ သိပ်ထူးပြီး ကောင်းလှတာမဟုတ်တဲ့ ထူးကဲကင်တင်းရဲ့ မုန့်ဟင်းခါးကိုမှ အရမ်းကြိုက်နေပြီး အချိန်မှန်လာစားရတဲ့ အကြောင်းအရင်းကိုတော့ သူမကိုယ်တိုင် အသိဆုံးဖြစ်သလို၊ မလိုအပ်ဘဲ အိပ်ရေးပျက်ခံပြီး အစောဆုံးကျောင်းကားနဲ့ ဒီကင်တင်းမှာ ပလိန်းတစ်ခွက်လာသောက်ရတဲ့ အကြောင်းအရင်းကိုလည်း ကျွန်တော်ကိုယ်တိုင်သာ အသိဆုံးဖြစ်မှာ မလွဲပါဘူး။

BURMESE CLASSIC

"ဟော့ကောင် မိုးဇေယျာ၊ စောလှချည်လား"

ပြောပြောဆိုဆိုနဲ့ ကျော်ကျော်ရောက်လာပြီး ကျွန်တော့်ကို လှမ်းနှုတ်ဆက်တယ်။

"မင်းတစ်ယောက်တည်းလား၊ ဘိုသိန်းကော"

"မသိဘူးလေ၊ ဒီနေ့တော့ ကျောင်းကားမတူဘူး"

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်က ကျောင်းမှာ အတွဲများတယ်။ ကျွန်တော်ရယ်၊ ကျော်ကျော်ရယ်၊ ဘိုသိန်းရယ်။ ကျွန်တော် ငယ်ငယ်ကတည်းက မိဘတွေဆုံးသွားခဲ့လို့ ကျွန်တော့်ရဲ့မွေးစားအဖေဦးကြည်သာက မွေးစားခဲ့ပါတယ်။ အခုတော့ အဲဒီမွေးစားအဖေ ဦးကြည်သာလည်း ဆုံးပါးသွားခဲ့ပြီလေ။ မပြောမဖြစ် ပြောရဦးမယ်။ ကျွန်တော်တို့သုံးယောက်လုံးက ဒဿနိကဗေဒဒုတိယနှစ်



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ့။

"ဟော့ကောင်တွေ . . ."

နှုတ်ဆက်ပြီး ဆိုင်ထဲဝင်လာတဲ့ ဘိုသိန်းကို ဂရုမစိုက်အား။ မုန့်ဟင်းခါးဖိုးရှင်းနေတဲ့ အမြဲတမ်းလေးကိုပဲ ခပ်မဆိတ်လှမ်းကြည့် နေမိပြန်တယ်။

"မင်းအသံပြကြီးနဲ့ ခဏနေစမ်းပါကွာ၊ ဒီမှာကောင်းခန်း ရောက်နေပြီ"

ကျွန်တော်တို့အဖွဲ့ထဲမှာ ဘိုသိန်းက အင်မတန် အာကျယ် သူပါ။

"ဘာကောင်းခန်းတုန်းကွ၊ ငါ့သူငယ်ချင်းကြီးရ"

"ဟိုမှာလေကွာ . . . အမြဲတမ်းလေး၊ အမြဲတမ်းလေး၊ အမြဲ တမ်းလေး သွားပြီကွ"

ကျွန်တော်က အမြဲတမ်းလေးရဲ့ကျောပြင်ကို အဝေးမှလှမ်း ကြည့်ရင်း ဘိုသိန်းကို ပြောလိုက်တယ်။ ဘိုသိန်းက ကျွန်တော့်ကို ပြန်ပြောတယ်။

"အေးလေ . . . အမြဲတမ်းသွားရမှာပေါ့ကွ၊ အမြဲတမ်းမသွား ရင် နေ့တိုင်းမသွားရင် အပူတွေကန်မယ်လေကွာ၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲလို့တောင် ဆိုရိုးရှိသေးတယ် မဟုတ်လား"

"တော်ကြစမ်းပါကွာ၊ နှစ်ယောက်လုံး တော်ကြတော့၊ အရေး ကြီးတာက ဒီနေ့ပထမဆုံး လက်ချာချိန်တက်ကြမှာလား၊ စစ်တုရင် ထိုးကြမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်က ဝင်ဖျန်ဖြေသလိုမျိုးနဲ့ သူလုပ်ချင်နေတာကြီးကို မြှူဆွယ်တယ်။ ကျော်ကျော်နဲ့ ဘိုသိန်းက ကျွန်တော့်ထက်စာရင် ချက်စ်ရူးတွေ။ အတန်းလစ်ချင်ကြတာမျိုးမှာတော့ သုံးယောက်စလုံး ညီပါတယ်။ ဒါပေမယ့် အတန်းလစ်ပြီးရင် ကျွန်တော်က ကဗျာပဲ ပိုရေးချင်မိတယ်။

"ငါတော့ ကဗျာရေးလိုက်ဦးမယ်ကွာ၊ အမြဲတမ်းလေး အကြောင်း"

"ရူး . . . ရူး . . . မင်းဟာသာ အမြဲတမ်းရူးဟေ့"

ကျော်ကျော်နဲ့ ဘိုသိန်းက ချက်စ်ထိုးဖို့ ပြင်လိုက်ကြတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"အဲဒီအမြဲတမ်းလေးရဲ့ နာမည်အရင်းက ဆုပြည့်ငယ်တဲ့၊ တစ်ဦးတည်းသော သမီး၊ အိမ်နာမည်က မီးငယ်၊ သူငယ်ချင်းတွေကလည်း မီးငယ်လို့ပဲ ခေါ်ပုံရတယ်၊ ဒုတိယနှစ် ရူပဗေဒ၊ အင်းလျားလမ်းမှာနေတယ်၊ အဖေနာမည်က ဦးလူမော်၊ အမေနာမည်က ဒေါ်ခက်ဖြာဝေ၊ သူငယ်ချင်းတစ်ယောက်ပဲ အမိကတွဲတယ်၊ ခင်ဖြူသော်တဲ့၊ ခင်ဖြူသော်ရဲ့အပြောအရတော့ အဲဒီကောင်မလေးရဲ့အဖေက သိပ်ချမ်းသာတယ် ပြောတယ်၊ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုထောင်ထားတယ်၊ ရွှေသစ္စာကုမ္ပဏီလို့ ပြောတာပဲ"

ကျော်ကျော်က ပြောပြရလို့ မောသွားဟန်နဲ့ သူ့ရှေ့က ရေ



www.burmeseclassic.com

www.burmeseclassic.com



နွေးကြမ်းတစ်ခွက်ကို ဂလုကနဲမြည်အောင် မော့သောက်လိုက်တယ်။ ကျွန်တော်က တွေတွေကြီး စဉ်းစားနေမိတယ်။

"ဟော့ကောင် . . . ငါပြောတာ ကြားရဲ့လား၊ မင်းဘာတွေ စဉ်းစားနေတာလဲ"

ကျော်ကျော်က စိတ်မရှည်ဟန်ဖြင့် လှမ်းမေးတယ်။

"ဒီလိုကွ . . . ပြဿနာက တတိယနှစ်ရှုပ်ဗေဒကျောင်းသူ ဆိုတဲ့ကဗျာကို ကြားဖူးတယ် မဟုတ်လား၊ အခုဟာက ဒုတိယနှစ် ရှုပဗေဒကျောင်းသူဆိုပြီး ခေါင်းစဉ်တပ်ပြန်ရင်လည်း ထောက်တောက် တောက်နဲ့၊ အဲဒါ ကဗျာခေါင်းစဉ်နဲ့ ကဗျာအတွက် ခေါင်းခဲနေတာ"

ကျွန်တော်က ပြန်ရှင်းပြလိုက်တယ်။

"ရာရာစစကွာ၊ ဘာမဟုတ်တဲ့ ကိစ္စနဲ့များ . . .၊ ငါ့မှာ ဒီလောက်ထိစုံစမ်းပေးထားရတာမှ အားမနာ၊ ကျောင်းသားရေးရာကို သုံးခေါက်၊ ခင်ဖြူသော်ကို ချိန်းရတာက သုံးခေါက်"

ကျော်ကျော်က အဲဒီလို မကျေမချမ်း ပြန်ပြောတယ်။

"ဟား . . . ဟား . . . အလကားစတာပါကွာ၊ ဒီလက်ဖက် ရည်ဝိုင်း ငါရှင်းပါ့မယ်၊ စီးကရက်တွေ အကုန်ယူလိုက် . . . ဟုတ်ပြီ လား"

ကျွန်တော်က ကျော်ကျော့်ကို ချော့လိုက်ရပါတယ်။

မီးငယ်ရေ . . . ကောင်းကင်ပြင်ကြီးတစ်ခုလုံးဟာ နှင်းမြူ တွေနဲ့ အုံ့ဆိုင်းနေတာပဲ။ ဒီဇင်ဘာမြူနှင်းကြားက မင်းအရိပ်တွေ၊ ငါမျက်လုံးဖွင့်ကြည့်တိုင်း မြင်ယောင် . . . ဆိုတဲ့ စောင်းဦးလှိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သီချင်းလိုပဲ။ ငါကတော့ အလျှော့မပေးနိုင်ဘူး။ မင်းဘက်က ချဉ်ငန်စပ်အကြည့်တွေနဲ့ ခပ်စူးစူးစတင်ခဲ့တာတွေ၊ ဘာတွေ ငါဂရုမစိုက်ဘူး။ ငါကပဲ စချစ်မိတာ ဖြစ်ကြေး။ င့ါဘက်က လုံးဝအလျှော့မပေးဘူးဟေ့ . . . မီးငယ်ရေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒီမယ် . . . ရှင်နဲ့ကျွန်မ စာရင်းရှင်းစရာရှိတယ်၊ ရှင့်နာမည်လေး အရင်ပြောပါဦး"

တစ်နေ့ . . . ထုံးစံအတိုင်း ကျောင်းကားစောရောက်တဲ့နေ့မနက်ပိုင်း ထူးကဲကင်တင်းမှာပေါ့။ မုန့်ဟင်းခါးမမှာသေးဘဲ၊ အဲဒီမီးငယ်ဆိုတဲ့ ကောင်မလေးက ကျွန်တော့်ကို လာရန်လုပ်နေခြင်းပါပဲ။

"ကျွန်တော့်နာမည် မိုးဇေယျာပါ၊ ဒါထက် ဘာစာရင်းရှင်းစရာ အထွေအထူးတွေများ ရှိနေလို့လဲ မမီးငယ်ရဲ့"

ကျွန်တော်ပြန်ပြောလိုက်ပုံက နည်းနည်းတော့ ငေါ့သလိုဖြစ်သွားပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မမီးငယ်လို့ မခေါ်ပါနဲ့၊ ကျွန်မကို မီးငယ်ပဲ ခေါ်ပါ၊ ရှင်က ကျွန်မအကြောင်းကို သော်သော့်ဆီကနေ စုံစမ်းသွားတယ်ကြားတယ်၊ အဲဒါကို ကျွန်မမကြိုက်ဘူး"

"ဘာဖြစ်လို့ မကြိုက်တာလဲ၊ အဲဒါတွေ ခဏထားပါဦး၊ ကျွန်တော်တို့နှစ်ယောက် အခေါ်အဝေါ်တွေနဲ့ပတ်သက်ပြီး နည်းနည်းလောက် သဘောတူညီချက်ယူရအောင်၊ ကျွန်တော်က မီးငယ်ကို မီးငယ်လို့ခေါ်မယ်၊ မီးငယ်က ကျွန်တော့်ကို ဘယ်လိုခေါ်မှာလဲ"

"ရှင်က ဒုတိယနှစ်ဒဿနိကမဟုတ်လား၊ ကျွန်မက ဒုတိယနှစ်ရူပဗေဒလေ၊ ဒါကြောင့် ကိုမိုးဇေယျာလို့ ကိုတပ်ခေါ်ရင်ကော ဘယ်လိုလဲ"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော်သဘောတူပါတယ်၊ ခုနကပြောတဲ့ မီးငယ်အကြောင်းတွေကို ကျွန်တော်စုံစမ်းခဲ့တာနဲ့ပတ်သက်ပြီး မကျေနပ်ဘူးဆို၊ အဲဒါ မီးငယ်ရှင်းပြဖို့တော့ လိုမယ်"

"ဟုတ်တယ်လေ၊ ကိုမိုးဇေယျာကို ကျွန်မက စချစ်ခဲ့တာပဲ၊ ဒါကြောင့်လည်း ဒီကင်တင်းမှာ လူရှင်းတဲ့အချိန် မနက်တိုင်းမုန့်ဟင်းခါး လာလာစားနေခဲ့တာလေ၊ ဒါကို ကိုမိုးဇေယျာက သူပဲ စချစ်သလိုမျိုးဖြစ်အောင် ကျွန်မအကြောင်းတွေ လိုက်စုံစမ်းသလေးဘာလေးနဲ့ဆိုတော့ ကျွန်မဘယ်ကြိုက်တော့မလဲ"

"ဘုရားရေ . . . ကျွန်တော်က မီးငယ်ကို စချစ်ခဲ့တာပါ"

"မဟုတ်ဘူး . . . ကျွန်မကကို မိုးဇေယျာကို စချစ်ခဲ့တာပါ"

"ဘုရားရေ . . . ကျွန်တော်က . . . . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . . ကျွန်မက . . . . . . . . . . . ."

ဒီလိုနဲ့ပဲ ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်းမှာရှိတဲ့ ထူးကဲကင်တင်းလေးမှာ မီးငယ်နဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်းသာ သိလိုက်ရတဲ့ လျှို့ဝှက်ငလျင်ငယ်လေးတစ်ခု ရုတ်ချည်းလှုပ်ခတ်သွားပါတယ်။ အဲဒီနေ့က ကမ္ဘာကြီးဟာ ချစ်စရာကြီး။ အဲဒီနေ့က မီးငယ်နဲ့ ကျွန်တော်နဲ့ ပထမဆုံးရည်းစားတွေ စဖြစ်သွားကြတဲ့နေ့။ အဲဒီနေ့က ရည်းစားတွေ ဖြစ်သွားကြပေမယ့် ကျွန်တော်တို့နှစ်ယောက်ကြား အခေါ်အဝေါ်တွေကိုထပ်ပြီး မပြောင်းလဲတော့ဘူးလို့ နှစ်ဦးစလုံး တိုင်ပင်ကျေနပ်ခဲ့ကြတဲ့နေ့။ အဲဒီနေ့က သူငယ်ချင်းတွေရဲ့ကြားထဲမှာ မင်းတို့နှစ်ယောက် ရည်းစားဖြစ်တာကလည်း မြန်လှချည်လားလို့ ဆူဆဲမာန်မဲခံကြရတဲ့နေ့။ အဲဒီနေ့က သူငယ်ချင်းတွေ ဝိုင်းဆူကြလို့ နှစ်ယောက်သား ခေါင်းလေးတွေ ပုဝင်နေကြပေမယ့် အချိန်တန်လို့ လက်ဖက်ရည်ဝိုင်းရှင်းရတဲ့အခါ သူရှင်းမယ်၊ ငါရှင်းမယ်နဲ့ ရန်ပါထဖြစ်ရတဲ့နေ့။

"အဲဒါတွေထားစမ်းပါဦး မိုးဇေယျာရာ"

ဘိုသိန်းက အာပြဲကြီးနဲ့ ထဟောက်လို့ အတန်းချိန်တက်ဖို့ ဟာန်ပြင်လာတဲ့ ခြေလှမ်းများတောင် ကြောက်လန့်တကြား ဖြစ်သွားတယ်။ ကျော်ကျော်ကတော့ ဘိုသိန်းကို မျက်မှောင်ကုတ်ပြီး ကြည့်လိုက်တယ်။

"ဟိုနေ့က ဆရာဦးဝင်းအောင်ချို သင်သွားတာတစ်ခု သဘာဝမကျဘူး ဖြစ်နေလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟာကိုလဲ"

ကျွန်တော်နဲ့ ကျော်ကျော်က မတိုင်ပင်ရဘဲ ပြိုင်တူမေးလိုက်မိကြတယ်။

"သူ့ Logic တွက်နည်းကလည်း ဘာတွေမှန်း မသိဘူး၊ တစ်ဝက်စီ တစ်ဝက်စီ ဝေတဲ့ကိစ္စကို ပြောတာပါကွ၊ သိပ်ပြီး စိတ်ကူးယဉ်ဆန်နေသလိုများ ဖြစ်နေလားလို့ပါ၊ သေချာပေါက် တစ်ဝက်စီ ဖြစ်ပါ့မလားလို့တော့ သံသယရှိတယ်၊ စစ်တုရင်လိုကိစ္စမျိုးမှာတောင် သေချာပေါက်အနိုင်ထင်ထားတဲ့ အကွက်ကနေ ရှုံးသွားတာမျိုးရှိတာပဲလေ"

"မဟုတ်ဘူး မိုးဇေယျာရေ၊ မနေ့က ဒီကောင်ဘိုသိန်း ငါ့ကိုရှုံးသွားတဲ့ ချက်စ်အကွက်ကို မကျေမချမ်းနဲ့ စားမြုံ့ပြန်နေတာ"

"ဟော့ကောင် ကျော်ကျော်၊ ၁၀ ပွဲမှာ မင်းတစ်ပွဲလောက်နိုင်တာကို ပဏ္ဍာယူမနေနဲ့"

တကယ်တော့ ကျွန်တော်တို့အဖွဲ့ထဲမှာ ဘိုသိန်းက ချက်စ်အကောင်းဆုံးနဲ့ အတွေးအခေါ်လည်း အကောင်းဆုံးပဲ။ ကျော်ကျော်က ချက်စ်ဒုတိယအဆင့်။ ကျွန်တော်က ချက်စ်အညံ့ဆုံး။ ဒါပေမယ့် တဗျာအကောင်းဆုံး . . . ဟဲ . . . ဟဲ . . . ဟဲ။

မီးငယ်ရေ . . . ဒီအချိန်မှာ ဦးဝင်းအောင်ချိုရဲ့လက်ချာကသာ ငါ့အတွက် အရေးအကြီးဆုံး။ လက်ချာချိန်မီဖို့သာ အဓိက။ ဗူးဆိုးကြီးကို ရင်ခေါင်းအထိ တက်ဝတ်ထားတဲ့ ဆရာ့ရဲ့ဘာသာဟာ အရေးလည်းကြီး၊ ခက်လည်း ခက်မှန်း ကျောင်းသားအားလုံးက



www.burmeseclassic.com

www.burmeseclassic.com



လက်ခံထားကြပါတယ်။ ကျွန်တော်တို့အုပ်စုကလည်း တခြားအချိန်တွေသာ အတန်းလစ်ရင်လစ်မယ်။ ဒါပေမယ့် ဆရာဦးဝင်းအောင်ချို အချိန်မှာတော့ အတန်းလစ်ပြေးလေ့မရှိဘူး။

မီးငယ်ရေ . . . ရွှက်ကြွေတွေကလည်း ဘေးဘီဝဲယာမှာ ဝေ့ဝဲလို့။ တစ်ခါတလေ စဉ်းစားမိတာက ကျွန်တော့်အချစ်ကို မီးငယ် သိပ့်ါမလား။ မီးငယ်အချစ်ကိုရော ကျွန်တော်သိနိုင်ပ့်ါမလား။ လူဆိုတာကလည်း ခက်တယ်။ ကိုယ့်အချစ်ပဲ ကိုယ်သိကြတာမျိုး မဟုတ်လား။

ရွှက်ကြွေတို့ရေ . . . သိပ်မရှုပ်ပါနဲ့ကွာ။ ဒါဟာ ငါတို့တွေ ဆရာဦးဝင်းအောင်ချိုဆီ သွားနေကျလမ်းကလေးပါ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

အချိန်တွေလည်း တရွေ့ရွေ့နဲ့ပဲ ကုန်လွန်သွားခဲ့ပါတယ်။ မီးငယ်က ရူပဗေဒနောက်ဆုံးဘာသာရပ် ဖြေပြီးတဲ့နေ့၊ ကျွန်တော်က နောက်ဆုံးနှစ်နောက်ဆုံးဘာသာရပ် ဖြေပြီးတဲ့နေ့။ ထူးကဲကင်တင်းမှာဆို လူရှုပ်မှာစိုးလို့ မြေနီကုန်းလမ်းဆုံ ပန်းခြံထဲက လက်ဖက်ရည်ဆိုင်လေးမှာ ချိန်းကြတယ်။

“ကိုမိုးဇေယျာ . . . ကျွန်မပြောတာ ကြားရဲ့လား”

“ဟင် . . . ကြားပါတယ်၊ မီးငယ်ရဲ့အဖေနဲ့အမေက ကျွန်တော်နဲ့သဘောမတူဘူး၊ သူတို့မှာလူကြီးချင်းသဘောတူထားပြီးသား သူရှိတယ်၊ သူ့နာမည်က ကိုထွန်းဝေ ဟုတ်တယ်မလား၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုပဲ ကျွန်တော်တို့ဇာတ်လမ်းဟာ စိတ်ကူးယဉ်ဆန်လာပြီနော် . . . မီးငယ်"

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ကိုမိုးဇေယျာ"

"ကျွန်တော် ကိုထွန်းဝေကို စိတ်ဝင်စားတယ်"

"ဘုရားရေ . . . ကိုမိုးဇေယျာလိုင်းပြောင်းသွားပြီလား"

"အင်းလေ . . . ခွဲစိတ်ပြုပြင်လိုက်တာ၊ ဟာ . . . ပေါက်ကရ၊ စကားတောင် မှားကုန်ပြီ မီးငယ်ရာ၊ ကျွန်တော်ဆိုလိုတာက မီးငယ်ရဲ့အဖေအမေကတောင် အရမ်းပဲ ရည်ညွှန်းရတဲ့ ထွန်းဝေဆိုတဲ့ကောင်ဟာ နှယ်နှယ်ရရတော့ မဖြစ်နိုင်ဘူးဆိုတာ တွေးမိလို့ပါ"

"အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး၊ ပြီးတော့ နှယ်နှယ်ရရတွေဘာတွေလည်း မရှိဘူးလို့ ကိုမိုးဇေယျာပဲ ကျွန်မကို ပြောခဲ့ဖူးတာလေ၊ မှတ်မိရဲ့လား"

"မှတ်မိပါတယ်၊ ဒါပေမယ့် ဘဝမှာ ချစ်နေဆဲကာလနဲ့ လက်ထပ်ဖို့စပြီးရည်ရွယ်တဲ့ ကာလနှစ်ခုအတွင်းမှာ ပြောလေ့ရှိကြတဲ့ စကားတွေကော၊ တွေးလေ့ရှိကြတဲ့ အတွေးတွေကောဟာ သိပ်ပြီး ထပ်တူညီစရာမှ မလိုတာပဲလေ"

"နှလုံးသားနဲ့ မဆုံးဖြတ်ဘဲ ဦးနှောက်နဲ့ ဆုံးဖြတ်ရမယ်လို့ တစ်ခွန်းတည်းပြောလည်း ပြီးတဲ့ဟာကို"

"အဲဒီအသုံးအနှုန်းကြီးက အရမ်းပဲ ရိုးအီနေပြီ မီးငယ်ရဲ့"

"ကျွန်မတို့ ခိုးပြေးကြမလား . . . ကိုမိုးဇေယျာ"

"တစ်ခါတလေမှာ တချို့လူတွေ မတော်တဆ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



သွားတတ်တာကလွဲရင် အဲဒီကိစ္စဟာ ကမ္ဘာပေါ်မှာ အပေါ်ဆုံးနဲ့ ကလေးအဆန်ဆုံး ကိစ္စရပ်တစ်ခုပဲလို့ ကျွန်တော်တော့ ခံယူထားတယ် မီးငယ်"

"မိန်းကလေးဘက်ကစပြီး ခိုးပြေးဖို့ပြောတာတောင် ကိုမိုးဇေယျာက ကျွန်မကို သိက္ခာချလိုက်တာပဲ"

"မဟုတ်ပါဘူး မီးငယ်ရာ၊ မီးငယ်ဟာ တခြားဘယ်မိန်းကလေးနဲ့မှ မတူဘဲ၊ လင်းပွင့်တဲ့အသိဉာဏ်ရှိတယ်၊ လွတ်လွတ်လပ်လပ်နဲ့ နေတတ်တယ်၊ ဒါကြောင့် ကျွန်တော်က ကိုယ့်ရည်းစားဆိုတဲ့ အသိအပြင်၊ မီးငယ်ကို ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်လိုလည်း သဘောထားတယ်"

"ဩော် . . . ကိစ္စတစ်ခုစပ်စုမယ် စပ်စုမယ်နဲ့ မမေးဖြစ်ဘူး ဖြစ်နေတယ် . . . ကိုမိုးဇေယျာ၊ ကိုမိုးဇေယျာရဲ့အဖေအကြောင်းကိုလေ၊ အဲဒါ စပ်စုမလို့"

"ကျွန်တော့်အဖေက ဦးကြည်သာ၊ ကျွန်တော် ငယ်ငယ်ပေါက်စနဘဝကတည်းက မွေးစားခဲ့တာပါ၊ ကျွန်တော့်ရဲ့ဆုံးပါးသွားတဲ့ မိဘတွေနဲ့က အရမ်းရင်းနှီးတယ်ပြောတယ်၊ လုပ်ဖော်ကိုင်ဖက်တွေပေါ့၊ အဖေ့ကို ကျွန်တော်က အဖေလေးလို့ပဲ ခေါ်ရတယ်၊ ကျွန်တော်က သူခေါ်ခိုင်းလို့ပါ၊ သူက ပြောတယ်၊ ငါက မင်းအဖေအစစ်မဟုတ်ဘူး၊ ဒါကြောင့် အဖေလို့ မခေါ်ရဘူးတဲ့၊ အဖေလေးပဲခေါ်ခိုင်းတယ်၊ အဖေလေးက လူထူးလူဆန်းတစ်ယောက်ပဲ"

မီးငယ်က ကျွန်တော်ပြောပြတာကို စိတ်ဝင်တစားစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး နားထောင်နေတယ်။

"အခုတော့ အဖေလေးက မီးငယ်သိတဲ့အတိုင်းပဲ မနှစ်ကမှ ဆုံးသွားတာ၊ စမ်းချောင်းက တိုက်ခန်းရယ်၊ ကျွန်တော့်အတွက် ပိုက်ဆံအချို့ရယ်ကို အမွေထားခဲ့တယ်"

နားထောင်နေရင်း တစ်ခုခုကို သတိရသွားဟန်နဲ့ မီးငယ်က ပြောတယ်။

"ပိုက်ဆံဆိုလို့ . . . ညက အဖေက ပြောတယ်၊ အကယ်၍ ကိုထွန်းဝေနဲ့ လက်ထပ်ဖို့ သဘောတူလက်ခံရင် ပိုက်ဆံစိုက်ပြီး ကား အသစ်လဲပေးမယ်တဲ့၊ ခုကျွန်မစီးနေတဲ့ ပရာဒိုကို လင်ခရူဇာနောက်ဆုံးမော်ဒယ်နဲ့ လဲပေးမယ်ဆိုလားပဲ"

"ဩော် . . . "

ကျွန်တော်လည်း တစ်ခွန်းတည်းသာ ဩော် . . . လိုက်ပါတယ်။

"ဒါတွေထားပါလေ၊ ကျွန်မတို့ကိစ္စကို တစ်လအတွင်း တစ်ခုခုအဖြေရအောင် ဆုံးဖြတ်ကြရအောင်နော် . . . ကိုမိုးဇေယျာ၊ ဘာပဲဖြစ်ဖြစ် ကိုထွန်းဝေနဲ့တော့ ကျွန်မလက်မထပ်ချင်ဘူး"

"အင်းပါ . . . "

ဘဝဆိုတာကလည်း ခက်တယ်။ ထင်တာတွေ ဖြစ်လာတာ ထက် မထင်တာတွေ ဖြစ်လာတာက ခပ်များများမဟုတ်လား။ ဘာပဲ ပြောပြော ကျွန်တော့်မှာ အခုတော့ ထွန်းဝေအကြောင်း စုံစမ်း ကြည့်ဖို့ အလုပ်အပိုတစ်ခုရလာပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဆောင်းတွင်းမှာ ညက မတော်တဆလိုလို၊ ဘာလိုလိုနဲ့ ခပ်ဖွဲဖွဲ ရွာချထားတဲ့မိုးကြောင့် လမ်းမဟာ စွတ်စိုနေသယောင်ထင်ရပါတယ်။ ဥဒဟို မှိုင်းပျနေတဲ့ နှင်းမှုန်ဝေဝေလေးတွေဟာလည်း မနက်ခင်းစောစောစီးစီးမှာ ကြေကွဲနေတဲ့ ကျွန်တော့်အသည်းနှလုံးကို ဟိုင်းဝေးလမ်းမကြီးတလျှောက် ရသမျှ ကလူကျီစယ်လုပ်နေကြဦးမယ့်ပုံပါပဲ။ မီးငယ်ကို ချစ်မိတဲ့အပြစ်ကြောင့် မိုးနတ်မင်းက ဒဏ်ခတ်တာဆိုရင်လည်း တရုတ်သိုင်းကားတွေကို လှောင်ပြောင်ရောရောက်ဦးမယ်။

"ဒီဆိုင်လား . . . အကို"



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီကားဆရာက ရှစ်မိုင်လမ်းဆုံနားက Popular ကဖေး ဆိုင်ရှေ့မှာ ဘရိတ်အုပ်လိုက်ရင်း ကျွန်တော့်ကို မေးပါတယ်။

"ဟုတ်တယ် အစ်ကို ကျေးဇူးပဲ၊ ရော့ . . . ပိုက်ဆံ"

တက္ကစီပေါ်ကဆင်းပြီး မှန်အနက်တွေ အပြည့်ဆင်ထား Popular ကဖေးဆိုင်ကို ရုတ်တရက် ရပ်ကြည့်မိလိုက်တယ်။ လက်ပတ်နာရီကိုကြည့်တော့ မနက် ၆ နာရီ ၄၅ မိနစ်။ တစ်ခုခုချိန်း လိုက်ပြီဆိုရင် ချိန်းထားတဲ့အချိန်ထက်၊ စောရောက်နေတတ်တာက လည်း ကျွန်တော့်ရဲ့အကျင့်။ ညက ဖုန်းထဲမှာ ထွန်းဝေနဲ့ချိန်းထား တာကတော့ မနက် (၇) နာရီ။ ဘာပဲဖြစ်ဖြစ် စောရောက်နေတော့ လည်း ကောင်းတာပဲလို့ ကျွန်တော်တွေးမိတယ်။ ဒီနေ့ကိစ္စက ကျွန်တော်က ထွန်းဝေကို ချိန်းတာပါ။ သူနဲ့ ကျွန်တော်နဲ့ကြားထဲမှာ တစ်ခုခုတော့ ဆွေးနွေးဖို့ လိုနေပြီလို့ ကျွန်တော့်စိတ်ထဲ မသိုးမသန့် ခံစားရတာကြောင့်ပါ။ ကျွန်တော်က ဆိုင်ထဲဝင်ပြီး ထောင့်စားပွဲတစ်ခု ကို ရွေးထိုင်လိုက်တယ်။

တောင်တောင်အီအီ စဉ်းစားနေတုန်း နားထဲကို အသံတစ် ခုဖြတ်ဝင်လာတယ်။

"ကျွန်တော်ထွန်းဝေပါ၊ ကိုမိုးဇေယျာဆိုတာလား"

"ဟုတ်ကဲ့ မိုးဇေယျာပါ၊ တွေ့ရတာ ဝမ်းသာပါတယ် . . . ကိုထွန်းဝေ"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်အပြီးမှာ ထွန်းဝေက ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ ထွန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပုံစံကိုကြည့်ရတာ ထောင်ထောင်မောင်းမောင်းနဲ့ ရုပ်ရည်ကလည်း ခပ်သန့်သန့်ပါပဲ။ တမင်တကာ လူကြီးလူကောင်းပုံစံဖြစ်အောင် ဟန်ဆောင်ထားတာမျိုးလည်း မဟုတ်ဘူး။

"ဒီလိုပါ ကိုထွန်းဝေ၊ ဒီပွဲကို ကျွန်တော်ကပဲ စချိန်းတာပါ"

ခဏတာ ဆိတ်ငြိမ်နေတဲ့ စကားဝိုင်းကို ကျွန်တော်ကပဲ စတင်လိုက်ပါတယ်။

"ပြောစရာရှိတာတွေကို ဒီနေရာမှာပဲ အပြီးပြောကြတာပေါ့ ကိုမိုးဇေယျာ"

"ဒီလိုဗျ ကိုထွန်းဝေရာ . . .၊ ကိုထွန်းဝေဟာ မီးငယ်နဲ့ လူကြီးချင်း သဘောတူထားကြတဲ့ သူတွေလို့ သိရပါတယ်၊ ကျွန်တော့်ကိုတော့ ကိုထွန်းဝေသိထားပြီးသား ဖြစ်မှာဖြစ်တဲ့အတိုင်း မီးငယ်ရဲ့ ရည်းစားပါ"

"ဟုတ်ကဲ့ သိပါတယ်"

"အဲဒီတော့ဗျာ . . . ကိုထွန်းဝေရဲ့အကြောင်းလေးတွေကို ကျွန်တော့်ကို ညီတစ်ယောက်လို သဘောထားပြီး ပြောပြလို့ရမလား၊ ဘာဖြစ်လို့ သိချင်တာလဲဆိုတဲ့ အကြောင်းအရင်းကိုလည်း ကျွန်တော် ပြောပြလို့ရပါတယ်၊ အဲဒီတော့ တကယ်လို့များ ကိုထွန်းဝေဟာ မီးငယ့်အတွက် တကယ်ပဲ သင့်တော်တဲ့သူဖြစ်နေမယ်ဆိုရင် ကျွန်တော် နောက်ဆုတ်ဖို့ ဝန်မလေးပါဘူး၊ အချစ်နဲ့ပတ်သက်လာရင် ကျွန်တော့်ရဲ့အတွေးအခေါ်က ရယူဖို့လည်း မဟုတ်ဘူး၊ ပေးဆပ်ဖို့လည်း မဟုတ်ဘူး၊ အချစ်ဟာ ဓမ္မဓိဋ္ဌာန်ကျဖို့လိုမယ်၊ ပြီးတော့ တချို့တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောသလိုမျိုး အချစ်ဟာ လုပ်ယူလို့မရနိုင်ဘူးဆိုတာ မဟုတ်ဘူး၊ အချစ်ဟာ ခိုင်လုံတဲ့ ကုန်ကြမ်းပစ္စည်းတွေသာ အလုံအလောက်ရှိရင် လုပ်ယူလို့ရပါတယ်၊ အိမ်ထောင်ရေးဆိုရင် ပိုဆိုးသွားပြီ၊ အိမ်ထောင်ရေးတစ်ခုဟာ ဘယ်လိုအကြောင်းပြချက်မျိုးအတွက်နဲ့မှ မိုက်ရူးရဲဆန်မှုတွေနဲ့ စတင်မတည်ဆောက်သင့်ဘူး"

"ရေးတေးတေးနဲ့တော့ နားလည်သလိုပဲ၊ ဒါပေမယ့် ဆိုလိုရင်းက . . ."

"ဟုတ်ပါပြီ၊ တဖြည်းဖြည်းနားလည်သွားမှာပါ၊ ကိုထွန်းဝေရဲ့အကြောင်းကိုသာ အရင်ဆုံးပြောပြပါ"

"ကျွန်တော်က အရှေ့ပိုင်းတက္ကသိုလ်ကနေ ရူပဗေဒနဲ့ ကျောင်းပြီးထားတာပါ၊ အဖေက ကုမ္ပဏီထောင်ထားတယ်၊ အမေက အိမ်ရှင်မပါ၊ ကျွန်တော်က အဖေ့ရဲ့ဆောက်လုပ်ရေးကုမ္ပဏီမှာ GM လုပ်နေပါတယ်၊ ဒီတစ်လအတွင်းမှာ US သွားဖို့ရှိတယ်၊ MBA တက်မလို့ပါ၊ (၂) နှစ်ကြာလိမ့်မယ်၊ ကျွန်တော်က မွေးချင်းမောင်နှမ မရှိဘူး၊ တစ်ဦးတည်းသော သားပါ၊ အရက်၊ ဆေးလိပ် မသောက်ဘူး၊ ပွဲလေးလမ်းလေးရှိရင် ဘီယာနည်းနည်းပါးပါးတော့ သောက်တယ်၊ နောက်တစ်ခုက ယုံမယ်မယုံဘူးမသိပေမယ့် အခုအချိန်ထိ အပျော်အပါး တစ်ခါမှမလိုက်စားဖူးဘူး၊ လူပျိုစစ်တယ်ပေါ့ဗျာ . . . ဟဲ . . . ဟဲ၊ ပိုပြီးထူးခြားတာက မိန်းကလေးသူငယ်ချင်းတောင် မထားဖူးဘူး၊ ပြီးတော့ . . ."

"ရပြီ . . . ရပြီ . . . ကြိုက်သွားပြီ၊ ဒီလောက်ဆို ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ ကိုထွန်းဝေကို မီးငယ်ရဲ့ခင်ပွန်းလောင်းအဖြစ် ရွေးချယ်လိုက်ပြီ၊ ကျွန်တော် ကျေကျေနပ်နပ်ကြီး နောက်ဆုတ်ပေးပါတယ်ဗျာ၊ ကျွန်တော့်မှာ မီးငယ်နဲ့ဆွေးနွေးဖို့ပဲ ကျန်ပါတော့တယ်"

"ကျွန်တော်တစ်ခုတော့ တောင်းဆိုပါရစေ ကိုမိုးဇေယျာ"

"ပြောပါ . . ."

"ကျွန်တော် ကျောင်းသွားတက်နေတဲ့ နှစ်နှစ်မှာ မီးငယ်ကို စောင့်ရှောက်ပေးပါ၊ ကျွန်တော် ကိုမိုးဇေယျာကို ယုံပါတယ်၊ မီးငယ်ဆီကနေ ကိုမိုးဇေယျာရဲ့အကြောင်းတစ်ချို့ကို ကျွန်တော်သိပြီးသားပါ"

"စိတ်ချသွားပါဗျာ၊ မီးငယ်ကို ကိုယ့်ညီမလေးအရင်းတစ်ယောက်လိုပြောင်းပြီး သဘောထားဖို့ ကျွန်တော်ဘယ်တုန်းကမှ မတွန့်ဆုတ်ခဲ့ပါဘူး"

မတိုင်ပင်ထားရဘဲ ကျွန်တော်တို့နှစ်ယောက်စလုံး မတ်တပ်ထရပ်ကြတယ်။ မတိုင်ပင်ထားရဘဲ ကျွန်တော်တို့နှစ်ယောက်လုံး လက်ဆွဲနှုတ်ဆက်ကြတယ်။ ကျွန်တော်တို့ကို ဆင်တူဝတ်စုံဝတ်ထားတဲ့ စားပွဲထိုးလေးတွေက မသိမသာ ခိုးကြည့်နေကြရဲ့။

တိမ်တွေရယ် . . .

ငါတို့ရဲ့ဆယ်စုသစ်ဆိုတာကလည်း . . .

ရက်ရက်စက်စက် အထီးကျန်ဆန်လွန်းလှချည်လား . . .

တိမ်တွေရယ် . . .

အဲမှာစတွေ့တာပဲ . . .

ကိုယ်ပိုင်ကားရှိတဲ့ လူတစ်ယောက်က . . .



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ချိန်မှာ ကားကက်ဆက်ဖွင့်ပြီး အသည်းကွဲခွင့်ရနေတဲ့အချိန် . . .

ဘတ်စ်ကားစီးနေရတဲ့ လူတစ်ယောက်က . . .

အိမ်ပြန်ချိန်မှာ ကားဆရာဖွင့်ထားတဲ့သီချင်းနဲ့ . . .

အသည်းကွဲရတာ တိုက်ဆိုင်မှုမရှိဘူး . . .။

တိမ်တွေရယ် . . .

ဘဝရဲ့အနာဂတ်ကိုသာ . . .

စာလုံးပေါင်းပြီး ဖတ်ခွင့်ရခဲ့ရင် . . .

ဗေဒင်ဆရာတွေအကုန်၊ ဘာလုပ်စားကြတော့မလဲ . . .

ဖြစ်နိုင်ရင် . . .

အစကတည်းက မျှော်လင့်ချက်မပေးပါနဲ့လား . . .

တိမ်တွေရယ် . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သမီး . . . မောင်မိုးဇေယျာနဲ့ အဆက်ဖြတ်လိုက်ပြီလား"

"မဖြတ်ရသေးပါဘူး . . . မေမေ"

"တစ်သက်လုံးမိဘစကား နားထောင်လာတဲ့ သမီးက ဒီ တစ်ခါဆန့်ကျင်နေပြီလား သမီးရယ်"

"ဒီကိစ္စက မေမေအထင်လွဲနေတာပါ"

"ဘယ်လိုသမီး မေမေနားရှုပ်သွားပြီ"

"ဘဝဆိုတာ ဒီလိုပါပဲ မေမေရယ်"

"ဗုဒ္ဓေါ . . . မဆီမဆိုင်တွေ"

"သမီးက မေမေ့စကား နားထောင်ပါတယ်၊ အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြတ်လိုက်ပါပြီ . . . ကိုမိုးဇေယျာနဲ့ ဒါပေမယ့် အဆက်အသွယ် ဖြတ်တယ်ဆိုတဲ့နေရာမှာ နှစ်မျိုးရှိတယ်၊ ရုပ်ပိုင်းဆိုင်ရာအရ အဆက်အသွယ်ဖြတ်တာရယ် စိတ်ချင်းအဆက်အသွယ်ဖြတ်တာရယ်၊ မေမေ လည်း သိတဲ့အတိုင်းပဲ စိတ်နဲ့ရုပ်မှာ စိတ်က ပိုအရေးကြီးတယ် မဟုတ် လား၊ ဒါကြောင့် သမီးက ကိုမိုးဇေယျာနဲ့ စိတ်အဆက်အသွယ်ဖြတ် လိုက်ပါပြီ၊ ရုပ်အဆက်အသွယ်တော့ မဖြတ်ဘဲ ထားထားသေးတယ်"

"ဖြတ်ပြီဆိုမှတော့ ရုပ်ကောစိတ်ကော အဆက်အသွယ် ဖြတ်ရမှာပဲ မဟုတ်လား"

"စိတ်အဆက်ဖြတ်ပြီးမှတော့ ရုပ်အဆက်ဖြတ်စရာ ထူးပြီး မလိုတော့ဘူး မဟုတ်လား . . . မေမေရယ်"

"ဩော် . . . ဩော် . . . အတွေးအခေါ် ကောင်းလိုက်ပါ ပေ့ . . . ငါ့သမီးလေးရယ်"

အဲဒီအကြောင်းတွေကို မီးငယ်က ကျွန်တော့်ကို ပြန်ပြောပြ တဲ့နေ့က ကျွန်တော်တို့နှစ်ယောက် အင်းလျားကန်ဘောင်မှာ ရောက် နေကြတဲ့ညနေပါ။ သူ့ဖာသာသူ ရှင်းပြလိုက်၊ သဘောကျပြီး ရယ် မောလိုက်လုပ်နေတဲ့ မီးငယ်ကို ကျွန်တော်ကတော့ တွေတွေကြီးပဲ စိုက်ကြည့်နေလိုက်တော့တယ်။

"တစ်ခုတော့ရှိတယ် ကိုမိုးဇေယျာရဲ့၊ ကျွန်မမေမေက စိတ် သာပူတတ်တာ၊ သိပ်တွေးပြီး စိတ်ညစ်နေတတ်တဲ့ လူစားမျိုးတော့ မဟုတ်ဘူး၊ ပြဿနာတစ်ခုခု ဖြစ်လာပြီဆိုရင်လည်း အမူးရှူးထိုး မရှိဘူး၊ သွေးအေးအေးနဲ့ပဲ ဆုံးဖြတ်တတ်တယ်၊ ဖေဖေကလည်း



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စရိုက်နဲ့ဆင်တယ်၊ သွေးအေးတယ်၊ ဆုံးဖြတ်ချက်ရဲရင့်တယ်၊ မေမေ့မှာ မေမေ့ထက် ထူးခြားတာတစ်ခုက ပိုပြီးသည်းခံတတ်တယ်၊ မေမေ့ကို သည်းခံရရင်း,သည်းခံရရင်းနဲ့ အလေ့အကျင့်ရသွားတာ လားတော့ မပြောတတ်ဘူး . . . ဟီး . . . ဟီး"

"အဲဒါတွေ ခဏထားပါ၊ ဟိုကိစ္စသိပြီးပြီလား"

"ဘယ်ကိစ္စတုန်း ကိုမိုးဇေယျာရဲ့"

မီးငယ်က ရုတ်တရက် ပြန်မေးမှပဲ ကျွန်တော်နဲ့ ထွန်းဝေနဲ့ တွေ့ခဲ့ကြတဲ့ကိစ္စကို ပြောပြရကောင်းနိုး၊ မကောင်းနိုး ဖြစ်သွားတယ်။ အတူ တူကြီး စဉ်းစားနေမိတယ်။

"ဘာတုန်းဆို"

မထူးပါဘူး၊ ပြောချလိုက်တော့မယ်လို့ စိတ်ကူးလိုက်မိတယ်။

"ဟိုပြီးခဲ့တဲ့တစ်ရက်က ကျွန်တော်နဲ့ ကိုထွန်းဝေနဲ့ ဆုံဖြစ်သေးတယ်"

အဲသလိုပြောပြောလိုက်ချင်းမှာ မီးငယ်က အမှန်တကယ် အံ့သြတာမျိုးမဟုတ်ဘဲ တမင်လုပ်ယူပြီး အံ့သြပြတဲ့ပုံစံမျိုးဖြစ်အောင် မျက်နှာကိုရှုံ့ပြီး မျက်လုံးကို ပြူးပြလိုက်တယ်။

"ဘာဖြစ်တာလဲ၊ ခါတ်လိုက်လို့လား"

"အဟဲ. . . စိတ်ဆိုးသွားတာလား ကိုမိုးဇေယျာရဲ့၊ ကိုထွန်းဝေနဲ့ တွေ့ကြတာများ အထူးအဆန်းလုပ်လို့၊ ကိုမိုးဇေယျာရဲ့ စိတ်ဓါတ်မျိုးနဲ့ဆို တစ်နေ့နေ့မှာ ကျိန်းသေပေါက်တွေ့ကြဖို့ ချိန်းလိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကျွန်မမှန်းပြီးသားပဲ"

"ကျွန်တော်တို့ ဘာတွေပြောလဲဆိုတာကော မသိချင်ဘူးလား"

"နိုးနိုး . . . ကိုမိုးဇေယျာ၊ အဲဒီတစ်ခုတော့ ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မ မသိပါရစေနဲ့၊ ကျွန်မသိလည်း မသိချင်ဘူး၊ ခုချိန်မှာ သိဖို့လည်း မလိုအပ်သေးဘူးလို့ ကျွန်မထင်တယ်၊ သိဖို့တကယ်လိုအပ်လာတဲ့ တစ်နေ့မှာ ကိုမိုးဇေယျာမပြောပြချင်ပေမယ့်လည်း ကျွန်မက အတင်းမေးချင် မေးဖြစ်လိမ့်မယ်၊ ကျွန်မက အတင်းမမေးပေမယ့်လည်း ကိုမိုးဇေယျာက မတော်တဆ ပြောပြချင်ပြောပြဖြစ်လိမ့်မယ်"

နားထောင်ဖို့ အရမ်းကို ခါးခါးသီးသီးဖြစ်နေတဲ့ မီးငယ်ကို အနည်းငယ် ထူးဆန်းသွားတဲ့ ပုံစံမျိုးနဲ့ ကျွန်တော်ကြည့်လိုက်ပါတယ်၊ ခါတိုင်းလိုမျိုး ကျွန်တော့်အကြည့်ကို တောက်လျှောက်ရင်မဆိုင်တော့ဘဲ ကန်ရေပြင်ပျပျဆီ မျက်နှာလွှဲလိုက်တဲ့ မီးငယ်ကို ကျွန်တော်ကြည့်ရင်း နည်းနည်းဆန်းပြားတဲ့ ကောင်မလေးပဲလို့ ကျွန်တော့်ဦးနှောက်မှာ မှတ်တမ်းဝင်သွားခဲ့တယ်။ ဒီအချိန်မှာ စကားလွှဲဖို့ဆိုတာ တော်တော်လေး မဆီမဆိုင်ကိစ္စတစ်ခုကို ပြောမှပဲ ဖြစ်ပေတော့မယ်၊ ဟုတ်ပြီ . . . ရှေ့တစ်ပတ်ထဲမှာ ခင်ဖြူသော်မွေးနေ့ပွဲရှိတယ်၊ အဲဒါကို ဟိုကောင်တွေ ဘိုသိန်းတို့ ကျော်ကျော်တို့ဆီက ကြားထားတယ်။ ဒါကိုပြောပြီး ကျွန်တော်စကားစရမယ်။

"သော်သော့်မွေးနေ့က ဘယ်နေ့လဲ မီးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာမယ့်ဆန်းဒေးလေ၊ အားလုံးဆုံဖို့ ချိန်းထားပြီးသား"

ကျွန်တော်စကားလွှဲလိုက်တော့မှပဲ မီးငယ်က ကြည်ကြည်နူးနူးလေး ပြန်ဖြစ်လာတယ်။ အင်းလျားကန်ရေပြင်ကို စိုက်ကြည့်နေတဲ့ ကျွန်တော်တို့ရဲ့ မျက်လုံးတွေကလည်း အင်းလျားကန်ရေပြင်ဆီမှာပဲ ဆက်လက်စိုက်ကြည့်နေမိတယ်။ ပြာလဲ့နေဆဲ ကောင်းကင်ပြာကြီးဟာ မှောင်ရီစပျိုးတာတောင် မာန်မကျချင်သေးသလိုပဲ။

ဩော် . . . မီးငယ်ရေ ငါတို့ရဲ့အင်းလျား . . . ဒါ . . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ဒီကနေ့က ခင်ဖြူသော်ရဲ့မွေးနေ့။ သူငယ်ချင်းတွေ အကုန်
ချိန်းထားကြတယ်။ အရင်းတွေ . . .။ ကျွန်တော်ရယ်၊ ကျော်ကျော်
ရယ်၊ ဘိုသိန်းရယ်က သပ်သပ်လာတယ်။ တက္ကစီနဲ့။ မီးငယ်က သူ့
ပရာဒိုကားကြီးနဲ့ သပ်သပ်လာတယ်။ မွေးနေ့ပွဲသွားရင် သူ့ကားနဲ့
ဝင်ခေါ်မယ်ဆိုပြီး မီးငယ်က ကျွန်တော်တို့ကို ပြောပါသေးတယ်။
ကျွန်တော်ဆိုတဲ့ ကောင်ကလည်း မာနကြီးတစ်ခွဲသား မဟုတ်လား။
မီးငယ်ရဲ့ကားကို ဘယ်တုန်းကမှ မစီး။ မီးငယ်ရဲ့ကားနဲ့လည်း ဘယ်
နေရာမှမသွား။ ကျွန်တော်နဲ့ပတ်သက်ပြီး မီးငယ်မနှစ်မြို့တဲ့အချက်
တွေထဲမှာ အဲဒီအချက်က ထိပ်ဆုံးကပါလောက်တယ်။ မလိုအပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ မာနကြီးနေတာဆိုပြီးတော့ မီးငယ်က ကျွန်တော့်ကို စွပ်စွဲဖူးသေးတယ်။

"သားတို့လာကြလေ၊ ဒီမှာ မီးငယ်တော့ ရောက်နေပြီ"

သော်သော့်ရဲ့ သဘောကောင်းတဲ့အမေဖြစ်သူက ကျွန်တော်တို့တသိုက်ကို လှိုက်လှဲစွာ ဆီးကြိုပါတယ်။

"Happy Birthday သော်သော်၊ ဟိုဘက်က စူတွတွလုပ်နေတဲ့ ခလေးမလေးက ဘယ်သူလေးတဲ့တုန်း"

ဘိုသိန်းက သူ့အသံပြကြီးကိုမှ မထောက်ထား၊ မွေးနေ့ရှင်သော်သော့်ကို လှမ်းနှုတ်ဆက်ပြီး မီးငယ်ကို လှမ်းစတယ်။ ဘိုသိန်းရယ်၊ ကျော်ကျော်ရယ်က မွေးနေ့လက်ဆောင်တွေကို သော်သော့်ဆီလှမ်းပေးလိုက်ကြတယ်။ မွေးနေ့လက်ဆောင်မပါတာဆိုလို့ ကျွန်တော်တစ်ယောက်တည်း ဖြစ်နေတယ်။ ကျွန်တော့်အကြောင်းကိုသိပြီးသား ဖြစ်နေလို့မို့ သော်သော်အပါအဝင် ဘယ်သူကမှ ဘာမှမပြောကြပါဘူး။

"သော်သော် . . . ကျွန်တော့်ဆီကရော လက်ဆောင်မတောင်းတော့ဘူးလား"

"ဘယ်တုန်းကများပေးရိုး ထုံးစံရှိလို့လဲ"

"ဟဲ . . . ဟဲ . . . "

မွေးနေ့လက်ဆောင်ပေးတာနဲ့ ပတ်သက်လာရင် ကျွန်တော့်ခံယူချက်က တစ်မျိုး။ အမှတ်တရဆိုတဲ့ အကြောင်းပြချက်အတွက်နဲ့ မွေးနေ့ပွဲလုပ်တာအထိကို ကျွန်တော်လက်ခံပါတယ်။ စေတနာရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကျေးတာကို မွေးနေ့လက်ဆောင်တော့ ပြန်ပေး စရာမလိုဘူးဆို တဲ့ အယူအဆမျိုး ကျွန်တော်က စွဲကိုင်ထားပါတယ်။ ဒါကိုလည်း အားလုံးသိကြတယ်။

"မင်းဟာက မဟုတ်သေးဘူးကွ"

တစ်ချိန်လုံးငြိမ်နေတဲ့ ကျော်ကျော်က မအောင့်အီးနိုင်တော့ ဘဲ စဖေါက်လာပါတယ်။

"ဘာကိုမဟုတ်တာတုန်း"

မကျေမချမ်းအသံနဲ့ ကျွန်တော်က ဆတ်ကနဲ ပြန်မေးလိုက် တယ်။

"ဘာကိုမဟုတ်လို့ မဟုတ်ရမှာတုန်း၊ မင်းဟာက အရှင်း ကြီးလေကွာ၊ မင်းက အစွန်းရောက်နေတာကွ"

အင်မတန်ပြင်းထန်သော စကားလုံးကြီးများနဲ့ ကျော်ကျော် က အဆက်မပြတ်ထုပါတော့တယ်။

"သူငယ်ချင်းအချင်းချင်းပဲ၊ ဖြေးဖြေးသက်သာ ပြောကြပါ လား"

သော်သော်က ဝင်ဖျန်ဖြေတယ်။ မီးငယ်ကလည်း ချက် ကောင်းဝင်လာပြီမို့ စကားဝိုင်းထဲဝင်ပါလာတော့တယ်။

"ပြောမနေနဲ့၊ ကိုမိုးဇေယျာကတော့ တကယ့်လူဝ္ဂစာကြီး"

"အေးလေ . . . ဒါဆိုလည်း နင့်လူကို နင်ထိန်းမှပေါ့"

"ရဦးမယ်အားကြီး၊ နောက်ဘုရားတစ်ဆူသာ ထပ်ပြီးပွင့် သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ငြင်းကြခုန်ကြ၊ ပြောကြဆိုကြနေတုန်းမှာ အာပြုကြီးဘိုသိန်းကတော့ အုန်းနို့ခေါက်ဆွဲကို ကျွန်တော်မမှားဘူးဆိုရင် တတိယမြောက်ပွဲ တွယ်နေတာ ဖြစ်ပါတယ်။

"ဖြည်းဖြည်းလည်းစား၊ စားပိုးလည်း နင့်နေဦးမယ်"

ကျွန်တော်က ဘိုသိန်းကို စကားဝိုင်းထဲတွဲခေါ်ကြည့်ပါတယ်။

"မင်းအရှုပ်ထုပ်သာ မင်းအရင်ရှင်းစမ်းပါ"

ပလုတ်ပလောင်းဖြစ်နေပေမယ့် ငါသတိတော့ ရှိသေးတယ်ဆိုတဲ့အထာနဲ့ ဘိုသိန်းက ကျွန်တော့်ကို ပြန်တွယ်ပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ ခုနက ငြင်းကြတဲ့ကိစ္စမှာ ကျွန်တော်က ကီးပလေရာလေ။

"ကဲ . . . ငါရှင်းပြမယ်၊ အားလုံးပဲနားထောင်ကြ"

တစ်ခုခုဖြတ်ပြောဖို့ ဟန်ပြင်နေတဲ့ ကျော်ကျော့်ရဲ့ပါးစပ်ကို သော်သော်က လက်နဲ့အတင်းအုပ်ပိတ်လိုက်လို့ မပြောသာဘဲ ဝရှုး ဝရှုး ဖြစ်သွားတယ်။ ကျွန်တော့်အနေနဲ့လည်း ဟန်မပျက်ဘဲ ဆက်ပြောခွင့်ရသွားတယ်။

"ငါပြောတာ မွေးနေ့လက်ဆောင်မှ မဟုတ်ဘူးနော်၊ လက်ဆောင်ဆိုတဲ့ စကားလုံးကို မင်းတို့ဘယ်လိုအဓိပ္ပါယ်ဖွင့်မလဲ၊ မင်းတို့ဘယ်လိုမှ အဓိပ္ပါယ်မဖွင့်ခင် ငါကတော့ ဒီလိုအဓိပ္ပါယ်ဖွင့်လိုက်ချင်တယ်၊ လက်ဆောင်ဆိုတာ ပေးကမ်းသူထံမှ လက်ခံသူထံသို့ ဖြတ်သန်းသွားခြင်းခံရသည့် အရာဝတ္ထုလို့လေ"

ကျွန်တော်က စကားမှ မပြီးသေးဘူး၊ သူငယ်ချင်းတသိုက်



www.burmeseclassic.com

www.burmeseclassic.com



ခမျာ ငါတို့ကောင်ကြီးတော့ ဂေါက်များဂေါက်သွားပြီလားဆိုတဲ့ အကြည့်မျိုးနဲ့ စိုက်ကြည့်နေကြတယ်။

"အဲဒီတော့ကွာ ပြောရရင် . . . အဲဒီလက်ဆောင်ဆိုတဲ့ အရာဝတ္ထုကြီးကို ငါတော့ ကြည့်လို့ကို မရဘူးကွ၊ စေတနာရှိရင် လူဆိုတာ ပေးလို့ကျွေးလို့ရပါတယ်၊ ဒါပေမယ့် ကိုယ်ပေးတဲ့ အရာ တစ်ခုဟာ လက်ဆောင်ဆိုတဲ့ ခေါင်းစဉ်အောက်ရောက်သွားခဲ့ရင် ကိန်းကြီးခန်းကြီးနိုင်သွားသလို၊ ဂုဏ်ကြီးဒြပ်ကြီးဖြစ်သွားသလို ထင် ရတယ်၊ စေတနာဆိုတာ တကယ်သာ စစ်မှန်ရင် လူသိများဖို့ မလို ပါဘူးကွာ၊ အဲဒါကြောင့် ရွှေတိဂုံဘုရားတက်လို့ လှူရင်တောင် ငါက ဖြတ်ပိုင်းရေးပေးတဲ့ နေရာတွေမှာ မလှူဘူး၊ နည်းနည်းများများ ပုံးထဲ ပဲ ထည့်လှူတယ်"

"ဟဲ့ . . . သော်သော်၊ နောက်နှစ် နင်မွေးနေ့ပွဲလုပ်ရင် ပုံးတစ်ပုံးလောက် ထားထားပေးပါလား၊ ဒါမှ ငါတို့ကောင်ကြီး လက် ဆောင်ပေးလို့ အဆင်ပြေအောင်"

ကျော်ကျော်က ဝင်ပြောတယ်။ ကျွန်တော်ကတော့ ကိုယ့် ကိုပြောတာမဟုတ်သလိုပဲ သဘောထားလိုက်ပြီး ဆက်ပြောတယ်။

"ပြီးတော့ ငါ့သဘောက သူများဆီက လက်ဆောင်လည်း မလိုချင်ဘူး၊ စေတနာရှိရင် တစ်သောင်းဖိုးလက်ဆောင်ပစ္စည်းဝယ် မပေးနဲ့၊ တစ်သိန်းဖိုး လိုက်ကျွေးလိုက်"

"ဩော် . . . ဩော် . . . တတ်လည်း တတ်နိုင်တဲ့ကောင်၊ ပြောတတ်ပုံများ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုသိန်းက ဝင်ငေါ့တယ်။

"မဖြစ်မနေ လက်ဆောင်ပေးချင်ပြီဟေ့ဆိုရင်လည်း ဘယ်သူပေးမှန်းလည်း မသိအောင်၊ ဘယ်သူ့မှလည်း မသိအောင်၊ ငါ့အိမ်ရှေ့မှာ လာထား၊ ပြီးရင် အခန်းတံခါးကို ခေါက်ပြီး ခပ်မြန်မြန်ပြန်ထွက်သွားလိုက်၊ ခဏကြာရင် ငါတံခါးဖွင့်ပြီး ယူလိုက်ရုံပဲ၊ နို့မို့ရင် သူများယူသွားမှာစိုးလို့"

"အေး . . . အဲဒါကြောင့် တတ်နိုင်လိုက်တဲ့ကောင်၊ ငါပြောသားပဲ"

"ဟဲဟဲ . . . စတာပါကွာ၊ ဒီကနေ့ သော်သော့်ရဲ့မွေးနေ့မှာ အားလုံးပျော်ပျော်ရွှင်ရွှင် ဖြစ်သွားစေချင်တဲ့ သဘောပါ"

"အားလုံးတော်ကြတော့၊ ကိုမိုးဇေယျာလည်း တော်ပါတော့၊ သော်သော့်ကို ဆုတောင်းပေးကြရအောင်"

အဆုံးသတ်မှာ ဒိုင်လူကြီးမလေး မီးငယ်က ပွဲကိုဝင်ထိန်းလိုက်ပါတယ်။ ကျွန်တော်တို့အားလုံး သော်သော့်အတွက် ကိုယ်စီဆုတောင်းပေးကြတယ်။

"Happy Birthday၊ လင်ကောင်းသားကောင်း ရပါစေ သော်သော် . . . ဟဲဟဲ"

"မဦးမချွတ် . . . ကျွန်မသူငယ်ချင်းကိုများ၊ ကိုကျော်ကျော်က . . ."

သော်သော့်ကို အဲသလို ဆုတောင်းပေးလို့ဆိုပြီး မီးငယ်က ဝင်ပြောတယ်။ ကျော်ကျော်ကလည်း မခံပါ။ ပြန်ပြောပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဆုတောင်းပေးရတာပေါ့ မီးငယ်ရ၊ မိန်းကလေးတွေအတွက် အဲဒါပဲ အရေးအကြီးဆုံးမဟုတ်လား"

"ဟော့ကောင် ရိုင်းလှချည်လား"

ဘိုသိန်းက ဝင်ဆူတယ်။ ဘုမသိဘမသိနဲ့။

"ဟ . . . ဘာတုန်း၊ မိန်းကလေးတွေအတွက် လင်ကောင်းသားကောင်းရဖို့ အရေးအကြီးဆုံးပဲဆိုတာ ဟုတ်မဟုတ် ကြိုက်တဲ့ပညာ ရှိမေးကြည့်၊ ဆိုကရေးတီးကနေစပြီး ဒီဘက်ခေတ် အိုဘားမားအထိ ကြိုက်တဲ့သူမေးကြည့်"

"ဝရှူး . . . မင်းကြီးတော်ယောက်ျားလား၊ အိုဘားမားကဘာဆိုင်လို့တုန်း၊ ဖလော်ဆိုဖာမှ မဟုတ်တာ"

"ငါက စကားအဖြစ်ပြောတာပါ"

"အသက်တစ်ရာ နေရပါစေသော်သော်"

ဘိုသိန်းက ဆုတောင်းပေးတယ်။ မီးငယ်ကတော့ ရောက်ကတည်းက ဆုတောင်းပေးပြီးသားလို့ ပြောတယ်။ ကျွန်တော်တစ်ယောက်တည်းပဲ ကျန်တော့တယ်။ ကဲ . . . မထူးပါဘူး။ ကျွန်တော်က အသံကို ခပ်ဆဆလေးကျယ်အောင်လုပ်လိုက်ပြီး ပြောတယ်။

"သော်သော် . . . ကျော်ကျော်နဲ့ ရပါစေ"

"ဘာ . . ."

"ဘယ်လို . . ."

ကျွန်တော်မျှော်လင့်ထားပြီးသားဖြစ်တဲ့အတိုင်း အံ့ဩမေ့ငိုတ်အသံများ ဆူညံပွက်လောရိုက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မိုးဇေယျာ၊ ငါ့ဘယ်တုန်းက သော်သော့်ကို ကြိုက်ဖူးလို့လဲ"

မျက်နှာကြီးနီပြီး ကျော်ကျော်က ရှက်ရမ်းရမ်းပါတော့တယ်။ ဒီကောင် ရှက်ရမ်းရမ်းကာမှ ပွဲက ပိုဆိုးလာတယ်။

"ဟင် . . . ကိုကျော်ကျော်က ဘယ်တုန်းက ကြိုက်ဖူးလို့ တုန်းဆိုတော့ သမီးကကော ကိုကျော်ကျော့်ကို တစ်ဖက်သတ်ချစ် နေလို့လား"

သော်သော်က ကျွန်တော်တို့နဲ့ စကားပြောရင် သူ့ကိုယ်သူ များသောအားဖြင့် သမီးလို့ နာမ်စားသုံးတယ်။ တစ်ခါတလေကျတော့ သော်သော်လို့သုံးတယ်။ သော်သော်လို့ သုံးတာကတော့ ရှားပါတယ်။

"မဟုတ်ဘူး . . . သော်သော်၊ ကျွန်တော်ဒီလိုမဆိုလိုပါဘူး၊ ကျွန်တော်လုံးဝတောင်းပန်ပါတယ်၊ တောင်း . . . ပန် . . . ပါ . . . တယ် . . . ဗျာ . . . "

ကျော်ကျော်က ရာဇာနေဝင်းအမူအရာ၊ ရာဇာနေဝင်းလေ ယူလေသိမ်းတို့နဲ့ ဟန်ပါပါ ပြောချလိုက်ရာ၊ အားလုံးက ရုတ်တရက် ကြီးမို့ ကြောင်သွားကြပါတယ်။ ကျွန်တော်က သော်သော်နားလည် အောင် အချိန်မီရှင်းပြရပါတော့တယ်။

"ဒီလိုပါ သော်သော်ရဲ့၊ ကျွန်တော်ဆုတောင်းပေးလိုက်တဲ့ သော်သော်၊ ကျော်ကျော်နဲ့ ရပါစေဆိုတာက ကာရန်ယူလိုက်တဲ့ သဘောပါ၊ သော်သော်ရယ် ကျော်ကျော်ရယ် ကာရန်တူနေတယ် မဟုတ်လား၊ ကာရန်အဓိကထားပြီး ရေးတဲ့ကဗျာတွေကို ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



သတိရမိပြီး လှမ်းဂုဏ်ပြုလိုက်တဲ့သဘောပါ။ မယုံရင် ကြည့်လေ၊ ကျွန်တော်နဲ့ မီးငယ်ဆို ဘယ်လိုမှ ကာရန်မကိုက်ဘူး၊ မိုးဇေယျာနဲ့ ဆုပြည့်ငယ်တဲ့၊ ကာရန်လည်း မညီဘူး၊ ရစ်သမ်လည်း မညီဘူး"

ကျွန်တော်တို့ သူငယ်ချင်း (၃) ယောက်ရယ်၊ မီးငယ်ရယ်၊ သော်သော်ရယ် ဆုံဖြစ်ကြပြီမျှားဆိုရင် အဲသလိုပါပဲ။ တစ်ယောက်ကိုတစ်ယောက် ပြောမနာဆိုမနာပါပဲ။ ရောက်တတ်ရာရာလည်း ပြောတတ်ကြတယ်။ ပေါက်ပန်းဈေးတွေလည်း လျှောက်ပြောတတ်ကြတယ်။

"ကိုမိုးဇေယျာ . . ."

မီးငယ်က ရုတ်ချည်းခေါ်တယ်။

"ဗျာ . . ."

"ခုပြောပုံဆို ကိုမိုးဇေယျာနဲ့ ကျွန်မနဲ့က ကာရန်လည်း မညီဘူး၊ ရစ်သမ်လည်း မညီဘူးဆိုရင် ဘာများညီသေးသတုန်း၊ မိန့်တော်မူပါဦးလား"

"မီးငယ်ကလည်းကွာ၊ တစ်ခုခုဆိုရင် ဖျတ်ကနဲ စိတ်ဆိုးဖို့ လောက် တွေးတွေးနေတာကိုး၊ ကျွန်တော်တို့နှစ်ယောက်က ဘာညီသတုန်းမေးရင် မေတ္တာတရားချင်းညီတယ်၊ ချစ်ခြင်းရိုမန်တစ်တွေ ညီတယ်၊ ကဲ . . . ကျေနပ်ပြီလား"

ကျေနပ်သွားပြီဖြစ်တဲ့အကြောင်း မီးငယ်က မပြုံးတပြုံးပြုံးတုံ့တုံ့နဲ့ နေပြတယ်။ မီးငယ်ရဲ့လွယ်လင့်တကူသုံးစွဲလေ့ရှိတဲ့ မျက်စောင်းလေးတွေကို ရယ်သွေးသွမ်းနေတဲ့ မျက်ဝန်းတစ်စုံအဖြစ်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ပြောင်းလဲပေးရခြင်းအလုပ်ဟာ များသောအားဖြင့် သိပ်လွယ်ကူတတ်တာ မဟုတ်မှန်းတော့ ကျွန်တော်သိနေခဲ့တာ ကြာပါပြီ။ နောက်ထပ် ထူးခြားတာတစ်ချက်က မီးငယ်ဟာ အရမ်းစိတ်တောက်လွယ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာပါပဲ။ ဒါပေမယ့် နည်းနည်းလေးလောက် မိန်းမပိုပီသအောင်ဆိုပြီး တစ်ခါတလေ အလွတ်ကြီး မျက်စောင်းထိုးပြခြင်း၊ စိတ်ကောက်ပြခြင်းတို့ကို လုပ်ပြတတ်တာမျိုးပါ။

သော်သော်မွေးနေ့ပွဲကပြန်တော့ မီးငယ်သူ့ကားနဲ့ သူ့ဘာသာ ပြန်သွားတယ်။ ကျွန်တော့်အကြောင်း သိပြီးသားဖြစ်နေလို့ လေကုန်ခံပြီး သူ့ကားနဲ့လိုက်ဖို့ ထပ်မခေါ်တော့တာနဲ့ တူပါတယ်။ ဘိုသိန်း၊ ကျော်ကျော်နဲ့ ကျွန်တော်တို့သုံးယောက်သားကတော့ လှည်းတန်းအထိ တက္ကစီငှားစီးကြတယ်။ လှည်းတန်းမှာ တစ်ထောက်နားရင်း လက်ဖက်ရည်ဆိုင်ဆက်ထိုင်ကြပါသေးတယ်။

မီးငယ်ရေ . . ဘဝမှာ လက်ဖက်ရည်ဆိုင်ထိုင်တာလောက် အရသာရှိတဲ့ကိစ္စမျိုး သိပ်အများကြီးမရှိနိုင်ပါဘူး။ ဘယ်လောက်အထိ အောင်လဲဆိုရင် လက်ဖက်ရည်ခွက်အကြီးအသေးဟာ၊ ဒါမှမဟုတ်လည်း သိပ်ညံ့ဖျင်းတာမျိုးသာ မဖြစ်စေနဲ့၊ လက်ဖက်ရည်အရသာ အတိမ်အနက်ဟာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရဲ့ ပရိသတ်အရေအတွက်ကို အဆုံးအဖြတ်မပေးနိုင်ပါဘူး။ တကယ်တမ်းက ငါတို့စိတ်အပန်းပြေဖို့ လက်ဖက်ရည်ဆိုင်ထိုင်ကြတယ်။ ငါတို့ပြောချင်ရာတွေ လျှောက်ပြောဖို့ လက်ဖက်ရည်ဆိုင်ထိုင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွားဖြတ်လာ ကောင်မလေးတွေကို မကြားတကြား လိုက်စနေတာမျိုးသာ မဟုတ်ခဲ့ရင်၊ ကွမ်းတပျစ်ပျစ်နဲ့ ထွေးချင်ရာ လျှောက်ထွေးနေတာမျိုးသာ မဟုတ်ခဲ့ရင်၊ လက်ဖက်ရည်ဆိုင်ထိုင် ခြင်းကိစ္စဟာ ကမ္ဘာပေါ်မှာ အရိုးသားဆုံး ဖြစ်တည်မှုတစ်ခုပါပဲ။ အကုသိုလ်အနည်းပါးဆုံး အဆင်ပြေမှုတစ်ခုပါပဲ။

"မင်း ဘာတွေစဉ်းစားနေတာလဲ"

ဘိုသိန်းက ကျွန်တော့်အတွေးမျှင်ကို ဖြတ်ချလိုက်တယ်။

"ဘာရယ်မဟုတ်ပါဘူး"

ကျွန်တော်က ပြီးပြီးရော ပြောချလိုက်တယ်။

ညနေခင်းကလည်း သိပ်အလှကြီးတော့ မဟုတ်တော့ပါ။

"ပြန်ကြရအောင်ကွာ"

ကျော်ကျော်က သူပျင်းလာပြီဆိုတဲ့ လေသံမျိုးလုပ်ပြီး ပြော တယ်။

ဒါနဲ့ပဲ ကျွန်တော်တို့သုံးယောက်သား လှည်းတန်းကနေ လမ်းခွဲခဲ့ကြတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟဲလို . . . ဆုပြည့်ငယ်ရှိပါသလား ခင်ဗျာ"

မီးငယ်တို့အိမ်ကို ကျွန်တော်ဖုန်းဆက်လိုက်မိတာပါ။ တစ်ဖက်က မီးငယ်ရဲ့အမေ ဒေါ်ခက်ဖြာဝေဖြစ်ဟန်တူသော မိန်းမကြီးတစ်ယောက်က လာကိုင်ပါတယ်။

"ဩော် . . . ရှိပါတယ်ကွယ်၊ ခုဆက်တာ ဘယ်သူများလဲ သို့မေးရင် အန်တီ့အနေနဲ့ ရိုင်းရာများကျသွားမလား မသိပါဘူးကွယ်"

"ကိစ္စမရှိပါဘူး အန်တီ၊ ကျွန်တော်က မိုးဇေယျာပါ၊ ဆုပြည့်ငယ်ရဲ့ရည်းစားပါ၊ အန်တီ့အနေနဲ့ ကျွန်တော့်နာမည်ကို ကြားဖူးပြီးသားတောင် ဖြစ်နေလိမ့်မယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . မောင်မိုးဇေယျာကိုး၊ သိပါတယ်ကွယ် . . . သိပါတယ်၊ ခဏကိုင်ထားနော်"

"သမီးရေ . . . သမီးရဲ့ရည်းစားလေး မောင်မိုးဇေယျာတဲ့ သမီးနဲ့ဖုန်းပြောချင်လို့တဲ့၊ သိပ်ကိုပွင့်လင်းလွန်းတဲ့ သူငယ်ပဲကွယ်"

ကျွန်တော်ခဏပဲ စောင့်လိုက်ရပါတယ်။ ပြီးတော့ မီးငယ် ဖုန်းလာကိုင်တယ်။

"ကိုမိုးဇေယျာလား . . . ကျွန်မပါ၊ ဟမ်းဖုန်းကိုမဆက်ဘဲ ဘယ်လိုဖြစ်လို့ အိမ်ဖုန်းဆီ ဆက်တာတုန်း"

"ဟမ်းဖုန်းကို ဆက်သေးသားပဲ၊ ဆက်သွယ်မှုဧရိယာပြင်ပ ကို ရောက်နေတယ်ဆို"

"ဟင် . . . မရောက်ပါဘူး၊ ဘယ်သူပြောတာလဲ"

"မီးငယ်ပဲ ပြောတာလေ၊ ဆက်သွယ်မှုဧရိယာပြင်ပ ရောက် နေတယ်ဆို၊ ခေတ္တစောင့်ဆိုင်းပြီးမှ ခေါ်ဆိုပါဆို"

"မပြောပါဘူး . . . ကိုမိုးဇေယျာနော်၊ သူ့ဘာသာ ဘယ်က ကောင်မလေးနဲ့ လျှောက်ပြောလို့ ပြောနေမှန်းမသိ"

"တော်ပြီကွာ . . . မီးငယ် . . . မနောက်တော့ကြေး"

"ကိုမိုးဇေယျာပဲ စလာနောက်ပြီးတော့၊ ထားပါ . . . ခုဖုန်း ဆက်တာ ဘာကိစ္စအထူးရှိလဲ"

"ကိုထွန်းဝေ မနက်ဖြန်ခါ US သွားမယ်ဆို"

"ဘယ်ကသိလဲ"

"ကျွန်တော်နဲ့ ကိုထွန်းဝေနဲ့ အဆက်အသွယ်ရှိတာ မီးငယ်



www.burmeseclassic.com

www.burmeseclassic.com



မေ့နေပြီလား . . . မီးငယ်ရဲ့”

“မမေ့ပါဘူး”

“အဲဒါ မနက်ဖြန်ညနေကျရင် ကျွန်တော်လည်း လေဆိပ်လိုက်ပို့မလားလို့ပါ၊ မီးငယ်ရော ပို့မှာမဟုတ်လား”

“မေမေကတော့ ပို့ခိုင်းထားတယ်၊ ပို့မယ်လေ၊ ဒါဆို ကျွန်မတို့ လေဆိပ်မှာပဲ ဆုံကြရအောင်လား . . . ကိုမိုးဇေယျာ”

“ကောင်းပြီလေ၊ ဒါဆို ဒါပဲနော် . . . မီးငယ်”

စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်းရှိ ၄ လွှာတိုက်ခန်းကျဉ်းလေးတစ်ခန်းအတွင်းမှ ပေါ်ထွက်လာတဲ့ ‘ဂွပ်’ ကနဲ ဖုန်းချလိုက်သံတစ်ခုနဲ့ အင်းလျားလမ်းပေါ်ရှိ ခြံကျယ်ကြီးတစ်ခြံအတွင်းမှ ပေါ်ထွက်လာတဲ့ ‘ဂွပ်’ ကနဲ ဖုန်းချလိုက်သံတစ်ခုတို့ဟာ မရှေးမနှောင်းပေါ်ထွက်လာပြီး ပုံမှန်လည်ပတ်နေတဲ့ ကမ္ဘာကြီးကို နည်းနည်းလောက်တော့ ထိတ်လန့်သွားစေတာမျိုး ဖြစ်တယ်။

ရည်းစားသဘာဝ တစ်ယောက်စိတ်ကူးကိုတစ်ယောက် ဖွင့်ဟတိုင်ပင်ထားကြတာမျိုးမဟုတ်ဘဲ၊ တစ်ယောက်ချင်း ကိုယ်စီစိတ်ကူးတွေနဲ့ ကိုယ်ထင်ရာ ကိုယ်လုပ်နေခဲ့ကြပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ အဲဒီအလေ့အထအတွက်နဲ့ကြောင့်ပဲ၊ နောက်အနာဂတ်မှာ ရရှိလာမယ့် အကျိုးဆက်တွေကိုလည်း နှစ်ယောက်စလုံးခပ်ပေါ့ပေါ့ပဲ တွေးဆထားကြပါရဲ့။ အို . . . အရပ်ကတို့ . . . ကျေးဇူးပြု၍ ကျွန်တော်တို့ကို မသနားကြပါနဲ့တော့ . . . ။

“မေမေထင်တာ မမှားဘူးဆိုရင် သမီးကောင်လေးက ဆိုး



www.burmeseclassic.com

www.burmeseclassic.com



လှဘူးသမီး"

"သမီးထင်တာ မမှားဘူးဆိုရင်လည်း အဲဒီအတိုင်းပါပဲ မေမေရယ်"

"အပြောတောင် မခံပါလား သမီးရယ်"

"မောင်ထွန်းဝေလို လူမျိုးသာ မပေါ်လာခဲ့ရင် သမီးကို မောင်မိုးဇေယျာနဲ့ မေမေသဘောတူချင်ပါတယ်၊ သမီးဖေဖေဆိုဟာ ကလည်း သမီးသိတဲ့အတိုင်း ခပ်အေးအေးပဲ နေတတ်တာလေ၊ ဒါပေမယ့် သေချာတာက သူလည်းပဲ သမီးကို မောင်ထွန်းဝေနဲ့ ပို သဘောတူတာပါပဲ၊ အဲဒီကိစ္စလေးအတွက်နဲ့တော့ သမီးအနေနဲ့ မိဘတွေကို အပြစ်မမြင်စေချင်ဘူး၊ ရိုးဟောင်းနေပြီဖြစ်တဲ့ စကား ရိုးကြီးအတိုင်းပြောရရင် သမီးကိုယ်တိုင်မိဘဖြစ်လာတဲ့ တစ်နေ့မှာ သမီးသေချာသိလာလိမ့်မယ်ဆိုတာပါပဲ"

"ဟုတ်ပါတယ် . . . မေမေပြောတာတွေက ငြင်းလို့မှမရ တာပဲလေ"

"အေးပါ သမီးရယ်၊ သမီးနားလည်မှုရှိပေးတာကို ဝမ်းသာ ပါတယ်"

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒီနေ့အဖြစ်အပျက်ကို ကျွန်တော် ဘာမှမတတ်နိုင်ဘူး။ အရေးထဲ ငှားစီးလာတဲ့ တက္ကစီကားပေါ်ကို နေကလည်း ဖြောက်ဖြောက်ထိုးနေသေးတယ်။ ကိုယ့်ရည်းစားနဲ့ လူကြီးချင်းသဘောတူထားတဲ့ ပုဂ္ဂိုလ်လေးတစ်ယောက်ကို လေဆိပ်လိုက်ပို့နေရတဲ့အဖြစ်ဟာ ဘယ်လိုမှ ကဗျာမဆန်လှပါဘူး။ အခုချိန်လောက်ဆို မီးငယ်ရော၊ ထွန်းဝေပါ လေဆိပ်မှာ ရောက်နှင့်နေလောက်ပြီ။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့ ကျွန်တော်စီးတဲ့တက္ကစီကားလေးဟာ လေဆိပ်အဝင်လမ်းမှာ ပြေးနေလေပြီ။ လေဆိပ်ကိုမရောက်တာကြာပြီဆိုတော့ အရာရာဟာ ကျွန်တော့်အတွက် အသစ်အဆန်း။



www.burmeseclassic.com

www.burmeseclassic.com



ရောက်လည်းရောက်ရော၊ တက္ကစီခပေးပြီး ကားပေါ်က ဆင်းလိုက်တယ်။ ဝင်ခွင့်လက်မှတ်လုပ်ပြီး လေဆိပ်အဆောက်အအုံထဲကို ဝင်လိုက်တယ်။

"ကိုမိုးဇေယျာ . . ."

သူတို့ကို မမြင်ဘူးဖြစ်နေတဲ့ ကျွန်တော့်ကို မီးငယ်က လှမ်းခေါ်တယ်။ ကျွန်တော်က သူတို့နှစ်ယောက်လုံးကို လက်ပြပြီး လှမ်းနှုတ်ဆက်လိုက်တယ်။ ကိုထွန်းဝေကလည်း ပြန်ပြုံးပြတယ်။

"ဆောရီးနော် ကိုထွန်းဝေ၊ ကျွန်တော်နည်းနည်းနောက်ကျသွားတယ်"

"မဟုတ်တာဗျာ၊ ကျွန်တော့်ကို ဒီလောက်ထိလိုက်ပို့ပေးတာပဲ ကျေးဇူးတင်နေပါပြီ"

"check-In လုပ်ပြီးပြီလား"

"ပြီးပြီ . . . အထဲကိုက အေးအေးဆေးဆေးမှ ဝင်လို့ရတယ်၊ ကော်ဖီသောက်ကြစို့လား"

ရန်ကုန်မင်္ဂလာဒုံလေဆိပ်ရှိ THE SKY ကော်ဖီဆိုင်မှာ ကော်ဖီသောက်ရင်း ကျွန်တော်တို့ စကားပြောဖြစ်ကြတယ်။

"အားလုံးကော်ဖီပဲလား"

ကျွန်တော်နဲ့ မီးငယ်နဲ့ကို ထွန်းဝေက မေးတယ်။

"ကော်ဖီပဲ"

မီးငယ်က တိုတိုပဲ ဖြေတယ်။

"ကျွန်တော်လည်း ကော်ဖီပဲ၊ ပုံမှန်ထက် နည်းနည်းလောက်



www.burmeseclassic.com

www.burmeseclassic.com



ပို့ခါးပေးပါ၊ ကျေးဇူးပါပဲ ကိုထွန်းဝေ”

ထွန်းဝေက ရုတ်တရက်ထသွားပြီး ကောင်တာကို ကော်ဖီသွားမှာတယ်။ ကျွန်တော်တို့သုံးယောက်လုံးရဲ့ စိတ်အလျဉ်ကတော့ ကော်ဖီဆီကို ဦးတည်နေတာမဟုတ်ဘဲ ကိုယ်ပြောမယ့် စကားလုံးတွေကို ကိုယ်ဘာသာစီနေကြတာမျိုး ဖြစ်ပါတယ်။ ဘာနဲ့တူသလဲဆိုရင် ဘောလုံးပွဲတစ်ပွဲမစခင်မှာ ကစားသမားအားလုံး ငြိမ်သက်ပြီး နိုင်ငံတော်သီချင်းကို သီဆိုနေကြပေမယ့် ကိုယ်ကစားရမယ့်ကစားကွက်ကို ကြံစည်စဉ်းစားနေကြတဲ့ ပုံစံမျိုးပါပဲ။

သိပ်မကြာခင်မှာပဲ ထွန်းဝေပြန်ရောက်လာတယ်။ ချက်ချင်းတော့ အားလုံးခဏငြိမ်သက်နေကြတယ်။

“နိုင်ငံတော်သီချင်းဆိုပြီးပြီလား ကိုထွန်းဝေ”

ကျွန်တော်က ယောင်ပြီး မေးလိုက်တာတော့ ထွန်းဝေရော မီးငယ်ပါ ကြောင်သွားကြတယ်။ ထိတ်လန့်သွားတယ်။ ပြီးတော့ မျက်မှောင်ကုတ်ပြီး ကြည့်တယ်။ ထွန်းဝေက မေးလိုက်ပါတယ်။

“ဘာကိုလဲဟင်”

“သြော် . . . ဆောရီး၊ ကျွန်တော်ယောင်သွားတာ”

ထွန်းဝေက တစ်ချက်ပြုံးလိုက်ရင်း . . .

“ကျွန်တော်အကူအညီတောင်းထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ထိုက်လျှောပေးတာကို ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး . . . ကိုမိုးဖေရယ်”

ထွန်းဝေက အဲသလိုပြောလိုက်တဲ့စကားကို မီးငယ်က မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးလေး ပေကလပ်ပေကလပ်နဲ့ နားထောင်နေတယ်။ သူမတော့ဖြင့် ဘာမှမသိသေးဘူး ဆိုတဲ့ပုံစံမျိုး။

"အဲဒီကိစ္စ မီးငယ်ကို ပြောမပြရသေးဘူးလား ကိုမိုးဇေယျာ" ထွန်းဝေက မေးတယ်။

"ကျွန်တော်ပြောပြဖို့ ကြိုးစားခဲ့ပါသေးတယ်၊ မီးငယ်က နားမထောင်ချင်ဘူးဆိုလို့ပါ၊ ဟုတ်တယ်နော် မီးငယ်"

ကျွန်တော်က မီးငယ်ကို လှမ်းပြောလိုက်တော့ မီးငယ်က ခေါင်းလေးကို ခပ်ပုပုဖြစ်သွားအောင် ညိတ်ပြတယ်။ အဲဒီအခါ ထွန်းဝေက ပြောတယ်။

"ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ မီးငယ်ပါသိရတော့မယ့်ကိစ္စပဲ၊ ပြီးတော့ မီးငယ်ရဲ့သဘောထားကလည်း လိုသေးတယ်လေ၊ ဟုတ်တယ်မလား"

"ဟုတ်ပါပြီ၊ ကျွန်မကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြကြပါတော့ . . ."

"ဒီလိုလေ . . . မီးငယ်ရဲ့၊ ကိုထွန်းဝေနဲ့ ဟိုတစ်ခေါက်ဆုံတုန်းက ပြောထားဖူးတယ်၊ သူပညာသင်သွားနေတဲ့ နှစ်နှစ်အတွင်းမှာ ကျွန်တော်က မီးငယ်ကို ကိုယ့်ညီမလေးတစ်ယောက်လို သဘောထားပြီး စောင့်ရှောက်ပေးဖို့ဆိုတာပဲ၊ အဲဒီကိစ္စမှာ ကာယကံရှင်ဖြစ်တဲ့ မီးငယ်ရဲ့လက်ရှိသဘောထားကို ကျွန်တော်တို့နှစ်ယောက်လုံးက သိချင်နေကြတာ"

ကျွန်တော်က အဲလိုပြောပြလိုက်ပေမယ့် မီးငယ်ရဲ့မျက်နှာ

www.burmeseclassic.com



တတော့ ထွေထွေထူးထူး ပြောင်းလဲသွားတာ မတွေ့ရဘူး။ မီးငယ်
တ . . .

"ဒါဆို ကျွန်မရဲ့သဘောထားကို ပြောရမှာပေါ့"

"အင်း . . ."

"ကိုမိုးဇေယျာတို့ ကိုထွန်းဝေတို့ သိကြတဲ့အတိုင်းပဲ၊ ကျွန်မမှာက မွေးချင်းမရှိဘူး၊ တစ်ဦးတည်းသော သမီး၊ ဒါကြောင့် နဂိုကတည်းကကို ကိုမိုးဇေယျာတို့နှစ်ယောက်လုံးကို ကျွန်မက အစ်ကိုအရင်းတွေလိုပဲ သဘောထားတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ လက်ရှိမှာ ကိုမိုးဇေယျာက ကျွန်မရဲ့ရည်းစား၊ အဲဒီတော့ ကိုမိုးဇေယျာနဲ့ပတ်သက်လာရင်တော့ အစ်ကိုလိုလည်း သဘောထားတယ်၊ ရည်းစားလိုလည်း သဘောထားတယ်၊ ဒါပေမယ့် ဖြူစင်ခြင်းတစ်ခုတည်းကို မူတည်ပြီး စဉ်းစားရင်တော့၊ အဲဒီနှစ်ခုဟာ သိပ်ကွာခြားလှတာတော့ မဟုတ်ပါဘူး"

အတူတူနားထောင်နေတဲ့ ကျွန်တော်နဲ့ ထွန်းဝေနဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြတယ်။ မိန်းကလေးတစ်ယောက်ရဲ့ ခုလောက်ထိ ပွင့်ပွင့်လင်းလင်းရှိမှုမျိုးကိုတော့ ကျွန်တော့်စိတ်ထဲကြိတ်ပြီး ချီးကျူးမိတယ်။ မီးငယ်ရဲ့ အဲဒီအပြောအဆိုကို နားထောင်ကြည့်ရင် ဖြစ်နိုင်ချေနှစ်မျိုးရှိတယ်။ တစ်မျိုးက ကျွန်တော်နဲ့ မီးငယ်နဲ့ကြားထဲမှာ ရည်းစားတွေဆိုပေမယ့် ခုချိန်ထိ ဖြူဖြူစင်စင်ပဲ ရှိနေကြသေးတယ်ဆိုတာကို ထွန်းဝေကို ကြွားချင်လို့ ဖြစ်ချင်ဖြစ်မယ်။ နောက်တစ်မျိုးကတော့ လက်ရှိအချိန်မှာ ကျွန်တော်ဟာ မီး



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရဲ့ရည်းစားဖြစ်တဲ့အတွက် ကျွန်တော့်ကို စင်ပေါ် ရောက်အောင် နေရာပေးလိုက်ခြင်းလည်း ဖြစ်ချင်ဖြစ်မယ်။

"ကျွန်တော်တို့နှစ်ယောက်စလုံးဟာ မီးငယ်ပြောသလိုပဲ အစ်ကိုတွေဆိုပါစို့။ အဲဒီအစ်ကိုနှစ်ယောက်မှာ ဘယ်အစ်ကိုကို ပိုချစ်လဲ"

ထွန်းဝေက မီးငယ်ကို တည့်တည့်ပဲ မေးတယ်။ အဲဒီမေးခွန်းဟာ နည်းနည်းတော့ ဖောင်း (foul) တယ်လို့ ကျွန်တော်ထင်တယ်။ မဖောင်းရင်တောင်မှ အနည်းငယ် လူလည်ကျတဲ့ပုံစံမျိုးပါ။

မီးငယ်ကလည်း ပြန်ဖြေတယ်။

"ကိုမိုးဇေယျာကို ပိုချစ်တယ်၊ နောက်တစ်ခုက ကျွန်မပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်၊ ပိုပြီး အားကိုးသင့်တဲ့ အစ်ကိုဆိုရင်တော့ ကိုထွန်းဝေပါပဲ၊ ဒါကြောင့် တစ်ချိန်ချိန်မှာ ကျွန်မ ကိုထွန်းဝေနဲ့များ အိမ်ထောင်ကျဖြစ်ခဲ့ရင် ကျွန်မက ပိုပြီးအားကိုးသင့်တဲ့သူကို ရွေးချယ်မိလို့ ဖြစ်လိမ့်မယ်၊ ကိုမိုးဇေယျာနဲ့ပဲ အိမ်ထောင်ကျဖြစ်ခဲ့ရင်တော့ ကျွန်မက ပိုပြီးချစ်တဲ့သူကို ရွေးချယ်မိလို့ ဖြစ်လိမ့်မယ်"

ကျွန်တော်က ဖြတ်မေးလိုက်တယ်။

"ခုချိန်ထိ မီးငယ်ရဲ့သဘောထားကို မပြောရသေးဘူးလေ"

"ကျွန်မရဲ့သဘောထားအရ လက်ရှိမှာ ကိုမိုးဇေယျာက ကျွန်မရဲ့ရည်းစား၊ ဒါကြောင့် ခုချိန်ထိ ကိုမိုးဇေယျာဟာ ကျွန်မရဲ့ ခင်ပွန်းလောင်း၊ တစ်ခုတော့ ရှိတယ်၊ ကိုထွန်းဝေက ကျွန်မနဲ့ လူကြီးချင်းသဘောတူထားတဲ့သူ၊ နောက်ဆုံးဘယ်သူနဲ့ တကယ်ယူဖြစ်မလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုတော့ ဘယ်သူမှတပ်အပ်မပြောနိုင်သေးပါဘူး”

ကျွန်တော်ရော ထွန်းဝေရော နှစ်ယောက်စလုံးသိချင်နေတဲ့ကိစ္စကို တိုက်ရိုက်မဖြေဘဲ မီးငယ်က ဆင်ဝှေ့ရန်ရှောင်လုပ်နေမှန်း နည်းနည်းတော့ သိသာနေပြီ ဖြစ်ပါတယ်။ မတတ်နိုင်ဘူးလေ၊ ဘောလုံးပွဲတစ်ပွဲမှာ ဒိုင်လူကြီးဆီက အချက်ပြဝီစီမမှုတ်သေးဘဲ ဘယ်သူကများ စကာန်လို့ရမှာလဲ။

စကားဝိုင်းဟာ အချိန်အတန်ကြာအောင် တိတ်ဆိတ်သွားခဲ့တယ်။ တိတ်ဆိတ်မှုကို ရုတ်တရက် ပြန်ဖေါက်ခွဲလိုက်သူကတော့ မီးငယ်ပါပဲ။

“ကိုထွန်းဝေနဲ့ ကိုမိုးဇေယျာတို့နှစ်ယောက်စလုံး မီးငယ်ကို အထင်လွဲနေတဲ့ ကိစ္စတစ်ခုရှိတယ်”

“ဘာများတုန်း”

“ခုကိစ္စမှာ ကျွန်မက အောက်ဖဲကောင်းလို့ ပုံအောပြီး လောင်းနေတာ မဟုတ်ဘူးနော်၊ ကျွန်မကိုယ်တိုင်လည်း အောက်ဖဲဘာမှန်းမသိပါဘူး၊ အနာဂတ်ဆိုတဲ့ကိစ္စဟာ ပြောရခက်တယ် မဟုတ်လား၊ နှစ်ယောက်စလုံး ဘယ်သူနဲ့မှမရဘဲ ကျွန်မက သီလရှင်လည်း ဖြစ်ချင်ဖြစ်သွားဦးမှာ၊ ပြောလို့ရတာ မဟုတ်ဘူးလေ . . . ခိ . . . ခိ . . . ခိ . . .”

“အဲဒါဆို ကတုံးကြီးနဲ့နေမှာပေါ့။ ဘယ်ကျောင်းမှာ ဝတ်မှာတုန်း . . . ဟား . . . ဟား”

မီးငယ် ပေါက်ကရတွေ လျှောက်ပြောတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပြန်နောက်လိုက်မိတယ်။ အဲဒီမှာ ထွန်းဝေက . . .

"ကဲဗျာ . . . မီးငယ်ရော ကိုမိုးဇေယျာရော ကျွန်တော့်ကို လိုက်ပို့ကြတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ လေယာဉ်ချိန် လည်း နီးနေပြီ၊ ကျွန်တော်သွားတော့မယ်ဗျာ"

ထွန်းဝေက သူသွားချင်ပြီဖြစ်တဲ့အကြောင်း မီးမောင်းထိုး ပြတယ်။

"ကိုထွန်းဝေက လိုက်ပို့လို့ ကျေးဇူးတင်တယ်ဆိုတော့ ဒီ အတိုင်းချည်းပဲလား၊ ဘာမှလည်း မကမ်းပါလား၊ ဥပမာ-ရေဘူးလေး၊ ယပ်တောင်လေး . . . ဟဲ . . . ဟဲ"

ကျွန်တော့်ပါးစပ်က ရုတ်ချည်းအပြောင်အပျက်ထွက်သွား ပေမယ့် နည်းနည်းလွန်သွားပြီမှန်း သိလိုက်ပါတယ်။ မီးငယ်ကလည်း မဆိုင်းမတွဝင်ပြောတယ်။

"နောက်တာ နည်းနည်းတော့ ကြည့်နောက်လေ ကိုမိုးဇေ ယျာရဲ့၊ ကိုထွန်းဝေက အခုလောလောဆယ် လေယာဉ်ပျံနဲ့ ခရီးသွား ရမယ့်သူ"

"ဆောရီးဗျာ ကိုထွန်းဝေ"

"ကိစ္စမရှိပါဘူး ကိုမိုးဇေယျာ၊ ကျွန်တော်က အစကတည်း က အယူမသီးတတ်ပါဘူး"

ထွန်းဝေက နားလည်ပေးလို့မို့ ကျွန်တော့်မှာ စိတ်ပြေရာ ရသွားတယ်။

"ကဲ . . . အိုကေ အားလုံးပဲ၊ See you next two years"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီထွန်းဝေရဲ့ဟန်ပါပါ နှုတ်ဆက်လိုက်ပုံကြီးက ကျွန်တော့်နားထဲကို ထော်လော်ကန့်လန့်ကြီး ဖြတ်သန်းဝင်ရောက်သွားတယ်။ ကျွန်တော်ရယ် မီးငယ်ရယ် နှစ်ယောက်က ထွန်းဝေကို နောက်ဆုံးလိုက်ပို့ခွင့်ရှိတဲ့ မှန်ခန်းအဝအထိ လိုက်ပို့ကြပါတယ်။ ပြီးတော့ ရုပ်ရှင်တွေထဲကလို လက်ပြနှုတ်ဆက်ကြတယ်။ ဒါပေမယ့် ဘယ်သူမှတော့ မျက်ရည်တွေ မဝိုင်းကြပါဘူး။ ပြီးတော့ ကျွန်တော်က မီးငယ်ကို ပြောလိုက်တယ်။

"ကပ္ပလီပင်လယ်ပြင်ကြီးဟာ လှိုင်းလုံးကြီးတွေနဲ့ပါလား မီးငယ်ရယ်"

"ဘာဆိုင်လို့တုန်း၊ ကိုမိုးဇေယျာက ပေါ်ရဲသားပဲ"

"မဟုတ်ဘူးလေ . . . ဘဝဆိုတာ phone charging သွင်းသလိုပဲ ညည်းဆိုတဲ့ သီချင်းလောက်တော့ လူကြိုက်များမှာ မဟုတ်ဘူး . . . မီးငယ်"

"တော်ပါတော့ ကိုမိုးဇေယျာရယ်"

"ဟဲ . . . ဟဲ . . . စတာပါ မီးငယ်ရဲ့၊ ကျွန်တော်တို့ ဘယ်နေ့လောက် ပြန်ထပ်တွေ့ကြမလဲ"

"ရှင်ပြန်ထမြောက်တဲ့နေ့ . . . ဟီး . . . ဟီး"

"တယ် . . . ဒီကောင်မလေး . . . ငါလုပ်လိုက်ရ"

လေဆိပ်အဝင်ပေါ်တီကို အောက်နားလောက်မှာ ပြေးလွှားတွန်းတိုက်ကျီစယ်နေကြတဲ့ ကျွန်တော်တို့နှစ်ယောက်ကို ရုပ်ရှင်များရိုက်နေကြသလားဆိုပြီး ဘေးလူတွေ ဝိုင်းအုံကြည့်ကြမှာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တစ်ခါမှမစိုးရိမ်ခဲ့ဖူးတာ အလွန်သေချာပါတယ်။ တစ်ယောက်ကိုတစ်ယောက် အချစ်မှာ သံသယမရှိကြပေမယ့်၊ နောင်ဖြစ်ပွားလာမယ့် ကံကြမ္မာတစ်စုံတစ်ရာအတွက်တော့ စိုးရိမ်စိတ်လေးကိုယ်စီရှိနေကြပါတယ်။ ဒါပေမယ့် အဲဒီစိုးရိမ်စိတ်ကိုပဲ တစ်ယောက်နဲ့တစ်ယောက် မရိပ်မိအောင် ဟန်ဆောင်ဖုံးကွယ်ပေးထားနိုင်ကြတာကတော့ ကြည်နူးစရာတစ်မျိုးပါပဲ။

သေချာတာက ကျွန်တော်တို့နှစ်ယောက် တစ်ရက်ရက်ထပ်တွေ့ဖို့တော့ ချိန်းကိုချိန်းကြရမှာပဲ။ ကျွန်တော့်အနေနဲ့ ပြောစရာတွေရှိနေသလို၊ သူ့အနေနဲ့လည်း တစ်စုံတစ်ရာမကတဲ့ ပြောစရာတွေရှိနေမှာပါပဲ။

နဂိုအတိုင်း သူ့ဘာသာပြာလဲ့နေတဲ့ ကောင်းကင်ကို ကားမှန်ကတစ်ဆင့် ငေးမောကြည့်ရှုရင်း၊ ကျွန်တော်တို့လေဆိပ်က ပြန်လာခဲ့ကြပါတယ်။ တကယ်တမ်း စဉ်းစားကြည့်ရင်လည်း ထွန်းဝေဟာ လူ ကောင်းသူကောင်းတစ်ယောက်ပါ။ သူအမေရိကားသွားနေတဲ့ နှစ်နှစ်အတွင်းမှာ မီးငယ်ကို စောင့်ရှောက်ထားပေးဖို့ ကျွန်တော့်ဆီ အကူအညီတောင်းတာတစ်ခုကတော့ ထွန်းဝေအနေနဲ့ လွန်တယ်ထင်ရပေမယ့် အခြားအချက်တွေ တော်တော်များများမှာ ဘာမှသိပ်ပြောစရာ မရှိသူတစ်ယောက်ပါ။

အို . . . ကောင်းကင်ဟာ ဆက်လက်ပြာလဲ့နေဆဲပါပဲလား . . . ဟောဒီလမ်းတလျှောက်လုံး။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဒီကနေ့ လှည်းတန်းမှာ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ဘိုသိန်းတို့ ကျော်ကျော်တို့နဲ့ ကျွန်တော်ချိန်းထားတယ်။ ၃ နာရီခွဲ။ နှစ်ကောင်စလုံးချိန်းထားတဲ့ အချိန်ထက် နာရီဝက်လောက် နောက်ကျနေပေမယ့် ကျွန်တော်တို့ သူငယ်ချင်းတွေကြားထဲမှာတော့ ဒီကိစ္စဟာ သိပ်မဆန်း။ ချိန်းရင် စောရောက်နေတတ်တာဆိုလို့ ကျွန်တော်ပဲရှိတယ်။ စိတ်ရှည်လက်ရှည်ပဲဖြစ်ဖြစ်၊ စိတ်မရှည်လက်မရှည်ပဲဖြစ်ဖြစ် ကျွန်တော်က ဆက်စောင့်နေလိုက်ပါတယ်။ ဟော . . . လာကြပါပြီ။ နှစ်ယောက်သား ပုခုံးချင်းဖက်လို့ ကျွန်တော့်ဆီဦးတည်ပြီး လာနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်ရှိပြီလဲ"

မေးလည်းမေး၊ လက်ပတ်နာရီကိုလည်း လက်ညှိုးနဲ့ထောက်ပြရင်း ကျွန်တော်က ဟန်ပါပါမေးလိုက်တယ်။

"သူငယ်ချင်းကလည်းကွာ"

ဘိုသိန်းက မျက်နှာချိုသွေးတယ်။ ကျော်ကျော်ကလည်း စပ်ဖြဲဖြဲရယ်။

"ဒါတွေ ထားပါကွာ၊ မင်းနဲ့မီးငယ်ရဲ့ နောက်ဆုံးအခြေအနေက ဘယ်လိုလဲ၊ အဲဒီကိစ္စကို ပြောချင်လွန်းလို့ မင်း ငါတို့ကို ဒီနေ့ လှမ်းချိန်းတာ မဟုတ်လား"

ကျော်ကျော်က သူတို့နောက်ကျထားတဲ့ ကိစ္စကို ဖာထေးချင်လို့ စကားလုံးစစ်မျက်နှာမှာ အပေါ်စီးကနေ ရုတ်တရက် နေရာယူလိုက်တယ်။

"ဖြည်းဖြည်းပေါ့လေ"

သောက်လက်စရေနွေးကြမ်းခွက်ကို အပြတ်ရှင်းလိုက်ရင်း ကျွန်တော်က ပြောတယ်။

"ပွင့်ပွင့်လင်းလင်းပြောရရင် အရမ်းကို အခြေအနေကောင်းနေပြီကွ"

"ဘယ်လိုကောင်းနေတာလဲ"

"ဟိုကောင် ထွန်းဝေကို မင်းတို့သိတယ် မဟုတ်လား"

"အေးလေ . . ."

"ဒီကောင် နိုင်ငံခြားသွားပြီကွ၊ ငါရယ် မီးငယ်ရယ် မနေ့



www.burmeseclassic.com

www.burmeseclassic.com



ဘပဲ လိုက်ပို့ပေးခဲ့သေးတယ်၊ ကဲ . . . ဘယ်လောက်တောင် အခြေ
အနေကောင်းလိုက်သလဲ"

"အောင်မြတ်လေး . . . သူငယ်ချင်းရ၊ မင်းရူးများသွားပြီ
လား"

"မဟုတ်ဘူးလေကွာ၊ ဒါဟာ ဘယ်လောက်တောင် ရိုမန်
တစ်ဖြစ်ထားသလဲ၊ မင်းတို့ ဘယ်သူမှ မလုပ်ဖူးကြဘူးမလား၊ တစ်ခါ
ဘလေ အချစ်ဆိုတာ အဲလောက်ထိ ရဲရင့်ဖို့လိုတယ်ကွ . . . ဟား
. . . ဟား"

ဘိုသိန်းနဲ့ ကျော်ကျော်နဲ့ တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်လိုက်ကြတယ်။ ပြီးတော့ ခေါင်းခါတယ်။ ပြီးတော့ ကျွန်တော့်
ကိုကြည့်တယ်။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက် ထပ်
ကြည့်တယ်။ ပြီးတော့ ခေါင်းခါတယ်။ ပြီးတော့ ကျွန်တော့်ကိုကြည့်
တယ်။ အဲသလိုမျိုးချည်း ထပ်ခါတလဲလဲ လုပ်ပြနေတော့တယ်။

"မင်းတို့ ဘာဖြစ်နေကြတာလဲ၊ အကြောလိုက်နေတာလား"

"ငါတို့ ဘာမှမဖြစ်ဘူး၊ သေချာတာက မင်းဂေါက်သွားပြီ၊
မင်းက အချစ်အတွက် ပေးဆပ်တဲ့ အဆင့်မကတော့ဘူး၊ စိတ်မနှံ့တဲ့
အဆင့်ရောက်သွားပြီ၊ သူငယ်ချင်းအရင်းတွေအနေနဲ့ပြောရရင် မင်း
ကိုစိတ်ပူတယ်ကွာ"

"ဒီကိစ္စမှာ ငါက ပေးဆပ်နေတာ မဟုတ်ဘူးကွ၊ ချစ်သူငယ်
ချင်းတို့ရ"

"လင်းစမ်းပါဦး . . ."



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကျွန်တော့်ကို ဝိုင်းငေါ့ကြတယ်။

"I am different. ငါက သူများနဲ့မတူဘူးကွ၊ အချစ်နဲ့ ပတ်သက်လာရင် ငါ့ခံယူချက်ကတစ်မျိုးကွ၊ လူတွေက ပြောကြတယ် အချစ်ဆိုတာကို တချို့က ရယူခြင်းတဲ့၊ တချို့က ပေးဆပ်ခြင်းတဲ့ ငါကတော့ အဲဒီအယူအဆ (၂) မျိုးစလုံး လက်မခံဘူး၊ ငါ့အမြင်အရ အချစ်ဆိုတာ စိတ်ကူးယဉ်ခြင်းပဲ၊ ဒါပေမယ့် ရိုးရိုးတန်းတန်း စိတ်ကူး ယဉ်ခြင်းမျိုးတော့ မဟုတ်ဘူး၊ ရဲရင့်သော စိတ်ကူးယဉ်ခြင်းတစ်မျိုးပဲ"

"တယ်လည်း ပြောင်မြောက်တဲ့ အတွေးအခေါ်တွေပါလား ကွာ"

"ရယူတယ်ဆိုတာ အတ္တဆန်တယ်၊ ပေးဆပ်တယ်ဆိုတာ ပရဆန်တယ်၊ အချစ်ဆိုတာ အတ္တလည်း မဟုတ်ရဘူး၊ ပရလည်း မဟုတ်ရဘူးလေ"

"ဆိုကရေးတီးက အဲလိုပဲ ပြောခဲ့သလား"

"အဆိပ်မသောက်ခင် ၅ စက္ကန့်လောက်အလိုမှာ ပြောသွား တာ၊ သူ့ကို အဆိပ်ခွက်လာပေးတဲ့ ရဲဘော်တစ်ယောက်ပဲ ဒါကိုသိ သွားတာ၊ အဲဒီရဲဘော်ရဲ့နာမည်က ဟင်နရီတဲ့"

"တော်ကွာ . . . တော်"

"မင်းပဲ လာစပြီးတော့"

ညနေဟာ သူ့ဟာနဲ့သူ လှပနေတုန်းပဲ ဖြစ်ပါလိမ့်မယ် လက်ဖက်ရည်ဆိုင်လေးဟာလည်း လူရှင်းသွားလိုက် လူပြန်ရှုပ် လိုက်နဲ့ ဖြစ်နေတယ်။ မပြီးသေးတဲ့ကိစ္စကို ကျွန်တော်က ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုတယ်။

"အချစ်ဟာ စိတ်ကူးယဉ်ခြင်းဖြစ်တဲ့အတွက်ကြောင့်၊ အိမ်ထောင်များပြုဖို့ စဉ်းစားပြီဆိုရင် ရှိသမျှအချစ်ကိုစွန့်လွှတ်ဖို့ လိုတယ်၊ စိတ်ကူးယဉ်တာကို စွန့်လွှတ်ရမယ်ပေါ့ကွာ"

"တစ်ခုတော့ ဖြတ်မေးလိုက်ပါဦးမယ်၊ မင်းအခုပြောတဲ့ အချစ်က ၁၅၀၀ လား၊ ၅၂၈ လား"

"ငါ့အယူအဆအရ အချစ်ဆိုတာ တစ်ခုတည်း ရှိတယ်ကွ၊ ၁၅၀၀ တွေ ၅၂၈ တွေ မခွဲထားဘူး"

"ဟေ . . ."

"ဥပမာကွာ . . . မင်းမှာ ရည်းစားတစ်ယောက်ရှိမယ်၊ ပြီးတော့ ညီမလေးတစ်ယောက်လည်း ရှိမယ်၊ ဆိုပါတော့ . . . မင်းရည်းစားကို ချစ်တဲ့အချစ်နဲ့ မင်းညီမကို ချစ်တဲ့အချစ်က အတူတူပဲကွ၊ ဘယ်မှာကွာသွားလဲ သိလား၊ သဘောထားကွာ သွားတာ၊ အချစ်ကတော့ တစ်ခုတည်းပဲ၊ သဘောထားကျတော့ မတူဘူး၊ မင်းရည်းစားကိုကျတော့ ရည်းစားလို့သဘောထားပြီး ညီမကိုကျတော့ ညီမလို့ သဘောထားတယ်"

"ဟော့ကောင် ရှင်းနေတာကို၊ မင်းက တမင်ရှုပ်အောင်လုပ်နေတာပဲ"

"ခု ငါနဲ့မီးငယ်နဲ့ ကိစ္စပဲကြည့်လေ၊ ဘယ်လောက်များ စိတ်ကူးယဉ်ဆန်လိုက်လဲ"

"အကောင်းမှတ်နေတာ သူက . . . သူက . . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ်ပဲ မီးငယ်ကို မလိုချင်ဘူးလား"

ကျော်ကျော်က ကျွန်တော့်ကို လေးလေးနက်နက်မေးတယ်။

"သေသေချာချာ ပြန်တွေးကြည့်တော့ လိုချင်ပါတယ်"

"အဲဒါဆို ရအောင်ယူပေါ့ကွ"

ဘိုသိန်းက မြှောက်ပေးတယ်။

"ရိုမန်တစ်ဖြစ်ခြင်းရဲ့ အထွတ်အထိပ်အချိန်ဟာ ဘယ် အချိန်လဲသိလား"

"ပထမဆုံး ပန်းခြံထဲချိန်းတွေ့ကြတဲ့ အချိန်ပေါ့ကွ"

"ခေါင်းပါးလိုက်တဲ့ အတွေးပဲ"

ဒီကောင့်အဖြေကို ကျွန်တော်က တွယ်ထည့်လိုက်တယ်။

"မသေမချင်းမှတ်ထား၊ ရည်းစားတွေ ပြတ်စဲကြတဲ့အချိန်ပဲ တစ်ခါတည်း ဆက်ပြောလိုက်မယ်၊ ရိုမန်တစ်အရသာပျောက်ဆုံး သွားတဲ့ အချိန်ဟာလည်း မင်္ဂလာဆောင်တဲ့နေ့ပဲ၊ အဲဒီတော့ကွာ . . . ငါ့စိတ်မှာ ခုချိန်ထိ ဒွိဟဖြစ်နေတာ တစ်ခုရှိတယ်ကွ၊ မီးငယ် ကို လိုချင်တာထက်စာရင် မီးငယ်နဲ့ပတ်သက်ပြီး ရိုမန်တစ်ဖြစ်ချင် နေတာက ငါ့စိတ်ထဲမှာ အလေးသာနေသလိုလိုပဲ"

"သာနေသလိုလိုပဲ မဟုတ်ဘူး၊ အလေးသာကို သာနေတာ"

ကျော်ကျော်က မီးလောင်ရာ လေပင့်တဲ့သဘောမျိုး ဝင် ပြောတယ်။

"ဟုတ်ပြီ . . . အဲဒီမှာ စတွေ့တာပဲ"

ကျွန်တော်လည်း ပျော်လာပြီး ဆက်ပြောပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာစတွေ့တာလဲ"

"တရားပွဲမှာလေ . . .၊ ဘုန်းကြီးကလည်း ရယ်စရာတွေ ဘော၊ ပရိသတ်ကြီးကလည်း တသောသော . . . (ဟာ!) မင်းလုပ် ဘာနဲ့ ယောင်ကုန်ပြီ၊ အခုကစပြီး ကွေ့ပတ်မနေတော့ဘဲ ငါအမှန် အတိုင်းတစ်ခုလေးတော့ ပြောပါရစေလား . . . သူငယ်ချင်းတို့ရာ"

"အောင်မယ် . . . မင်းက ရုတ်တရက်ကြီး ယဥ်ကျေးလို့ ပါလား"

"ငါလေ . . . မီးငယ် . . . ကို . . . ထွန်းဝေ . . . နဲ့ . . . ရ . . . စေ . . . ချင် . . . တယ်"

"ဖြစ်ရလေ သူငယ်ချင်းရယ်၊ ဘယ်တုန်းက စကားထစ်သွား ဘာလဲ"

ကျွန်တော်က ဟန်ထည့်ပြီး တစ်လုံးချင်း ပြောလိုက်လို့ သိန်းက ဝင်တွယ်တယ်။

"ထွန်းဝေက ချမ်းသာတယ်ကွ"

"အဲဒီတော့ ဘာလုပ်ရမှာလဲ၊ မင်းက ဘာလုပ်ချင်လဲ"

"ချမ်းသာတဲ့လူဟာ ပိုက်ဆံရှိတယ်လေကွာ"

"မနဲ့လေး!"

"မင်းယောင်တာကြီးကလည်းကွာ၊ မနဲ့လေးလို့ပဲ"

"ငယ်ငယ်က နတ်ပွဲကြည့်တာများသွားလို့ပါကွာ"

"တကယ်ဆို ပိုက်ဆံများများရှိလို့လည်း ချမ်းသာတာ ဟုတ်လား"

www.burmeseclassic.com



"ငါဆဲမိတော့မယ် မိုးဇေယျာရယ်၊ မင်းကို"

တောင်ရေးပြင်လိုက်၊ မြောက်ရေးပြင်လိုက်နဲ့ ပြောနေတဲ့ ကျွန်တော့်စကားတွေကို နားထောင်ရတာ၊ သူငယ်ချင်းနှစ်ယောက် မှာ စိတ်မရှည်နိုင်တော့ပါ။ အမှန်တော့ သူတို့ကို အဆိုးလည်း သိပ် မဆိုသာပါ။ ကျွန်တော်ကလည်း ကျွန်တော်ပဲ မဟုတ်လား။

"အတိုဆုံးပြောရရင်၊ မီးငယ်အနေနဲ့ အချစ်ကို လျှော့တွေး ပြီး၊ ဘဝကို ပိုတွေးနေရမှာ . . .၊ အဲဒါဆို ထွန်းဝေလို ကောင်မျိုးကို သူ့အနေနဲ့ ယူချင်စိတ်ပေါက်လာလိမ့်မယ်၊ ငါက တစ်ခါတလေ အဲလိုပဲ ဖြစ်စေချင်တာပါ၊ တစ်ခါတလေကျတော့လည်း မီးငယ်နဲ့ ရည်းစားဘဝမပြတ်စေချင်ဘူး"

"မင်းစိတ်ကူးက အတော်ပိန်းတာပဲ၊ ထွန်းဝေချမ်းသာလို့ ဆိုပြီး မီးငယ်က လက်ထပ်ရအောင် အခုမီးငယ်က ဆင်းရဲနေလို့ လား၊ မီးငယ်ဘယ်လောက်ထိ ချမ်းသာလဲဆိုတာ မင်းအသိဆုံးပဲ မဟုတ်လား မိုးဇေယျာ"

"ရွှေရွှေချင်းထပ်မှ မြတ်တာဆို၊ မင်းတို့မကြားဖူးကြဘူးလား"

ကျွန်တော်က အဆိုတစ်ခုတင်သွင်းလိုက်တယ်။

"ဟုတ်ပြီလေ၊ မင်းကကော ဘယ်လောက်ထိဆင်းရဲနေလို့ လဲ"

ကျော်ကျော်က မခံချိမခံသာနဲ့ ကျွန်တော့်ကို ဆူပြီးတော့ တယ်။

"ပြောမယ့်သာ ပြောနေကြတာ၊ ပိုက်ဆံရဲ့အရေးပါမှုဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာကြီးမှာ ခုချိန်ထိ ပိုလ်စွဲထားနိုင်တုန်းပဲ မဟုတ်လား၊ ပြိုင်ဘက်ရှိ ချန်ပီယံလေကွာ"

ဘိုသိန်းက ဆွေးဆွေးနင့်နင့်ကြီး ဝင်ပြောလိုက်တယ်။

"မင်းကလည်း အရေးထဲ အရှုးကို မြှောက်ပေးနေပြန်ပြီ"

ကျော်ကျော်က ဘိုသိန်းကို အပြစ်တင်သလိုနဲ့ ကျွန်တော့်ကို ဆော်ထည့်လိုက်တယ်။

"ဩော် . . . နောက်ဆုံးတော့ ဘဝဆိုတာ၊ ဘယ်လောက်ပဲ တက္ကစီမှာ မီတာတွေတပ်သလို တပ်ဆင်ထားပေးပေမယ့် ခုချိန်ထိ ညှိနှိုင်းဈေးနဲ့ပဲ စီးနေကြရသေးတဲ့ ရန်ကုန်တက္ကစီတွေလိုပါပဲကွာ"

"ဘာဆိုင်လို့တုန်း"

"မသိဘူးလေ၊ ငါက ဆိုင်များဆိုင်မလားလို့ပါ"

"ဒီလိုပါပဲ သူငယ်ချင်းရာ၊ ငါတို့တွေ ဘယ်လောက်ပဲ ငြင်းခုံပြောနေကြပေမယ့် နောက်ဆုံးတော့ မင်းအဆင်ပြေဖို့နဲ့ မင်းစိတ်ချမ်းသာဖို့ပါပဲကွာ"

ဘိုသိန်းက နောက်တဖန်ဆွေးဆွေးနင့်နင့်ကြီးနဲ့ ပြောပြန်တယ်။ ဒီတစ်ခါတော့ ကျော်ကျော်က ဘိုသိန်းကို အပြစ်မတင်တော့ပါ။ ဘာလိုလိုနဲ့ ကျွန်တော်တို့စကားဝိုင်းလေးဟာ အချိန်အတော်ကြာမြင့်သွားခဲ့တယ်။ ရန်ကုန်ရဲ့ညနေပျပျဟာ ခါတိုင်းလိုလှပနေဆဲပါပဲ။ ဘိုသိန်းတို့ရဲ့ စကားဝိုင်းခေါင်းစဉ်ဟာ မီးငယ်ဆီကနေ ခွဲထွက်သွားတယ်။ လှည်းတန်းရဲ့ သက်ရှိရှုခင်းတွေဟာ အရမ်းဆွဲဆောင်မှုရှိကြောင်း အသက်ရှည်ဆေးလေးများဖြစ်ကြောင်း ပြောကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



(ဒီလိုပါပဲ . . .

ဒီလိုပါပဲ . . . မီးငယ်ရယ် . . .

ဘဝဆိုတာ ဒီလိုပါပဲ . . . လို့ ပြောပြောနေရတာလည်း

ဒီလိုပါပဲကွယ်။)

တောင်စဉ်ရေမရ စာသားတွေကို အသံမထွက်ဘဲ ကျွန်တော်ဟာ စိတ်နဲ့တဖွဖွ ရွတ်ဆိုနေမိတယ်။ အမှန်တရားအတွက် အရာရာစွန့်လွှတ်ရဲတဲ့ သူ့ရဲကောင်းလည်း ငါမဟုတ်ခဲ့ပါဘူး မီးငယ်။ ဥပ[illegible]ရရင် လက်ရှိငါတို့ရည်းစားအဖြစ်နဲ့ ချစ်နေကြတာဟာ အ[illegible]ားတစ်ခု။ အပျိုကြီးလုပ်မှာမဟုတ်ဘဲ တစ်ချိန်ချိန်မှာ တစ်[illegible] ယောက်နဲ့ယူဖို့ စဉ်းစားထားရင်တော့ မင်းဟာ ထွန်းဝေနဲ့[illegible]က်ထပ်သင့်တယ် ဆိုတာဟာလည်း အမှန်တရားတစ်ခု။

မီးငယ်ရေ . . . မင်းနားလည်ပါလေ . . . မီးငယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အချိန်တွေဟာ တရွေ့ရွေ့နဲ့ ကုန်လွန်လာခဲ့တယ်။ ဒီလိုနဲ့ သွန်းဝေ US သွားတာပဲ (၈) လဝန်းကျင်လောက်ရှိပြီ။ မီးငယ်က သူ့အဖေကို မေးတယ်။ အဲဒီနေ့က . . . တဲ့။ အဲဒီအကြောင်းတွေ . . . ဟာ . . .။

“ဖေဖေ . . . မေမေဘယ်သွားလဲ”

“ဒဂုန်စင်တာမှာ ကလစ်သွားဝယ်တယ်”

“ကလစ်ဝယ်တာများ ဒဂုန်စင်တာအထိသွားဖို့ လိုလို့လား၊ သမ်းထိပ်က စတိုးဆိုင်မှာလည်း ဝယ်လို့ရသားနဲ့”

“သမီးမေမေအကြောင်းလည်း သမီးသိသားနဲ့၊ ကလစ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒဂုန်စင်တာက ကလစ်၊ အကျႌချိတ်ဆိုရင် Super One က အကျႌချိတ်၊ ထမင်းပေါင်းဆိုရင် ၃၃ လမ်းက လမ်းဘေးထမင်းပေါင်း၊ ဝက်သားတုတ်ထိုးဆိုရင် လှည်းတန်းဈေးနားက ဝက်သားတုတ်ထိုး၊ အိုးတိုက်ဖွဲပြာဆိုရင် စော်ဘွားကြီးကုန်းက အိုးတိုက်ဖွဲပြာ . . .”

“တော်ပါတော့ ဖေဖေရယ်၊ သမီးသဘောပေါက်နားလည်သွားပါပြီ”

“မေမေ့ကို မေးတယ်ဆိုတော့ သမီးက ဘာပြောစရာများရှိလို့လဲ”

“ဒီလိုလေ ဖေဖေရဲ့၊ ဘဝမှာ လုပ်ချင်တာကိုလုပ်ရမှာလား၊ လုပ်သင့်တာကို လုပ်ရမှာလား”

“လုပ်သင့်တာကို လုပ်ရမှာပေါ့၊ သမီးလည်း ပညာတတ်ပဲဟာ”

ရုတ်တရက် မေမေ့အသံက ကြားဖြတ်ဝင်ရောက်လာခဲ့ပါတယ်။

“သားအဖတွေ ဘာတွေများ ကြီးကြီးကျယ်ကျယ်တွေ ပြောနေကြတာလဲ”

“မေမေပြန်လာပြီ၊ အတော်ပဲ ဖေဖေ”

“ဘာများပြောစရာရှိလို့တုန်း၊ မေမေ့ရဲ့ချစ်သမီးလေးက . . .”

“ခုနကပဲ သမီးကမေးလို့ ဖေဖေက ဖြေတယ်၊ ဘဝမှာ လုပ်ချင်တာထက် လုပ်သင့်တာကို လုပ်ရမယ်ဆို”

“အေးလေ . . . ဟုတ်သားပဲ သမီးရဲ့၊ အဲဒါ ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"အခုဖေဖေရော မေမေရော ရှိတုန်းမှာ သမီးတစ်ခုလောက် တောင်းဆိုချင်တယ်"

"ပြောလေ သမီး"

"သမီးကိစ္စတစ်ခုစဉ်းစားထားတာ ရှိတယ်၊ သမီးရဲ့အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး လုပ်သင့်တာရော လုပ်ချင်တာရော နှစ်ခုစလုံးကို တပြိုင်နက်လုပ်လို့ရမယ့် နည်းလမ်းတစ်ခု သမီးတွေ့ထားလို့ပါ"

"အလိုလေး . . . ငါ့သမီးရယ် မလုပ်နဲ့ မလုပ်ပြပါနဲ့၊ သမီးပြောသလိုဆို သမီးက မောင်ထွန်းဝေရော မောင်မိုးဇေယျာရော နှစ်ယောက်စလုံးကို ယူမလို့လား၊ မလုပ်ပါနဲ့ သမီးရယ်၊ မေမေရင်ကျိုးရချည်ရဲ့"

"မေမေကလည်း ပေါက်ကရတွေ ထင်နေပြန်ပါပြီ၊ သမီးစကားကို ဆုံးအောင်နားထောင်ပေးပါဦး၊ လောလောဆယ် ကိုထွန်းဝေ US မှာရှိနေတုန်း၊ သမီး ကိုမိုးဇေယျာနဲ့ ခိုးပြေးလိုက်မယ်၊ ခိုးပြေးပေမယ့် သမီးတို့ ဘာမှမဖြစ်ကြဘူး၊ ခိုးပြေးပြီး တစ်လတိတိ သမီးတို့ လင်မယားလို မနေဘူး၊ ဖြူဖြူစင်စင်ပဲ နေကြမယ်၊ ဖေဖေတို့ မေမေတို့ဘက်က သဘောမတူတာကို သဘောမတူတာပဲ ထားထားပါ၊ တစ်လပြည့်ရင် သမီးတို့ကိုလာခွဲရမယ်၊ တစ်လအတွင်း ရှာဖွေတွေ့တဲ့ပုံစံမျိုး ဟန်ဆောင်ပေးပေါ့၊ မေမေတို့လာခေါ်တဲ့အခါ သမီးက ပြန်လိုက်ခဲ့မယ်၊ အဲဒီကိစ္စပြီးတော့မှ မေမေတို့က ကိုထွန်းဝေဆီကို ဖုန်းဆက်အကြောင်းကြားပေး၊ သမီးနဲ့ပတ်သက်တဲ့ အကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ အကုန်ပြောပြလိုက်၊ အဲဒီအခါ ကိုထွန်းဝေက ပြန်ရောက်လာပြီး လက်ခံသေးတယ်၊ သမီးကို ဘာပဲဖြစ်ဖြစ် ချစ်သေးတယ်ဆိုရင် သမီး ကိုထွန်းဝေကိုယူမယ်၊ အဲလိုမှမဟုတ်ဘူး . . . ကိုထွန်းဝေက လက် မခံနိုင်တော့ဘူးဆိုရင်၊ သမီးက ကိုမိုးဇေယျာကို ပြန်ယူလိုက်ရုံပဲ"

"လွယ်လွယ်ပြောတတ်လှချည်လား သမီးရယ်"

"မဟုတ်ဘူး မေမေ၊ သမီးပြောတာကို သေချာဆုံးအောင်နား ထောင်ပေးပါဦး၊ သမီး ကိုမိုးဇေယျာနဲ့ ခိုးရာလိုက်ပြေးတဲ့ အချိန်က နေစပြီး၊ မေမေတို့ ကိုထွန်းဝေကို ဖုန်းဆက်အကြောင်းကြားတဲ့ အချိန်အထိ အားလုံးဟာ တကယ်ဖြစ်နေတာတွေ မဟုတ်ဘူးနော်၊ အပျော်တမ်း Video ဇာတ်လမ်းရိုက်နေမှာ"

"ဘယ်လိုသမီး . . . တကယ်မဟုတ်ဘဲနဲ့၊ အဲဒါ Video ရိုက်နေတာဆိုတော့၊ မေမေနဲ့ ဖေဖေကပါ ဝင်သရုပ်ဆောင်ရမယ့် သဘောလား၊ ကြည့်လည်း လုပ်ပါဦး သမီးရယ်"

"ကိစ္စမရှိပါဘူး၊ Video Art လေ မေမေရဲ့၊ သမီး စမ်းရိုက် ချင်လို့ပါ၊ နော် . . . မေမေ"

"အေးလေ . . . ဒါထက် သရုပ်ဆောင်တွေကကော"

"မေမေနဲ့ ဖေဖေနဲ့ရယ်၊ ပြီးတော့ သမီးတို့သူငယ်ချင်းအရင်း တွေရယ်ပေါ့"

"ဇာတ်သိမ်းခန်းက ဘယ်လိုရိုက်မှာလဲ သမီး"

"ဒီ Video Art လုပ်တဲ့ကိစ္စကို ကိုထွန်းဝေကို လုံးဝပေး မသိဘူး၊ အဲဒီတော့ ဇာတ်သိမ်းခန်းက သူ့ရဲ့ဆုံးဖြတ်ချက်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခူတည်တယ်၊ ကိုထွန်းဝေကို ဖုန်းဆက်အကြောင်းကြားပြီး မေးကြည့်လို့ သူ့ဘက်က သမီးကို လက်ထပ်နိုင်သေးတယ်၊ သမီးတို့ရဲ့ဖြူစင်မှုကို သံသယမရှိဘူးဆိုရင် နောက်ဆုံးဇာတ်သိမ်းခန်းဟာ သမီးနဲ့ ကိုထွန်းဝေတို့ရဲ့လက်ထပ်ပွဲရိုက်ရမှာ၊ အကယ်၍ အဲဒီအချိန်မှာ ကိုထွန်းဝေက သမီးကို လက်မထပ်နိုင်တော့ဘူးဆိုရင် သမီးက ကိုမိုးဇေယျာနဲ့ ပြန်ယူမှာဖြစ်တဲ့အတွက် နောက်ဆုံးဇာတ်သိမ်းခန်းဟာ သမီးနဲ့ ကိုမိုးဇေယျာရဲ့လက်ထပ်ပွဲကို ရိုက်ရမှာ၊ ဒါကြောင့် ဘာဖြစ်လာမလဲဆိုတာ မသိသေးတဲ့အတွက် ခုချိန်မှာ နောက်ဆုံးဇာတ်သိမ်းခန်းဟာ အရှင်သဘောမျိုး ဖြစ်နေတယ်"

"Video Art ရိုက်တဲ့အကြောင်း မောင်ထွန်းဝေကို ဘယ်အချိန်ကျမှပေးသိမှာလဲ"

"ဘယ်အချိန်မှာမှ ပေးမသိတော့ဘူး၊ သမီးတို့အားလုံး နှုတ်လုံရင် ဖြစ်တာပဲ မဟုတ်လား"

"တစ်သက်လုံးဖုံးထားလို့ရမယ့် ကိစ္စလား သမီးရယ်"

"အို . . . မိန်းမရာ၊ မင်းကလည်း ဒီလိုပဲ ဝိုင်းဖုံးထားကြရမှာပဲလေ၊ မောင်ထွန်းဝေသိသွားရင် သူ့ကို အရူးလုပ်ပါတယ်ဆိုပြီး အရမ်းစိတ်ဆိုးသွားမှာပေါ့ကွ"

"ဟုတ်တယ် မေမေရဲ့၊ ဖေဖေပြောတာ မှန်တယ်၊ တကယ်တမ်းက သမီး ဒီကိစ္စမှာ ကိုထွန်းဝေကို အရူးလုပ်ချင်တာတော့ မဟုတ်ဘူး၊ Video Art ကို လုပ်ချင်နေတာက အဓိကပဲ"

"မောင်မိုးဇေယျာနဲ့ရော တိုင်ပင်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"သူက ထူးထူးဆန်းဆန်းမျိုး လုပ်ရမယ်ဆိုရင် နဂိုကတည်းက တက်ကြွနေတဲ့သူပဲဟာ၊ တစ်ခုတော့ရှိတယ် ဖေဖေ၊ အဲဒီနောက်ဆုံးအချိန်ရောက်လို့ ကိုထွန်းဝေက သမီးကို လက်မခံနိုင်တော့ဘူးဆိုတဲ့ အချိန်မှာ သမီးကို ကိုမိုးဇေယျာနဲ့ လုံးဝသဘောတူပေးဖို့ ကတိပေးပါ ဖေဖေ"

"ကောင်းပြီ သမီး၊ ဖေဖေ ကတိပေးတယ်၊ အကယ်၍ အဒီအချိန်ရောက်လို့ မောင်ထွန်းဝေက သမီးကို လက်ထပ်မှာပဲ၊ ကိစ္စမရှိဘူးဆိုရင် သမီးကလည်း မောင်ထွန်းဝေနဲ့ လက်ထပ်ပါ့မယ်လို့ ဖေဖေ့ကို ကတိပေးပါ"

"လုံးဝ Sure ပဲ၊ ကတိပေးပါတယ်၊ ဖေဖေနဲ့မေမေ"

အဲဒီကိစ္စတွေကိုအတွက် မိုးငယ်က ကျွန်တော့်ဆီကို တိုင်ပင်လာတယ်။ သူစီစဉ်ထားတဲ့ Video Art နဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့သဘောထားကို မေးပါတယ်၊ ကျွန်တော်က မိုးငယ်ရဲ့ဇာတ်လမ်းမှာ အဓိကသရုပ်ဆောင်လုပ်ရမှာကိုး . . .၊ ဒါပေမယ့် ကျွန်တော်က ဘာမှမဖြေသေးဘဲ ခဏလောက် ဆက်တွေးတယ်၊ အရမ်းကို စိတ်ကူးယဉ်ဆန်တဲ့ ကောင်မလေးပါလားလို့ ကျွန်တော့်စိတ်ထဲမှာ အထိတ်တလန့်လည်း ဖြစ်သွားတယ်။ အသစ်တစ်ခုဖန်တီးဆောင်ရွက်ရမှာမို့ ကျွန်တော်ကလည်း စိတ်ဝင်စားပါတယ်။

"အဲဒီကိစ္စကို မိုးငယ် ဘယ်တော့လောက် စချင်လဲ"

"ဒီနေ့က ဘာနေ့လဲဆိုတော့ သောကြာ၊ အဲဒါဆို ဘန်ဘက်ခါတနင်္ဂနွေနေ့မှာ စကြရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်၊ ဒါပေမယ့် ခုဟာက ကိုထွန်းဝေအပေါ် နည်းနည်းတော့ မတရားသလိုပဲ . . . ဟုတ်"

"အဲဒါမှလည်း Art ဖြစ်မှာလေ"

"Art ကလည်း ရက်စက်ပါပေ့ မီးငယ်ရယ်၊ ကျွန်တော့် အပေါ်မှာတော့ အဲဒီ Art လို မရက်စက်သွားပါနဲ့နော်"

ကျွန်တော်က မီးငယ်ကို မရက်စက်သွားပါနဲ့လို့ ပြောလိုက်ပေမယ့် စိတ်ထဲက မပါလှပါ။ အမှန်က မီးငယ် ကိုထွန်းဝေနဲ့သာ ရစေချင်ပါတယ်။ ထွန်းဝေဟာ ကျွန်တော့်ထက်စာရင် မီးငယ်နဲ့ ပိုပြီး လိုက်ဖက်တယ် မဟုတ်ပါလား။ စိတ်ထဲက သိပ်မပါပေမယ့် ကောင်မလေးကိုတော့ ပျော်သွားစေချင်ပါတယ်။

"ဒီ Video Art မှာ ဒါရိုက်တာ ဘယ်သူလဲ၊ ကင်မရာမင်း ဘယ်သူလဲ၊ ဇာတ်ညွှန်းဘယ်သူလဲ"

ကျွန်တော်က မီးငယ်ကို မေးလိုက်တယ်။

"ဒါရိုက်တာနဲ့ ဇာတ်ညွှန်းကိုတော့ ကိုမိုးဇေယျာနဲ့ ကျွန်မ နဲ့တိုင်ပင်ပြီး လုပ်ကြတာပေါ့။ ကင်မရာမင်းကတော့ သိပ်အရေးမကြီး ပါဘူး၊ အဲဒီဇာတ်ကွက်တစ်ခုချင်းစီမှာ မပါသေးတဲ့ သူငယ်ချင်း တစ်ယောက်ယောက်က ရိုက်ပေးရင် ဖြစ်တာပဲ"

"အိုကေ . . . ကောင်းတယ်"

"Video Art ရိုက်နေတဲ့ ကာလအတောအတွင်းမှာ ကိုမိုး ဇေယျာက ကျွန်မကို ဘယ်လောက်ထိချစ်ဖို့ စိတ်ကူးထားလဲ"

"ဖိုးလမင်းကြီးလောက်ပေါ့၊ ဟော့သလောက်ကြီး အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီး . . .”

“ဟွန်း . . . မထင်ရဘူးနော် . . .၊ ပေါချာချာနဲ့”

ကြည်နူးစရာကောင်းလွန်းသော အဲသလို ညနေခင်းများကို ဖြစ်နိုင်ရင် မီးခံသေတ္တာထဲမှာ ကျွန်တော်ထည့်သိမ်းထားလိုက်ချင်ပါတယ်။ ပြန်မရနိုင်တဲ့ အမှတ်တရတွေကို ရက်ရက်စက်စက် ချေမှုန်းပစ်မယ့် ကံကြမ္မာဆိုတာဟာ လူတွေရဲ့ဘဝသင်ရိုးထဲမှာ အဆင်သင့်ရှိနေပြီးသားများလား။ ခဏခဏ စိတ်ကောက်ကြတာမျိုးရယ်၊ ခဏခဏ ချိန်းတွေ့ကြတာမျိုးရယ်၊ အဲဒီနှစ်ခုသိပ်မလုပ်ဖြစ်တာကလွဲရင် ငါတို့ရဲ့ သမီးရည်းစားဘဝဟာ တခြားအတွဲတွေလိုမျိုး ရိုးရိုးသားသားနဲ့ လှုပနေကြဆဲပဲ မဟုတ်ပါလား ကောင်မလေးရယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"မင်းတို့နှစ်ယောက်ရူးနေပြီ"

"ဟုတ်တယ် ရူးနေပြီ"

ဘိုသိန်းနဲ့သော်သော်က ကျွန်တော်နဲ့ မီးငယ်ကို ရုတ်တရက် ဩဘာပေးလိုက်ခြင်းပါပေ။ မနေ့ညက ဒီကောင်တွေဆီကို ဖုန်းဆက်ပြီး ဒီနေ့ စနေနေ့ ကန်တော်ကြီးထဲမှာတွေ့ဖို့ ချိန်းထားကြခြင်း ဖြစ်ပါတယ်။ ရောက်ပြီးမကြာခင်မှာပဲ ကျွန်တော်က မီးငယ်ရဲ့ Video Art အစီအစဉ်ကို ရှင်းပြလိုက်လို့လည်း သူတို့က အဲသလို ဩဘာပေးကြတာ ဖြစ်ပါတယ်။

"အပြောအဆိုတွေ ပြင်းထန်လှချည်လား ဘိုသိန်းရ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထက်မကတောင် ပြောပစ်လိုက်ချင်သေးတယ်"

ဘိုသိန်းက အသံပြဲကြီးနဲ့ အော်ထည့်လိုက်တယ်။

"မီးငယ် . . . ဒီအစီအစဉ်က နင်စဆွဲတာဆို"

သော်သော်က မေးတယ်။

"အေးလေ"

"နင်ကလည်းဟယ်၊ နင့် Video Art က နင့်မိဘတွေတောင် မနေရပါလား"

"သူတို့ကတော့ သဘောတူပြီးသွားပြီ၊ ဒါကြောင့် နင်ရယ် ကိုဘိုသိန်း၊ ကိုကျော်ကျော်တို့ သဘောရယ်ပဲ လိုတော့တယ်"

"နင့်မိဘတွေတောင် သဘောတူသွားပြီဆိုမှတော့ ငါတို့ လည်း ဝိုင်းရှူးပေးရုံ ရှိတော့တာပဲ"

ဒီကိစ္စနဲ့ပတ်သက်ပြီး ဘိုသိန်းနဲ့ သော်သော်က အဓိက အတိုက်အခံလုပ်နေကြတာပဲ ဖြစ်တယ်။ ကျော်ကျော်ကတော့ ထောက် ခံသည်၊ ကန့်ကွက်သည်ကို ထူး၍မပြော။ ကန်တော်ကြီးထဲလာလည် တဲ့ ကောင်မလေးတွေကို ရေချွေးကြမ်းသောက်ရင်း ဟိုငမ်းဒီငမ်း တော့ လုပ်နေတယ်။

"ဟေ့ကောင် ကျော်ကျော်၊ ဣန္ဒြေလေးဆည်စမ်းပါဦးကွ ဘာလို့ ကျီးကြည့်ကြောင်ကြည့်လုပ်နေတာလဲ"

"နေစမ်းပါ၊ ဒီမှာ အာရုံပျက်တယ်"

ဘိုသိန်းက ကျော်ကျော့်ကိုဆူလို့ ကျော်ကျော်က ပက်ခနဲ ပြန်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



သော်သော်က သိချင်တာရှိတဲ့အတွက် စကားကိုပြန်ဆက်တယ်။

“ကိုမိုးဇေယျာတို့က ဒီဇာတ်လမ်းဘယ်တော့စရိုက်မှာလဲ”

“မနက်ဖြန်”

ကျွန်တော်နဲ့ မီးငယ်တို့နှစ်ယောက်စလုံး ပြိုင်တူဖြေလိုက်မိကြတယ်။

“ဖရူး . . . မြန်လှချည်လား”

ကျော်ကျော်က ရေနွေးသီးရင်း ပြောတယ်။

“မြန်ဆို . . . အိုင်တီခေတ်လေ . . . ဟား . . . ဟား”

“ကိုမိုးဇေယျာ . . . ဒီကနေပြန်ရင် ကျွန်မတို့နှစ်ယောက် ဗီဒီယို ကင်မရာသွားဝယ်ကြရင် ကောင်းမလား”

“ကောင်းသားပဲ”

အဲသလို မီးငယ်ဆိုတဲ့ ကောင်မလေးနဲ့ ကျွန်တော်ဟာ နေရာတော်တော်များများမှာ စိတ်တူကိုယ်တူ ရှိတတ်ကြတာ တစ်ခုကလည်း ဘဝရဲ့ချိုမြိန်သော လက်ဆောင်တစ်ခုပါပဲ။

အဲဒီနေ့ ကန်တော်ကြီးကအပြန်၊ သူငယ်ချင်းတွေနဲ့ လမ်းခွဲခဲ့ပြီး မီးငယ်နဲ့ကျွန်တော်နဲ့ မြို့ထဲကို ဆက်သွားကြပါတယ်။ မီးငယ်က သူ့ပရာဒိုကားကြီးကို ဒီကနေ့ယူမလာဘဲ တက္ကစီနဲ့သာလာတာပါတယ်။ ကျွန်တော်တို့နှစ်ယောက်သား တက္ကစီငှားပြီး မြို့ထဲမှာ ဗီဒီယို ကင်မရာ သွားဝယ်ကြတယ်။

မီးငယ်ဟာ အမှတ်အသားကောင်းလှတဲ့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လည်း ဖြစ်ပါသေးတယ်။ ကျွန်တော့်ကို မေးလာတယ်

"ခိုးပြေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး၊ ကိုမိုးဇေယျာရဲ့အယူအဆ

ကျွန်မကို ပြောပြခဲ့ဖူးတယ်နော်"

"ဟုတ်ပါတယ်၊ ခိုးပြေးတယ်ဆိုတဲ့ကိစ္စကို ကျွန်တော်မကြို

တာလည်း အမှန်ပါပဲ"

"ဒါဖြင့် ဒီ Video Art ထဲက ခိုးပြေးတဲ့အခန်းကျတော့ရော

"ဒါက သရုပ်ဆောင်တာမို့ ကိစ္စမရှိပါဘူး၊ မင်းသမီးလေးရဲ့

"ပြီးတာပဲလေ"

ဒီလိုနဲ့ Video ကင်မရာရောင်းတဲ့ ဆိုင်တစ်ဆိုင်ထဲ ကျွ

တော်တို့နှစ်ယောက်သား ဝင်ကြည့်ကြတယ်။ ဆိုင်ဝန်ထမ်းကော

လေးတစ်ယောက် အနားရောက်လာပြီး မေးတယ်။

"အစ်ကိုတို့ ဘာရှာပါသလဲ"

"Video ကင်မရာ"

"ဘယ်အမျိုးအစားထဲက ကြည့်မလဲ အစ်ကို"

"ဘယ်အမျိုးအစားပဲဖြစ်ဖြစ်၊ Quality အကောင်းဆုံး

ဈေးအပေါဆုံးတစ်လုံးလောက်ပြကွာ"

"အဲဒါမျိုးတော့ ကျွန်တော်တို့ဆိုင်မှာ မရှိဘူး အစ်ကိုရဲ့

မှန်ပြောင်းဆိုင်တွေ တစ်ချက်ရှာကြည့်ပါလား"

"Video ကင်မရာနဲ့ မှန်ပြောင်းဆိုင်၊ ဘာဆိုင်သတုန်း"

"မှန်ပြောင်းဆိုတာ ကြည့်လိုက်ရင် ကြည်နေတာပဲ မဟုတ်

လား၊ Zoom ကလည်း ကစားလို့ရတယ်၊ Quality လည်း ကော



www.burmeseclassic.com

www.burmeseclassic.com



ယ်၊ ဈေးလည်း ပေါမယ်၊ ဒါကြောင့် မှန်ပြောင်းတစ်လက်လောက် ာ အစ်ကိုဝယ်လိုက်ရင် အဲဒါပေါချောင်ကောင်း ကင်မရာပဲ တ်လား”

“ညီလေးကွာ၊ ဝယ်သူကို မင်း အဲလိုပဲ ဆက်ဆံရလား”

“ဆောရီးအစ်ကို . . . ကျွန်တော်ရှိုင်းသလိုဖြစ်သွားရင်၊ ပေမယ့် ကျွန်တော်ပြောတာက အစ်ကို့ကို တကယ်စေတနာထား ပါ၊ ကျွန်တော်လည်း အစက ပေါချောင်ကောင်းဆို တော်တော် က်ခဲ့ဖူးတယ်၊ ဒါပေမယ့် အစ်ကိုရယ်၊ လောကကြီးမှာ ဘယ်အရာ ဆို ကောင်းပြီဆိုရင် မပေါနိုင်တော့ဘူး၊ ပေါပြီဆိုရင်လည်း မကောင်း င်တော့ဘူး၊ အဲဒါ Truth ပဲ”

အပြောလွန်သည်ပင်မက ကိုယ့်ကိုတောင် ဆရာလာလုပ် တဲ့ ဝန်ထမ်းကောင်လေးကို ကျွန်တော်စိတ်နဲနဲတိုသွားတယ်။ အဲဒီ ချိန်မှာ ဆိုင်ရှင်တရုတ်ကြီး အပြေးရောက်လာပြီး အခြေအနေကို ထိန်းတယ်။

“ဟဲ့ဆောင် . . . မီး . . . မီး . . . ညော့ဆယ်ကို ပူဇွန်ထုပ် တ် . . . တာလဲ”

“ညော့ဆယ်ကြီးရယ် . . . ဝ ဆောင်းဆန်ပါဆယ်”

“ကိစ္စမရှိပါဘူး၊ ဒီကောင်ဟာလေ ကျွန်တော့်ကို မိကျောင်း င်း ရေမြင်းပြနေတာ”

စကားမပီတဲ့ တရုတ်ကြီးကို ပြန်ပြောရင်း ကျွန်တော်ပါ ားမပီဖြစ်သွားတယ်။ ဟိုငတကလည်း သူ့မှာ ဘာအပြစ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



သလို ပြုံးစိစိနဲ့။ မီးငယ်ကို ကြည့်လိုက်တော့လည်း ပြုံးစိစိနဲ့။ ဒါကြောင့် မီးငယ်ကိုပဲ နောက်ဆုံးတော့ ကျွန်တော်လှမ်းပြောလိုက်ရ တယ်။

"တော်ပြီကွာ မီးငယ်၊ ဒီဆိုင်မှာ မဝယ်တော့ဘူး"

အဲသလိုနဲ့ မြို့ထဲမှာပဲ နောက်ထပ်တခြားဆိုင်တစ်ဆိုင်မှာ Video ကင်မရာတစ်လုံး ဝယ်ဖြစ်ခဲ့တယ်။ ပြီးတော့ အအေးဆိုင် ထိုင်ကြတယ်။ သူဝယ်လာတဲ့ ကင်မရာကို သူ့ဘာသာ သဘောကျ ကျရင်း၊ မီးငယ်က တောင်ကိုင်မြောက်ကိုင် လျှောက်လုပ်နေတယ် ပြီးတော့ မျက်နှာချင်းဆိုင်ထိုင်ပြီး အအေးသောက်နေတဲ့ ကျွန်တော် ကို အစမ်းအနေနဲ့ လှမ်းရိုက်လိုက်ပါတယ်။

"ဘာလဲ . . . ဇာတ်လမ်းက စရိုက်ပြီလား"

"မဟုတ်ပါဘူး . . . သက်သက်စမ်းနေတာ၊ ဟဲလို Testing 1 2 3၊ ဟဲလို Testing 1 2 3 . . ."

"ဒီကောင်မလေးတော့ ကိုယ်လုပ်ချင်တာ လုပ်ရလို့ သိ ပျော်နေပြီပေါ့ ဟုတ်လား"

ကျွန်တော်က ပြောလည်းပြော၊ ပြီးတော့ မီးငယ်ရဲ့ခေါင်း လည်း ခပ်ဖွဖွလေး လှမ်းထုလိုက်တယ်။ သြော် . . . လောကကြီး တာ ဒီလိုအချိန်မျိုးကျပြန်တော့ သာယာပါဘိတောင်း။ တစုံတရာ သတိရမိပြီး ကျွန်တော်က ရုတ်တရက် မီးငယ်ကို လှမ်းမေးလိုက် တယ်။

"ဘယ်အခန်းက စရိုက်မှာလဲ၊ ခိုးပြေးဖို့ အခန်းကလား



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ခိုးရာလိုက်ပြေးသွားပါပြီဆိုတဲ့အကြောင်းကို မီးငယ်က စာရေးပြီး ထားခဲ့မယ်၊ အဲဒါကို ဖေဖေနဲ့မေမေက စာဖတ်ကြည့်ပြီး ဝမ်းလည်းဝမ်းနည်း၊ ဒေါသလည်း ထွက်ကြတဲ့အခန်း"

"ဇာတ်ညွှန်းကကော ဘယ်မှာလဲ"

"မနက်ဖြန်အတွက် စရိုက်မယ့် ဇာတ်ညွှန်းကို ကိုမိုးဇေယျာ ရေးပေး၊ ကင်မရာက ကျွန်မရိုက်မယ်"

"ဒီလိုလုပ်ကြရအောင် မီးငယ်၊ ဒီတစ်ကားလုံးရဲ့ဇာတ်ညွှန်းကို ကျွန်တော်ရေးပေးလို့ရပါတယ်၊ ကျွန်တော်က ကဗျာဆရာပဲဟာ . . . ဟား . . . ဟား၊ ဒါပေမယ့် အဓိကဒါရိုက်တာက မီးငယ်မဟုတ်ဘူး၊ ဒါကြောင့် ဇာတ်လမ်းတစ်ခုလုံးရဲ့ကျောရိုးကို အကြမ်းဖျင်းလောက်ပဲဖြစ်ဖြစ် မီးငယ်က အခုကျွန်တော့်ကို ပြောပြ . . . "

"သောကြာနေ့ကတည်းက ပြောပြီးပြီပဲဟာ"

"ဟုတ်ပါတယ် . . . ဒါပေမယ့် သေချာအောင် ထပ်ပြောပြပေး၊ ဇာတ်ညွှန်းက မှားလို့မဖြစ်ဘူး ဒါရိုက်တာမလေးရဲ့"

မီးငယ်က ကျွန်တော့်ကို မျက်စောင်းတစ်ချက်တော့ ထိုးလိုက်တယ်။ ပြီးတော့ အစအဆုံး ပြန်ရှင်းပြတယ်။

"ဟုတ်ပြီ . . . မီးငယ်ပြောသလိုဆိုရင် ဇာတ်သိမ်းပိုင်းက အခုမှမသေချာသေးတဲ့အတွက် အဲဒီအတွက် ဇာတ်ညွှန်းကို နောက်ဆုံးမှသပ်သပ်ရေးရုံပဲ၊ ဟုတ်တယ် ဟုတ် . . . "

"ဟုတ်မှဟုတ် . . . ဟုတ်မှဟုတ်"

"ဒါပေမယ့် ကျန်တဲ့ဇာတ်ညွှန်းအားလုံးကိုတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က ဒီညအပြီးရေးပေးထားရမယ်၊ ဟုတ်တယ်ဟုတ်”

“ဟုတ်မှဟုတ် . . . ဟုတ်မှဟုတ်”

“ဟုတ်တယ်ဟုတ်”

“ဟုတ်မှဟုတ် . . . ဟုတ်မှဟုတ်”

ဟောဒီအအေးဆိုင်လေးထဲမှာရှိတဲ့ အအေးပုလင်းအလွတ်တွေဟာ ကျွန်တော်တို့နှစ်ယောက်ကို ချောင်းကြည့်ပြီး ပြုံးစိစိလုပ်နေကြတယ်ထင်ရဲ့။ ဘာပဲပြောပြော မနက်ဖြန်ဆိုရင် ကျွန်တော့်ကောင်မလေးမီးငယ်ရဲ့ Video Art ကို စရိုက်တော့မှာပါလား။ ဟောအိမ်ပြန်ရောက်မှ တစ်ခုသတိရတယ်။ အဲဒီ Video Art ရဲ့အမည်ကိုဘယ်လိုပေးထားတယ်ဆိုတာ ကျွန်တော် မီးငယ်ကို မမေးခဲ့ရဘူးလေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒီနေ့ည ကျွန်တော်တို့ သူငယ်ချင်းတသိုက် မီးငယ်တို့အိမ်မှာ ရောက်နေကြတယ်။ တနင်္ဂနွေ။

"ဖေဖေတို့က ဝင်မလာနဲ့ဦး၊ သမီးက စာထားခဲ့တာဆိုတော့ စားပွဲမှာ တင်ထားခဲ့တဲ့စာကို အရင်ဆုံးရိုက်ရမယ်"

မီးငယ်က အဖေဖြစ်သူ ဦးလူမော်ကို လှမ်းပြောလိုက်တယ်။ ပြီးတော့ ဆက်ပြောသေးတယ်။

"စာကို အသေရိုက်ချက်နဲ့ ရိုက်ပြထားတုန်းမှာ အဲဒီစာကို ဖေဖေ့အသံနဲ့ ဖတ်ပြထားတာ နောက်ခံအသံသွင်းရမယ်"

မီးငယ်ပြောတာကို နားလည်ကြောင်း အားလုံးက ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်ညိတ်ပြနေကြတယ်။

"ဒါဆို စပြီ၊ ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

မီးငယ်က ကင်မရာကိုကိုင်ပြီး စားပွဲပေါ်က စာကိုထိုးချိန်လိုက်တယ်။ ဘိုသိန်းနဲ့ ကျော်ကျော်နဲ့က ဒီဇာတ်ဝင်ခန်းမှာတော့ မီးထိုးမှန်ထိုး။ သော်သော်က ယောင်ခြောက်ဆယ်။

ရိုက်ကွင်းထဲကို ဦးလူမော်ရဲ့လက်နှစ်ဖက် တိုးဝင်လာတယ်။ စာကို ဖြန့်လိုက်တယ်။ ကင်မရာရဲ့ Zoom ကို ကစားလိုက်တယ်။ စာရွက်ချည်းပဲ ကျန်တော့လောက်တဲ့ မြင်ကွင်းအရောက်မှာ ကင်မရာကို ငြိမ်ထားလိုက်တယ်။

သို့ -

မေမေနဲ့ဖေဖေ

သမီးကို ခွင့်လွှတ်ပါ။ သမီး ကိုမိုးဇေယျာနဲ့ လိုက်သွားပါပြီ။ သမီးတို့ချစ်ခြင်းက ဒီအတိုင်းဆက်နေလို့မရတော့လို့ပါ။ ကိုမိုးဇေယျာရဲ့အိမ်ကိုလည်း လာမရှာပါနဲ့။ တခြားတနေရာရာမှာ သမီးတို့ ရှိနေကြမှာပါ။ ကမ္ဘာကြီးပေါ်မှာတော့ ကမ္ဘာကြီးပေါ်မှာပါပဲ။

သမီးအနေနဲ့က ကိုထွန်းဝေကို ချစ်ကြည့်ဖို့ ကြိုးစားကြည့်ခဲ့ပါသေးတယ်။ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ။ မေမေတို့အနေနဲ့လည်း သမီးကို ကိုမိုးဇေယျာနဲ့ ပြောင်းပြီးသဘောတူပေးဖို့ ကြိုးစားကြည့်စေချင်ပါတယ်။ ဒါဟာ တကယ်တော့ အရမ်းခဲယဉ်းမယ့် ကိစ္စလည်း မဟုတ်လောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။

လူလူချင်း တူတူပါပဲ မေမေရယ်။ နူရာဝဲစွဲနေတာ လည်း မဟုတ်ဘဲ။ မေမေရယ် . . . အချစ်ဆိုတာ ဒီလိုပါပဲ မေမေရယ်။ ဒ့ါအပြင် ဘဝဆိုတာကလည်း ကိုယ်ဖြစ်ချင် တိုင်း ဖြစ်တတ်တဲ့အမျိုးမှ မဟုတ်တာ။

အဲဒီတော့ မေမေနဲ့ဖေဖေရယ်၊ သမီးအလိမ္မာ လေးကို ခွင့်လွှတ်ပေးပါ။ သမီးမိုက်လို့ မသုံးချင်ဘူး။ ဟိုလူ သုံး၊ ဒီလူသုံးနဲ့ ရိုးအီနေလို့။

သမီး . . . ကိုမိုးဇေယျာနဲ့ ကလေးတစ်ယောက် ရရင် ပြန်လာခဲ့ပါ့မယ်။ ဖေဖေနဲ့မေမေလည်း အသက်ကြီး ပြီဆိုတော့ မြေးထိန်းခိုင်းမလို့ . . . ဟီး . . . ဟီး။

ရိုသေလေးစားစွာဖြင့်

သမီး (မီးငယ်)

စာကိုဖတ်နေရင်း ဦးလူမော်ရဲ့လက်တွေဟာ တဆတ်ဆတ် တုန်လာတယ်။ အဲဒီ လက်တုန်ပုံတုန်နည်းကို မီးငယ်က သိပ်ကြိုက် ဟန်မတူသေး။

"ကဒ် . . ."

"ဖေဖေလက်တုန်တာက မဟုတ်သေးပါဘူး၊ ရှိမန်တစ် မဖြစ်သေးဘူး"

"လက်တုန်တာပဲ၊ ဘယ်လိုရှိမန်တစ်ဖြစ်အောင် တုန်ရမလဲ



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်"

"ဒီလိုတုန် . . . အန်ကယ် . . . ဒီလိုတုန်"

ဘိုသိန်းက သူ့ရဲ့လက်ကို တဆတ်ဆတ်လှုပ်ပြရင်း ပြောတယ်။

"ငပေါ . . ."

ကျော်ကျော်အပါအဝင် အားလုံးက ဝိုင်းသြဘာပေးကြတယ်။ ဘိုသိန်းကတော့ စပ်ဖြီးဖြီးလုပ်နေတယ်။

"မဟုတ်ဘူးလေ ဖေဖေရဲ့၊ လက်ကို လေဖြတ်ထားတဲ့သူတွေ တုန်နည်းကား တုန်ရမှာ၊ ဖေဖေ . . . အခုတုန်တဲ့ပုံစံက တမင်တကာကြီး တုန်သလိုမျိုးဖြစ်နေတော့ သဘာဝသိပ်မကျဘူး"

"အလိုလေး . . . ဖေဖေ့ကို အတင်းလေဖြတ်ခိုင်းနေပါပေါ့လား၊ ဘယ်တုန်းက အငြိုးတွေများလဲ သမီးရယ်"

မီးငယ်တို့သားအဖ ဖြစ်နေပုံကိုကြည့်ပြီး ကျန်တဲ့သူတွေမှာ ဘာပြောရမှန်းမသိ ဖြစ်နေကြရှာပါတယ်။

"ကဲ . . . ပြန်စမယ်၊ ပြန်စမယ်၊ ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး . . ."

စာကိုဖတ်ရင်း လေဖြတ်သူတစ်ယောက်လို ဦးလူမော်ရဲ့ လက်တွေ တဆတ်ဆတ် တုန်လာတယ်။

"ဩော် . . . သမီး . . . သမီး၊ အတောင်အလက်စုံလို့ ဒါမျိုးပြောပြီပေါ့လေ"

အဲဒီအချိန်မှာ ဒေါ်ခက်ဖြာဝေလည်း အခန်းထဲဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ ဦးလူမော်ကို လှမ်းပြောတယ်။

"အိုရှင် . . . အတောင်အလက်စုံရအောင် သမီးက ငှက်မို့လို့လားရှင့်"

"မိန်းမရာ . . . မင်းဘာသိလို့တုန်း၊ ဒီမှာ စာကွ . . . စာ . . . စာ"

"ရှင်ကလည်း ပြောလေဆိုးလေပါလား၊ ကျွန်မသမီးက စာလည်း မဟုတ်ဘူး၊ ငှက်လည်း မဟုတ်ပါဘူးဆို"

"ငါတယ် . . . ငါမင်းကိုပြောတာက ငါတို့သမီး ခိုးရာလိုက်သွားပြီ၊ ဟောဒီမှာ သူထားခဲ့တဲ့စာ၊ ခွင့်လွှတ်ပါဆိုပဲ"

"ဘယ်လို . . . ဘယ်လို . . . ခိုးရာလိုက်ပြေးပြီ၊ မောင်မိုးဇေယျာနဲ့လား၊ လုပ်ရက်လေ သမီးလေးရယ်၊ မေမေ့မှာ နှလုံးရောဂါရှိတယ်လို့ အတန်တန်ပြောထားရက်နဲ့"

"ကဒ် . . ."

မီးငယ်က ရိုက်ကွင်းကို ရုတ်တရက် ဖြတ်ချလိုက်ပြန်တယ်။

"မေမေကလည်း မှားပြန်ပြီ၊ ဇာတ်ညွှန်းထဲမှာ နှလုံးရောဂါရှိတဲ့အကြောင်း မပါဘူးလေ၊ အဲဒီနှလုံးရောဂါနဲ့ အကြောင်းပြပြနေတာကြီးက ရိုးဟောင်းလွန်းနေလို့ဆိုပြီး ဇာတ်ညွှန်းထဲ လုံးဝထည့်မရေးဖို့ ကိုမိုးဇေယျာကို သမီးသေချာမှာထားရတာ၊ ကဲ . . . ပြန်ရိုက်မယ်"

"ဆောရီး . . . သမီး၊ မေမေလည်း ယောင်သွားလို့ပါ"

မှန်ထိုးသမားနှစ်ယောက်ဖြစ်တဲ့ ဘိုသိန်းနဲ့ ကျော်ကျော်တို့



www.burmeseclassic.com

www.burmeseclassic.com



တော့ အီစလန်ဝေစပြုလာဟန်တူတယ်။ မီးငယ်ကို စိတ်ထဲက မေတ္တာတွေ ပို့နေကြမှာတော့ သေချာသလောက်ပဲ။ ဒါပေမယ့် အခုမှတော့ မတတ်နိုင်ကြတော့ဘူး မဟုတ်လား။ ဒီ Video Art ဇာတ်လမ်းကို ပြီးအောင် ကူညီပေးဖို့ သူတို့ကတိပေးပြီးပြီလေ။

"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

ဇာတ်လမ်းကို ပြန်ရိုက်ပြန်တယ်။

"ဘယ်လို . . . ဘယ်လို . . . ခိုးရာလိုက်ပြေးပြီ၊ မောင်မိုးဇေယျာနဲ့လား၊ လုပ်ရက်လေ သမီးလေးရယ် . . . ဟင့် . . . ဟင့်"

"တရားနဲ့ဖြေပါ မိန်းမရာ၊ ငါလည်း စိတ်တော့ ဆိုးတာပါပဲ"

"ဒီမယ် ယောက်ျား၊ ရှင်ကတော့ ဘယ်ကိုယ်ချင်းစာတတ်မလဲ၊ ကျွန်မက ဝမ်းနဲ့လွယ်ပြီး မွေးထားရတာ"

"အို . . . မင်းကလည်း၊ ငါ့ကို ဒီလိုမပြောပါနဲ့ကွာ"

ဦးလူမော်က ဒေါ်ခက်ဖြာဝေရဲ့ပုခုံးကို လက်နဲ့သိုင်းဖက်ပြီး အားပေးနှစ်သိမ့်လိုက်တယ်။ အိတ်ကပ်ထဲက လက်ကိုင်ပုဝါကိုထုတ်ပြီး ဒေါ်ခက်ဖြာဝေရဲ့ မျက်ရည်စတချို့ကို သုတ်ပေးလိုက်တယ်။

ကင်မရာဟာ အနီးကပ်ချိန်ထားနေရာကနေပြီး အဝေးကို တစထက်တစ ဆွဲထုတ်သွားတယ်။ မီးငယ်ရဲ့ပထမဆုံးဇာတ်ဝင်ခန်းဟာ အခုတော့မှပဲ အောင်မြင်စွာ ပြီးဆုံးသွားခဲ့တယ်။

"ကဒ် . . . အားလုံး . . . အိုကေ"

လက်မထောင်ပြီး ပြောလိုက်တဲ့ မီးငယ်ကို အားလုံးကလည်း လက်မပြန်ထောင်ပြကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီည ဒီတစ်ခန်းပဲ ရိုက်မှာလား"

"မဟုတ်ဘူး၊ လမ်းထိပ်နားက ညောင်ပင်ကြီးမှာ နောက်တစ်ခန်းရိုက်ရဦးမယ်"

သော်သော့်ရဲ့အမေးကို မီးငယ်က ပြန်ဖြေပေးလိုက်ပါတယ်။ မီးငယ်ရဲ့ အဖေနဲ့အမေက ကျွန်တော်တို့သူငယ်ချင်းတွေကို အအေးဘူးတွေချပြီး ညှော့်ခံတယ်။ coke တွေ . . . ။

"အန်တီမျက်ရည်ကျတာ ပိုင်တယ်ဗျာ"

အအေးဘူးကောင်းကောင်းမသောက်ဘဲ ဘိုသိန်းက ဒေါ်ခက်ဖြာဝေကိုလှမ်းပြီး ချီးကျူးလိုက်တယ်။

"မျက်ရည်အစစ်တွေလေ . . . သားရယ်၊ ဘာကြက်သွန်မှ သုံးစရာမလိုဘူး၊ အန်တီက ပင်ကိုယ်အတိုင်း ခံစားပစ်လိုက်တာ . . . ပင်ကိုယ်အတိုင်း"

မီးငယ်ရဲ့အမေကလည်း တမျှောင့်။

"ကိုမိုးဇေယျာ . . . အခုဘယ်လိုခံစားရလဲ"

"ပျော်တာပေါ့"

မီးငယ်က မေးလို့ ကျွန်တော်က အဲသလိုဖြေတယ်။

"ဘာကိုပျော်တာလဲ"

"မီးငယ်နဲ့ ခိုးပြေးရတော့မယ်ဆိုတော့ ကျွန်တော်ပျော်တာပေါ့လို့ ပြောတာ"

တစ်ခါတလေကျတော့လည်း မီးငယ်ရဲ့ အဲဒီမျက်စောင်းလေးတွေကိုမှ ကျွန်တော်ကလည်း လိုချင်တပ်မက်မောစိတ်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။ ဇာတ်လမ်းထဲမှာ ဟန်ဆောင်ခိုးပြေးရဖို့တောင် ဒီလောက်ထိရင် တွေခုန်နေရင် အပြင်မှာသာဆို . . . အမေလေး . . . ကျလိ . . . ကျလိ . . .။

ခိုးပြေးတဲ့အတွေးအခေါ်ကို မကြိုက်ပါဘူးဆိုတဲ့ ကျွန်တော့်ရဲ့သဘောထားကိုတောင် အခုချိန်မှာ ပြောင်းလဲပစ်ဖို့များ လိုအပ်နေပြီလား။ မီးငယ်ရေ . . . အပြင်မှာပါ ကျွန်တော်တို့ တကယ်ခိုးပြေးကြရင် ကောင်းမလားကွယ်။ ဟား . . . ဟား . . . အလကားစတာပါ။

အထုပ်အပိုး၊ ပစ္စည်းပစ္စယကိုယ်စီနဲ့ ကျွန်တော်တို့တသိုက် မီးငယ်ရဲ့ပရာဒိုကြီးနဲ့ လမ်းထိပ်က ညောင်ပင်ကြီးဆီ ချီတက်ခဲ့ကြပြန်တယ်။ မီးငယ်ကတော့ ကားမောင်းရင်းတောင် Video ကင်မရာကို ဟန်ပါ ပါလွယ်လို့။ ဇာတ်ညွှန်းဆရာက ကျွန်တော်ကိုယ်တိုင်ဆိုတော့ ဇာတ်ဝင်ခန်း အကြောင်းသိပြီးသား။

"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

"ဩော် . . . မီးငယ် . . . မီးငယ်၊ ခုထိလည်း မရောက်လာသေးပါပေါ့လား မီးငယ်"

ကျွန်တော်က တသသလုပ်ရင်းနဲ့ တဖွဖွရေရွတ်ရတယ်။ ဒီဇာတ်ဝင်ခန်းအတွက် အဓိကသရုပ်ဆောင်တွေက မင်းသမီးနဲ့မင်းသား။ မီးငယ်နဲ့ကျွန်တော်။ ဒါကြောင့် ကင်မရာကို ကျော်ကျော်က ရိုက်ပေးရတယ်။ ကျော်ကျော်လိုတာရှိရင် သော်သော်ကလည်း ဝင်ကူတယ်။ ရိုက်ကူးရေးအကူပေါ့။ ဘိုသိန်းကတော့ မီးထိုးမှန်ထိုးက



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သေး။ ဒါ့အပြင် ညဘက် outdoor ရိုက်ရတာဖြစ်နေတော့ မီးစက်ပါ သယ်လာရသေးတယ်။

"ကိုမိုးဇေယျာ . . . ကျွန်မဒီမှာ . . ."

"ဘယ်မှာလဲ . . . ဘယ်မှာလဲ"

"အို . . . ဒီမှာလေ၊ ကိုမိုးဇေယျာရဲ့ ရှေ့တည့်တည့်မှာ ကျွန်မလေ ကျွန်မ၊ မီးငယ်လေ"

ခုချိန်ထိတော့ ကျွန်တော်ရော မီးငယ်ရော သရုပ်ဆောင်တာ အမှားအယွင်းမရှိသေး။ ကောင်းလွန်းနေသေးတယ်။ ပြီးတော့ ဒီညဟာ ကျွန်တော့်အတွက် အမှတ်တရ ညတစ်ညဆိုလည်း မမှား။ မီးငယ်ရဲ့ပရာဒိုကို ပထမဆုံး စစီးဖူးတဲ့နေ့။ မီးငယ်ရဲ့ကားကို ဘယ်တော့မှ လိုက်မစီးပါဘူးဆိုတဲ့ ကျွန်တော့်ရဲ့အတွေးအခေါ်ကို စပြင်လိုက်တဲ့နေ့လို့လည်း ဆိုနိုင်ပါတယ်။ Video Art ရိုက်ဖို့အတွက် သွားဖို့လာဖို့ဆိုတာ ကားလိုမယ်။ ဒါ့အပြင် ဇာတ်လမ်းအရ မီးငယ်က ခိုးပြေးရာလိုက်ဖို့ အိမ်ကဆင်းလာရာမှာ သူ့ပရာဒိုကားကြီးပါလာဦးမှ။ ညောင်ပင်ကြီးအောက်မှာ စကားနည်းနည်းပါးပါးပြောပြီးတာနဲ့ အဲဒီပရာဒိုကားကြီးနဲ့ ခိုးပြေးရမယ့်ဇာတ်ဝင်ခန်း။ ဒါကြောင့် ဒီဇာတ်လမ်းရိုက်နေတဲ့ ကာလအတွင်းမှာတော့ မီးငယ်ရဲ့ကားကို စီးဖြစ်မယ်ဆိုပြီးတော့ ကျွန်တော်က အလျှော့ပေးထားတာပါ။

"ဩော် . . . တွေ့ပြီ . . . တွေ့ပြီ၊ ဒါထက် မီးငယ်ရဲ့ပရာဒိုကြီးကော ပါရဲ့လား၊ ဒါအရေးကြီးတယ်နော်၊ ကားအရေးကြီးတယ်နော် . . . မီးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ကိုမိုးဇေယျာက ကျွန်မကိုချစ်တာလား၊ ကားကို ချစ်တာလား"

"ကားကိုချစ်တာပေါ့ မီးငယ်ရဲ့၊ အဲ . . . ဟုတ်ပါဘူးလေ . . . ယောင်လို့၊ ကားအရေးကြီးတယ်ဆိုတာက ကားနဲ့ခိုးပြေးကြမှ ဝေးဝေးကို မြန်မြန်ရောက်မှာ မဟုတ်လား . . . မီးငယ်ရဲ့"

"ဟွန်း . . . သွားပါ"

"မသွားနိုင်ပါဘူး"

"သွားပါ"

"မသွားနိုင်ပါဘူး"

". . . . . . ."

". . . . . . ."

". . . . . . ."

". . . . . . ."

"ကဒ် . . ."

ကျော်ကျော်က တက်သစ်စဒါရိုက်တာတစ်ယောက်ရဲ့လေ သံမျိုးနဲ့ အော်ထည့်လိုက်တယ်။ ဒီဇာတ်ဝင်ခန်းအတိုလေးက တစ် ခေါက်တည်းနဲ့ အဆင်ပြေသွားတယ်။ မီးငယ်က ကျော်ကျော့်နား သွားပြီး ဇာတ်ညွှန်းကို ပြန်ဖတ်တယ်။

"ဒီတစ်ခေါက်ဇာတ်ဝင်ခန်းကျရင်တော့ ကိုဘိုသိန်းပါ တော့မယ်"

မီးငယ်က ဘိုသိန်းကို အဲသလိုပြောလိုက်လို့ ထမင်းဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကုက်လောက် မစားရတဲ့သူ ဒန်ပေါက်ထုပ်ကောက်ရတဲ့ မျက်နှာမျိုးနဲ့ ဘိုသိန်းခမျာ ချက်ချင်းကြီးကို ဝမ်းသာသွားတော့တယ်။ ပြီးတော့ မီးငယ်ကို မေးတယ်။

"ဘယ်အခန်းကလည်း မီးငယ်၊ ပျော့်လိုက်တာဗျာ"

"ကိုမိုးဇေယျာရဲ့သူငယ်ချင်း အခန်းက၊ ညောင်ကိုင်းပေါ် တက်အိပ်ရင်းက အောက်ပြုတ်ကျလာတာကို သရုပ်ဆောင်ရမှာ"

"အောင်မြတ်လေး . . ."

ဘိုသိန်းခမျာ ကိုယ့်နဖူးကိုယ်ရိုက်ပြီး ညည်းတွားလိုက်ပါ တယ်။ ဒီကောင်က ကျွန်တော့်သူငယ်ချင်းဘိုသိန်းအခန်းကပဲ ပြန်ပြီး သရုပ်ဆောင်ရာမှာကိုတော့ ကြိုသိထားပေမယ့် ညောင်ကိုင်းပေါ်က ပြုတ်ကျတဲ့အခန်း သရုပ်ဆောင်ရမှာတော့ ခုမှပဲ သိရတာဖြစ်တယ်။

"ကျွန်တော်က ဘာဆိုင်လို့ ညောင်ကိုင်းပေါ် တက်အိပ်ရ မှာတုန်း . . . မီးငယ်"

ဘိုသိန်းက မီးငယ်ကို မေးလိုက်တယ်။ မီးငယ်ကတော့ ဘာမှမဖြစ်သလို ပြုံးတောင်မှ မပြုံး။

"ဒီလိုလေ . . . ကိုမိုးဇေယျာနဲ့ခိုးပြေးဖို့ ချိန်းထားရာမှာ ကျွန်မက နောက်ကျနေတယ် မဟုတ်လား၊ အဲဒါကြောင့် ကိုဘိုသိန်း စောင့်ရင်းပြီးတော့ ညောင်ကိုင်းပေါ် တက်အိပ်နေရမှာ၊ ကျွန်မတို့နှစ် ယောက်ခိုးပြေးတဲ့အခါ ကိုဘိုသိန်းက ကားလိုက်မောင်းပေးဖို့ ကိုမိုး ဇေယျာနဲ့ အဖော်လိုက်လာရမှာ"

"ဩော် . . . ပေါက်ပြီ . . . ပေါက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ ဇာတ်ရည်လည် ကြရတယ်။ ဇာတ်လမ်းက ဆက်ရိုက်နေပြီ။ ဒီတစ်ခါ သော်သော်က ကင်မရာမင်း။

"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

"ဖုန်း . . ."

ခပ်နိမ့်နိမ့် ညောင်ကိုင်းတစ်ကိုင်းပေါ်ကနေ ဘိုသိန်းတစ်ယောက် ပြုတ်ကျလာတယ်။

"အမယ်လေး"

ကျွန်တော်နဲ့မီးငယ်လည်း တအားလန့်သွားပြီး တအားထအော်ကြတယ်။

"ကျွန်တော်ပါ မီးငယ်ရဲ့ . . . ဘိုသိန်းပါ"

"မင်းကွာ . . . အလန့်တကြား"

ကျွန်တော်က အခွင့်အရေးရတုန်း ဘိုသိန်းကို လှမ်းဆူလိုက်တယ်။ အဲဒီမှာ ဘိုသိန်းက ပြန်ပြောတယ်။

"မီးငယ်က မသိလို့ လန့်သွားတာ ထားပါဦး၊ ငါညောင်ကိုင်းပေါ်တက်အိပ်နေတာ မင်းက သိသားနဲ့ ဘာလို့လန့်ရတာတုန်းဟ . . . မိုးဇေယျာရ"

"ငါတို့က မကြာခင် လင်မယားဖြစ်ကြတော့မယ့် ချစ်သူတွေလေကွာ၊ စိတ်တူကိုယ်တူ ရှိရမှာပေါ့၊ သူလန့်ရင် ငါလန့်မယ်၊ သူပျော်ရင် ငါပျော်မယ်၊ ဟုတ်ပြီလား . . . ဟဲ . . . ဟဲ"

"ဖရှူး . . . ငါမပြောလိုက်ချင်ဘူး၊ မကောင်းမှုရှောင်မယ် မိုးဇေယျာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကျွန်မတို့ အချိန်ရှိတုန်း လစ်ကြရအောင်"

မီးငယ်က ဘိုသိန်းကို ကားသော့လှမ်းပေးလိုက်တယ်။ မီးငယ်ရဲ့ကားကို ဘိုသိန်းက မောင်းပေးပြီး ကျွန်တော်တို့နှစ်ယောက်က ကားနောက်ခန်းမှာ အေးအေးလူလူ လိုက်ပါလာတယ်။ ကျွန်တော်က ဘိုသိန်းကို လှမ်းပြောလိုက်တယ်။

"ဟော့ကောင် . . . မှော်ဘီသွားမှာနော်၊ လမ်းကြောင်းကို မင်းသိရဲ့လား"

"သိပါတယ်၊ ဘုရင့်နောင်တံတားကနေ သွားရမှာမဟုတ်လား"

"ဘာ . . . မင်းက သိတယ်လည်း ပြောသေးတယ်၊ ဘုရင့်နောင်တံတားကသွားရင် လှိုင်သာယာရောက်သွားမှာပေါ့ဟ၊ ပြည်လမ်းဘက်က သွားရမှာ၊ ပြည်လမ်းဘက်ကို သွား . . ."

ကျွန်တော်နဲ့ ဘိုသိန်း ပြောနေတာကို နားထောင်ရင်း မီးငယ်က ဖြတ်မေးလိုက်ပြန်တယ်။

"မှော်ဘီမှာ ဘာရှိလို့တုန်း"

"ဆရာသိန်းကြီးရှိတယ်လေ . . . အဲယောင်လို့ ဟိုဟာလေ ကျွန်တော် မှော်ဘီမှာ အိမ်ငှားထားတယ်၊ ၆ လစာချုပ်နဲ့၊ အေးအေးဆေးဆေးနေလို့ရတာပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါပြီတဲ့ . . . ဟုတ်ပါပြီရှင့်"

မီးငယ်ဆိုတဲ့ အဲဒီကောင်မလေးဟာလေ သရုပ်ဆောင်တာထောင်မှ ချစ်ဖို့က ကောင်းနေပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဒ် . . ."

သော်သော့်ရဲ့ကဒ် . . . ဆိုတဲ့ အသံအဆုံးမှာ ဒီဇာတ်ဝင်ခန်းလေး အောင်မြင်စွာ ပြီးဆုံးသွားတယ်။ ဒီနေ့ညအတွက်တော့ ရိုက်စရာရှိတဲ့ ဇာတ်ဝင်ခန်းတွေ အားလုံးရိုက်ပြီးသွားပါပြီ။ နောက်နေ့ဇာတ်ဝင်ခန်းတွေကတော့ Indoor။ မှော်ဘီက ဇာတ်လမ်းရိုက်ဖို့ ခဏငှားထားတဲ့အိမ်မှာပဲ ရိုက်ကူးကြတယ်။

"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

"ညက အိပ်ပျော်ရဲ့လား မီးငယ်"

ကျွန်တော်က မီးငယ်ကို မေးလိုက်တယ်။

"ပျော်ပါတယ်၊ ကိုမိုးဇေယျာရော"

"ပျော်ပါ့ဗျာ"

မှော်ဘီမှာနေတဲ့အိမ်က အိပ်ခန်း (၂) ခန်းပါတယ်။ ပျဉ်ထောင်သွပ်မိုး (၁) ထပ်အိမ်။ သိပ်အကျယ်ကြီးတော့ မဟုတ်ပေမယ့် မိသားစုတစ်စုတော့ ကောင်းကောင်းနေလောက်တဲ့ အိမ်မျိုးပါ။ ပြီးတော့ နောက်အရေးကြီးတာ တစ်ခုလည်း ရှိသေးတယ်။ ညကတည်းက ကျွန်တော်တို့နှစ်ယောက် တိုင်ပင်ထားပြီးပြီ။ အဲဒီကိစ္စကလည်း နှစ်ယောက်စလုံးရဲ့ ဆန္ဒသဘောထားပါ။ မီးငယ်က ပြောတယ်။ ကျွန်တော်တို့နှစ်ယောက် ခိုးပြေးလာခဲ့ကြပေမယ့် ဖြူဖြူစင်စင် နေမယ်။ လင်မယားအရာမြောက်အောင် မနေကြဘူးတဲ့။ မီးတော့ တစ်လပြည့်တဲ့နေ့မှာ သူ့အိမ်ကို ဖုန်းလှမ်းဆက်သွားမယ်။ အဲ အချိန် လောက်ဆို သူ့အဖေနဲ့အမေလည်း စိတ်ဆိုးပြေလောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



မီးငယ်က ပြောတယ်။ ဒါကြောင့် သူထင်တာက အဲအချိန်မှာ သူ့မိဘတွေလည်း သဘောတူသွားတဲ့အခါကျမှ တရားဝင်လက်ထပ် ပွဲလေးတစ်ခု လုပ်ကြမယ်။ အဲဒီနောက်ပိုင်းမှ တရားဝင်လင်မယား တွေလို နေကြမယ်ပေါ့။

"ဒါဖြင့် အဲဒီမတိုင်ခင်မှာကော ကျွန်တော်တို့ တရားရုံးမှာ လက်မှတ်လေးဘာလေး ထိုးမထားကြတော့ဘူးလား"

"ထိုးထားရမှာပေါ့ ကိုမိုးဇေယျာရဲ့၊ နို့မို့ရင် ကျွန်မက ယောက်ျားလေးခိုးယူပေါင်းသင်းမှုနဲ့ ထောင်နန်းစံနေရပါဦးမယ်"

"ဒါဖြင့် သွားစို့ မီးငယ်ရေ၊ ခုချက်ချင်းပဲ တရားရုံးမှာလက် မှတ်သွားထိုးကြစို့၊ ပြောရင်းဆိုရင်းတောင် ကြောက်လာပြီ . . . ဟီး . . . ဟီး"

ကျွန်တော်တို့နှစ်ယောက် မော်ဘီမြို့နယ်တရားရုံးမှာ လက် မှတ်ရေးထိုးကြတယ်။ ဘိုသိန်းနဲ့ ကျော်ကျော်နဲ့က သတို့သားဘက်က သက်သေ၊ သော်သော်ရယ် ရပ်ကွက်ထဲက ခေါ်ထားတဲ့ ကောင်မ လေးတစ်ယောက်ရယ်က သတို့သမီးဘက်က သက်သေ . . . အဖြစ် အသီးသီး လက်မှတ်ရေးထိုးကြတယ်။

"မီးငယ်"

"ဘာတုန်း"

ကျွန်တော်က ခေါ်လို့ မီးငယ်က ပြန်ထူးတယ်။

"ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အခေါ်အဝေါ်တွေ ဘယ်လိုပြောင်းကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ ဘယ်လိုမှ ပြောင်းမခေါ်ချင်ဘူး၊ ကိုမိုးဇေယျာက ကိုမိုးဇေယျာလို့ပဲ ခေါ်တာကောင်းတယ်၊ မီးငယ်ကလည်း မီးငယ်ပဲ ကောင်းတယ်၊ ဟုတ်တယ်မို့လား"

"ကိုမိုးဖြစ်ဖြစ်၊ မောင်ဖြစ်ဖြစ်ပေါ့၊ အဲဒါမျိုး မခေါ်ချင်ဘူးလား"

"မခေါ်ချင်ပါဘူး၊ ကလေးကလားနဲ့"

"ကလေးကလားပဲဥစ္စာ၊ ကျွန်တော်တို့က လူကြီးတွေမှ မဟုတ်သေးတာ မီးငယ်ရဲ့"

"မရဘူး . . . အိမ်ထောင်ကျပြီဆိုရင် လူကြီးပဲ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ . . . မီးငယ်သဘောပါပဲ၊ ဒါ လည်း ကျွန်တော်တို့ ဒီအတိုင်းပဲ ဆက်ခေါ်ကြတာပေါ့ မီးငယ်"

နှစ်ယောက်သား ကောင်းကင်ကို ပြိုင်တူမော့ကြည့်လိုက် တော့ ကောင်းကင်ကြီးဟာ ပြာလဲ့လဲ့နဲ့ သာယာအေးချမ်းလို့၊ ဇာ ဝင်ခန်းသဘောအရ မျက်လုံးလေးတွေကို ပေကလပ်၊ ပေကလ လည်း လုပ်ကြရတယ်။

"ကဒ် . . ."

ဒီတစ်ခန်းပြီးသွားတုန်း ကျွန်တော်က မီးငယ်ကို မေးလိုက် တယ်။

"နေပါဦး မီးငယ်ရဲ့၊ မီးငယ် အရင်ကပြောတော့ကျ စ ပြည့်ရင် မီးငယ်ရဲ့မိဘတွေက သဘောမတူဘဲ လာခဲ့မယ်ဆို"

"ဟုတ်တယ်လေ၊ ကိုမိုးဇေယျာရဲ့ တကယ် တမ်းဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တတော့ အဲလိုမျိုးပေါ့၊ လောလောဆယ် ဇာတ်ဝင်ခန်းအရက အဲဒီ အချိန်မှ မရောက်သေးတာ၊ ဒါကြောင့် ဇာတ်ကောင်တွေက ကြိုမသိ သေးဘူးလေ၊ တစ်လပြည့်ရင်တော့ အိမ်က မိဘတွေ စိတ်ဆိုးပြေ ပြီး သဘောတူသွားလောက်ပြီဆိုပြီး ကျွန်မတို့က ယုံကြည်မျှော်လင့် နေမယ့်သဘော . . . ဟုတ်ပြီလား"

"အိုကေ . . . နားလည်သွားပြီ"

ကျွန်တော်က ကိုယ့်ရည်းစားမို့လို့ရယ်၊ မီးငယ်ရဲ့မိဘတွေက လည်း မိဘတွေမို့လို့ရယ် ထားပါတော့။ သူငယ်ချင်းတွေ၊ ကျန်တဲ့သူ တွေဟာ မီးငယ်ရဲ့ပါရမီကို လိုက်ဖြည့်ရတာ သိပ်တော့မလွယ်လှဘူး။ ပါရမီဆို တာထက် မီးငယ်ရဲ့ တဇွတ်ထိုးလုပ်ချင်နေတဲ့ ဆန္ဒကြီးကို ပြောပါ တယ်။ ဒီ Video Art ကြီးက ပြီးရင်လည်း မြန်မြန်ပြီးမှပါပဲ။

"ကဲ . . ဒီနေ့အတွက် နောက်ထပ်ဘာအခန်းရိုက်ဦးမှာ တုန်း"

သော်သော်က မီးငယ်ကို မေးတယ်။

"မပူပါနဲ့ . . . ရိုက်စရာတွေ တပုံကြီး၊ ခုတော့ လက်ဖက် ရည်သောက် ခဏနားကြရအောင်"

ရယ်တော့လည်း ရယ်ရပါတယ်။ ကျွန်တော်တို့ ရိုက်ကူးရေး အဖွဲ့မှာ တပည့်တပန်းတွေ မရှိကြ။ ကိုယ့်အထုပ်ကိုယ်ဆွဲ၊ ကိုယ့်လမ်း ကိုယ်လျှောက်။ သရုပ်ဆောင်ချိန်ကျ ဝင်သရုပ်ဆောင်။ သူ့ဟာနဲ့သူ တော့ ဟုတ်နေကြတာပဲ။

အခုလည်း ခဏတဖြုတ် နား . . . ပြု . . . ပြီး လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်သောက်နေကြတယ်။ ကျွန်တော်လည်း ကိစ္စတစ်ခု မီးငယ်ကို မေးမိတယ်။

"ကိုထွန်းဝေဆီက ဖုန်းတွေဘာတွေ မလာဘူးလား"

"အဲဒီကိစ္စကို ကျွန်မ ကိုမိုးဇေယျာပြောပြဖို့ မေ့နေတယ်၊ သူမသွားခင်ကတည်းက ကျွန်မ ကိုထွန်းဝေကို ကတိတစ်ခုတောင်းပြီးသား၊ ဟိုရောက်ရင် သူ့ဘက်ကနေပြီး စပြီးဖုန်းမဆက်ဖို့၊ ကိစ္စရှိလာရင်လည်း ကျွန်မကပဲ ဖုန်းစဆက်မယ်လို့ မှာထားတယ်လေ"

"အဲဒီတော့ ကိုထွန်းဝေကကော သဘောတူလား"

"တူတာပေါ့၊ မတူလို့ ဘယ်ရမှာလဲ . . . မီးငယ်ပဲ"

"သူ့ဘက်ကနေ ဝင်စဉ်းစားပေးရင် မီးငယ်က နည်းနည်းလေးတော့ များသွားပြီ"

"မတတ်နိုင်ဘူး ကိုမိုးဇေယျာရဲ့၊ ဒီ Video Art ကြီးလုပ်နေတဲ့ ကာလအတွင်းမှာ တခြားအနှောင့်အယှက်တွေ အဝင်ခံလို့ မဖြစ်ဘူးလေ"

စကားဝိုင်းဟာ ရုတ်တရက်ပဲ တိတ်ဆိတ်သွားတယ်။ ပြီးမှ မီးငယ်က ဆက်ပြောတယ်။

"ကိုမိုးဇေယျာကော အခုလိုမျိုး လုပ်ပေးရတာ နစ်နာတယ်လို့ မထင်ဘူးလား"

"မထင်ပါဘူး၊ အဲသလို ထူးထူးဆန်းဆန်း ကိစ္စမျိုးတွေကို ကျွန်တော်စိတ်ဝင်စားပါတယ်"

တစ်ခုခုဆက်ပြောဖို့ စဉ်းစားနေတုန်း ဘော်သော်က ဝင်



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။

"နင်တို့နှစ်ယောက်က အတိုင်အဖောက်လည်း ညီပ့်၊ လိုက်လည်း လိုက်ကြပါပေရဲ့"

ကျွန်တော်က မီးငယ်ကို စိုက်ကြည့်ရင်း မေးမိပြန်တယ်။

"သက်သက်မဲ့ ဒီ Video Art ကြီးကို စမ်းလုပ်ကြည့်ချင်တာက အဓိကလား၊ ဒါမှမဟုတ် ကိုထွန်းဝေရဲ့ စိတ်နဲ့အချစ်ကို စမ်းသပ်ချင်လို့ ဒါကြီးကို ရိုက်တာလားဆိုတာ ပြောလို့ရမလား မီးငယ်"

"ဒီ Video Art ကြီးက ဒါကို အဓိကပါ၊ အဓိကလုပ်ချင်တာပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အမှန်အတိုင်း ဝန်ခံရရင်လည်း ကျွန်မတို့အားလုံးက ကိုထွန်းဝေအပေါ် ဝိုင်းပြီးအရှုးလုပ်နေကြသလိုတော့ ဖြစ်နေလိမ့်မယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ စိတ်မကောင်းစွာနဲ့ ဆက်တော့လုပ်ကြရမှာပဲ"

ကျွန်တော့်အမေးကို မီးငယ်က သေချာပြန်ဖြေတယ်။ ပြီးတော့ ဆက်ပြောသေးတယ်။

"ကျွန်မအနေနဲ့ ကိုယ်လုပ်ချင်တာ အတင်းစွတ်လုပ်နေသလို ဖြစ်သွားတယ်၊ နည်းနည်းတော့ စိုးရိမ်မိပေမယ့် . . ."

မီးငယ်က ပြောလက်စ စကားကို ခဏရပ်ပြီး စဉ်းစားနေတယ်။ ဒါကြောင့် ကျွန်တော်က စကားပြန်ဆက်ပေးရတယ်။ အဲဒီတော့မှ မီးငယ်က . . .

"နည်းနည်းပါးပါး စိုးရိမ်နေပေမယ့် မှားကာမှ မှားသွားရော ကျွန်မ အပိုင်တွက်ထားတာ တစ်ခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများတုန်း"

ဝိုင်းမေးလိုက်ကြတယ်။

"ဒီ Video Art ရဲ့ဇာတ်ညွှန်းကို အားလုံးဖတ်ပြီးသား သိပြီးသားဖြစ်နေလို့ ထပ်မပြောတော့ပါဘူး၊ ဇာတ်သိမ်းခန်းတစ်ခုပဲ အရှင်သဘောမျိုးထားထားလို့ ဘယ်သူမှ မသိကြသေးဘူး၊ ကျွန်မလည်း မသိဘူး၊ ကျွန်မအပိုင်တွက်ထားတယ်ဆိုတာက ကိုထွန်းဝေရဲ့ သဘောထားကို ပြောတာပါ၊ မေမေတို့က သူ့ကိုဖုန်းဆက်အကြောင်းကြားလို့ အားလုံးကို သိသွားတဲ့အချိန်မှာ သူဘယ်လိုဆုံးဖြတ်မလဲ၊ Video ရိုက်နေမှန်းလည်း မသိတော့ တကယ်ပဲ အောက်မေ့နေလိမ့်မယ်၊ ဘယ်လောက်ပဲ ကျွန်မတို့က ဖြူဖြူစင်စင် နေခဲ့ကြတယ်ပြောပြော၊ တစ်ခါခိုးပြေးဖူးပြီးသား မိန်းကလေးတစ်ယောက်ကို သူလက်ထပ်ရဲပါ့မလား၊ ကျွန်မအပိုင်တွက်ထားတာက အဲဒီအချိန်မှာ ကိုထွန်းဝေဟာ ကျွန်မကို လက်မထပ်ပါရစေနဲ့တော့လို့ ပြောလာလိမ့်မယ်"

ကျွန်တော်အပါအဝင် အားလုံးပဲ မှင်တက်သွားကြတယ်။ ဪ . . . ကောင်မလေးရယ်၊ မင်းဟာ အဲသလောက်ထိတောင် ရိုမန်တစ်ဖြစ်ချင်လွန်းနေတာပါလား။

"မီးငယ်ကို ကျွန်တော်တစ်ခုလောက် မေးမယ်"

"မေးပါ"

"အဲဒီအချိန်မှာ ကိုထွန်းဝေက မီးငယ်ကို ယူမှာပဲဆိုရင်ရော ဟင်"

မီးငယ်က တစ်ချက်တော့ တွေဝေသွားတယ်။ ပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



တွေးတွေးဆဆနဲ့ ဖြေတယ်။

"အဲဒီအခြေအနေမျိုး ရောက်လာပြီဆိုရင်တော့ ကိုထွန်းဝေကိုပဲ ယူပါ့မယ်ဆိုတာ ဖေဖေတို့ကိုတောင် ကတိပေးပြီးသွားပြီပဲ၊ ဒါပေမယ့် အဲဒီအခြေအနေမျိုးဖြစ်လာဖို့ဆိုတာလည်း ခဲယဉ်းပါတယ်"

မီးငယ်က တော်တော်လေးကိုမှ အပိုင်တွက်ထားပုံရတယ်။ မီးငယ်ကပဲ ဆက်ပြောတယ်။

"ကျွန်မတို့ရဲ့ Video Art ကိစ္စကိုတော့ ကိုထွန်းဝေမသိအောင် ကျွန်မတို့အားလုံး နှုတ်လုံကြရလိမ့်မယ်၊ အဲဒီတစ်ခုတော့ဝိုင်းပြီးကူညီပေးကြပါ၊ Video ရိုက်တာပါ၊ တကယ့်ဖြစ်ရပ်တွေ မဟုတ်ပါဘူးဆိုတဲ့ အကြောင်းကို ကိုထွန်းဝေရဲ့တစ်ဘဝလုံးမှာ ဘယ်အချိန်မှာမှ သိသွားလို့ မဖြစ်ဘူး"

"နင် ဒါရိုက်တာလုပ်ပါလား မီးငယ်"

"ဟုတ်တယ် ဟုတ်တယ်၊ ငါတို့လည်း သော်သော့်အကြံကိုထောက်ခံတယ် . . . ဟဲ . . . ဟဲ"

အရေးထဲ သော်သော်၊ ကျော်ကျော်နဲ့ ဘိုသိန်းတို့က မီးငယ်ကို ဒါရိုက်တာလုပ်ခိုင်းနေပြန်ပါပြီ။

"မဟုတ်ဘူး . . . ငါက ကမ္ဘာ့အမြင့်ဆုံးပန်းခြံကြီးကို ပုံစံထုတ်ပေးဦးမှာ"

"ပန်းခြံက ဘယ်လိုလုပ်ပြီး ကမ္ဘာ့အမြင့်ဆုံးဖြစ်မှာလဲ၊ မျှော်စင်မှ မဟုတ်တာ"

"သော်သော်ရယ် . . . ဒါများ နင်ငါ့သူငယ်ချင်းလို့ ရကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲမပြောနဲ့၊ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်ပေါ်မှာ ဆောက်လုပ်ဖို့ ပန်းခြံပုံစံကို ဆွဲပေးမှာပေါ့ဟ၊ အဲဒါဆိုရင် ငါ့ဥစ္စာက ကမ္ဘာ့အမြင့်ဆုံးပန်းခြံဖြစ်သွားရော၊ မပိုင်ဘူးလား"

"ပိုင်ပါ့ရှင် ပိုင်ပါ့၊ ငါ့နှယ် . . . ဉာဏ်ကြီးရှင်မနဲ့ လာတွေ့နေရတယ်"

သော်သော်က ငေါ့တော့တော့လေး ပြောလိုက်တာကို မီးငယ်က မျက်နှာခပ်တည်တည်ပြန်လုပ်ပြီး ပြောပြန်တယ်။

"ငါလည်း ပျော်စေပြက်စေတွေ လျှောက်ပြောနေရတာ ရှုးများနေပြီလား မသိပါဘူးဟာ"

"နင့်ကိုယ်နင်သိရင် ပြီးတာပါပဲ"

သော်သော်က မီးငယ်ကို ခွင်ဝင်လာတုန်း ပြောထည့်လိုက်တယ်။ ပြီးတော့ ကျွန်တော့်ကိုလည်း မေးသေးတယ်။

"ကိုမိုးဇေယျာ . . သမီးသူငယ်ချင်းကို စိတ်မညစ်ဘူးလား"

"ဟင့်အင်း . . . မညစ်ပါဘူး"

ကျွန်တော်က အဲသလိုပြန်ဖြေလိုက်တော့ သော်သော်က မျက်ခုံးပင့်ပြီး မျက်နှာရှုံ့ပြလိုက်တယ်။

"ဟား . . . ဟား . . . ဟား . . . ဟား"

ဘိုသိန်းတို့ ကျော်ကျော်တို့ကလည်း ဝင်ဟားပြီး အားပေးကြလေရဲ့။

ဩော် . . . မီးငယ် . . . မီးငယ်၊ မင်းကြောင့်ပေါ့ ခက်ကုန်ပြီနော်။



www.burmeseclassic.com

www.burmeseclassic.com



"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

"ဟင်းက နည်းနည်းလေးတော့ ငန်သွားတယ်၊ ထမင်းစားလို့ ကောင်းရဲ့လားရှင့် . . . ကိုမိုးဇေယျာ"

"ကောင်းမှကောင်း၊ ကောင်းမှကောင်း"

စိတ်ထဲကတော့ ငန်တာကို ငန်တယ်လို့မှတ်ရင်း၊ ဒါဟာ ဘာရားရသွားစရာ အခွင့်အရေးတစ်ရပ်ပေပဲလို့ တွေးနေမိတယ်။ ထမင်းစားသောက်ပြီး ပန်းကန်ဆေးဖို့လုပ်ကြရာမှာ ပြဿနာကစလာတယ်။

"ထားခဲ့လိုက် . . . ကိုမိုးဇေယျာ၊ ပန်းကန်တွေအိုးတွေ ကျွန်မ ဆေးလိုက်မယ်"

"မလုပ်ရဘူး မီးငယ်၊ ကျွန်တော်ခွင့်မပြုနိုင်ဘူး"

"ဘာဖြစ်လို့"

"ဟင်းချက်ကတော့ ကျွန်တော်မချက်တတ်လို့မို့ ဘာမှမပြောလိုဘူး၊ ပန်းကန်ခွက်ယောက်ကတော့ ကျွန်တော်ပဲ ဆေးမယ်"

"ဒီလိုကြေးတော့ မရဘူးလေ ကိုမိုးဇေယျာရဲ့၊ ကိုမိုးဇေယျာ အရမ်းဆေးချင်ရင် ပန်းကန်တွေ တစ်ဝက်စီခွဲဆေးမယ်"

"ဒါဆို ဟင်းချက်ရင်လည်း တစ်ဝက်စီချက်ကြကြေးနော်၊ ဘယ်လိုလဲ"

"ဟမ် . . . ဟင်းချက်တတ်လို့လား"

"အရင်သင်ပေးပေါ့၊ ချက်တတ်သွားပြီဆိုရင် အဲဒီနောက် ခိုင်းကိုပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ . . . လုံးဝသဘောတူတယ်"

အဲဒီနောက်ပိုင်းမှာ မီးငယ်က ကျွန်တော့်ကို ဟင်းချက်သင်ပေးပါတယ်။ ချက်တတ်သွားပြီးနောက်ပိုင်း အဲဒီသဘောတူညီချက်အတိုင်း ဆက်လုပ်ကြတယ်။ ပန်းကန်လေးချပ်ဆေးစရာရှိရင် တစ်ယောက်နှစ်ချပ်။ အကယ်၍ ပန်းကန်ငါးချပ်ဆိုရင်တော့ တစ်ယောက်ကို နှစ်ချပ်စီ၊ ကျန်တဲ့တစ်ချပ်ကို တစ်ယောက်ကိုတစ်ခြမ်းစီ ဆေးကြတယ်။ ဟင်းချက်တော့လည်း အဲလိုပဲ။ တစ်ယောက်တစ်ဝက်စီ။ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုတဲ့ သဘောကို အတိအကျသက်ရောက်စေအောင်ပေါ့လေ။

BURMESE CLASSIC

"ကိုမိုးဇေယျာ . . . ခုရက်ပိုင်းမှာ ကျွန်မလေ ပျို့ပျို့ပြီး အန်ချင်သလို ဖြစ်ဖြစ်နေတယ်"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ၊ ဒီတစ်လလုံး ဖြူဖြူစင်စင်နေဖို့ သဘောတူထားပြီး ကျွန်တော်တို့က အဲဒီစည်းကမ်းအတိုင်း နေနေကြတာပဲ မဟုတ်လား . . . မီးငယ်"

"အို . . . ကိုမိုးဇေယျာကလည်း၊ တောင်တောင်အီအီတွေ လျှောက်မတွေးပါနဲ့၊ စားတာနည်းနည်းများပြီး ကျွန်မက အစာမကြေဖြစ်နေတာပါ"

"တော်သေးတာပေါ့ မီးငယ်ရယ်၊ တော်ကြာ ကိုဝင်းကြည်နဲ့များ တွေ့ရတော့မလားလို့ . . . ဟူး"

"ဟွန်း . . . ကိုမိုးဇေယျာနော်၊ တော်တော်တယ်"

"ကဒ် . . ."



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

"ယောက်ျားရေ . . . ကျွန်မတို့သမီးလေးတော့ အဆင်မှ ပြေပါ့မလား မသိပါဘူး"

"စိတ်မပူပါနဲ့ကွာ၊ ကလေးမှ မဟုတ်တော့ဘဲ"

"အဲဒါတော့ ရှင်ပြောမှလား၊ ကလေးမဟုတ်လို့ဘဲ ခိုးရာ လိုက်သွားတာပေါ့"

"ငါကတော့ လိုင်စင်ကိစ္စတွေးနေတာ မိန်းမရာ"

"ဟင် . . ."

"ကားလိုင်စင်လေကွာ၊ သမီးယူသွားတဲ့ ပရာဒိုက လိုင်စင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖို့ရက်နီးနေပြီလေကွာ”

“အရေးထဲ . . . ရှင်က တမျောင့်၊ သမီးကို မြန်မြန်ရှာကြ စို့လား . . . ယောက်ျားရယ်”

“ငါလည်း ရှာနေတာပဲကွာ . . . မင်းကလည်း၊ ငါလည်း အဖေပါဟ . . . မိန်းမရ၊ ရဲစခန်းမှာလူပျောက်တိုင်ဖို့ကျတော့ မဖြစ် သေးဘူးလေ၊ အရမ်းဟိုးလေးတကျော် ဖြစ်ကုန်မယ်၊ ကုမ္ပဏီရှယ် ယာရှင်တွေလည်း ပေးသိလို့မဖြစ်ဘူးလေ၊ ငါက ရှယ်ယာ (၆၀) ရာခိုင်နှုန်းပိုင်တာပဲ၊ သူငွေးပဲဆိုပြီးတော့ သူတို့ကို သွားဂရုမစိုက်လို့ တော့ မရဘူး၊ ငွေတွေ ပြန်ထုတ်ကုန်မှဖြင့် ဖွတ်ကလိဒင်္ဂါးဖြစ်ကုန် မယ်”

BURMESE CLASSIC

“တိုတိုရှင်းပြလည်း ရပါတယ် ယောက်ျားရယ်၊ ကျွန်မနား လည်ပါတယ်”

“ကဒ် . . .”

“ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး”

“မိုးဇေယျာ . . . မင်းဘာတွေစဉ်းစားနေတာလဲ”

ကျော်ကျော်က ကျွန်တော့်ကို မေးတယ်။ အနားမှာ ဘိုသိန်း လည်း ရှိနေတယ်။

“မီးငယ်ကတော့ တက်ကြွနေတာပဲ၊ တစ်လပြည့်ရင် သူ့ အဖေနဲ့အမေဆီ ဖုန်းဆက်မယ်၊ အကျိုးအကြောင်းပြောပြပြီး နည်း နည်းလောက် ချွဲပြလိုက်ရင်ပဲ တန်းကနဲ သဘောတူသွားတော့မလို့ လို့။ ငါကတော့ စိတ်ထဲတထင့်ထင့်ပဲ ကျော်ကျော်ရေ

www.burmeseclassic.com

www.burmeseclassic.com



"ထင့်ရမယ်လေ . . . ထင့်ရမယ်၊ စိတ်ထင့်သင့်တဲ့ ကိစ္စပဲဟာ"

"ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်၊ မိဘနဲ့သားသမီးဆိုတာ စိတ်ဆိုးလည်း ခဏပဲဟာ"

"အဲဒီတော့ . . ."

"ဒီအချိန်မှာ ငါတို့က လက်မှတ်လည်း တရားဝင်ထိုးပြီး ပြီလေ၊ ငါတို့ကို ကွဲစေချင်ရင်တောင် သူတို့ဘယ်လိုခွဲမလဲ"

ကျွန်တော်က အဲလိုပြောလည်း ပြောလိုက်ရော၊ ဘိုသိန်းနဲ့ ကျော်ကျော်က မျက်လုံးကြီးတွေ အားရပါးရပြူးပြပြီး ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ကြတယ်။

"ငပေါ . . ."

"ကဒ် . . ."

"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

"ကိုမိုးဇေယျာ . . . ရာ့"

"ခင်ဗျာ . . . ဗျာ့"

မီးငယ်က တမင်လုပ်ယူထားတဲ့ အသံပုံစံမျိုးနဲ့ ခေါ်လိုက်တော့ ကျွန်တော်ကလည်း ဟန်လုပ်ပြီး ထူးလိုက်ပါတယ်။

"တစ်ခုမေးဖို့ဆိုတာ မေ့မေ့နေတယ်၊ ကိုမိုးဇေယျာတို့ ဒဂုံတက္ကသိုလ်ကျောင်းတက်တုန်းက ကဗျာစာအုပ်ထုတ်ဖူးသေးလား၊ စာအုပ်တချို့တော့ ယူဖတ်ဖူးတယ်၊ ကိုမိုးဇေယျာရဲ့ ကဗျာမပါဘူး ထားလို့၊ တခြားကလောင် ရှိသေးလား၊ ကလောင်က ဒီနာမည်



www.burmeseclassic.com

www.burmeseclassic.com



အရင်းပဲလား"

"မိုးဇေယျာဆိုတာ ကလောင်အမည်လည်း မိုးဇေယျာပါပဲ ဒါပေမယ့် ကျွန်တော်က ကဗျာစာအုပ်ထုတ်ဖို့ကျတော့ ဆန္ဒမပြင်း လှဘူး၊ ကဗျာစာအုပ်ထဲဝင်ရေးရင် လက်ကျသွားလို့ ဟဲ . . . ဟဲ . . . နောက်တာပါ၊ ကျောင်းက ကဗျာစာအုပ်တွေထဲမှာ မတောက် တခေါက် ရေးရေးနေတဲ့ကောင်တွေ ကျွန်တော်တို့ batch မှာ ရှိသား ပဲ၊ မီးငယ်တောင် ကြားဖူးမလားမသိဘူး၊ မြန်မာစာမေဂျာက နီထူး ခိုင်တို့၊ ရဲဒင်းထက်တို့၊ မိုးထက်ကြောင်တို့၊ နောက်ပြီး အင်္ဂလိပ်စာ မေဂျာက လင်းမိုက်တို့၊ နောက်ထပ်တောင် ရှိပါသေးတယ်၊ ရုတ် တရက် စဉ်းစားမရလို့"

"ကျွန်မအကြောင်းဖွဲ့ထားတဲ့ ကဗျာတွေဘာတွေကော မရှိ ဘူးလား"

"ရှိ . . . "

စာသင်ခန်းထဲမှာ ဆရာက Roll Sheet ခေါ်လို့ ထူးသလို မျိုး ကျွန်တော်က လက်ညှိုးထောင်ပြပြီး မီးငယ်ကို ဖြေလိုက်တယ်။ မီးငယ်က သူ့လက်နှစ်ဖက်နဲ့ ကျွန်တော့်ရဲ့လက်ကို သာသာလေး ဆုပ်ကိုင်ဆွဲချလိုက်ပြီး မျက်စောင်းလေးကိုချစ်စဖွယ်ကောင်းအောင် ထိုးပြတယ်။ ပြီးတော့ ပြောတယ်။

"ဒါဖြင့် ပေးဖတ်လေ"

"ကျွန်တော့်သဘောက မဖတ်စေချင်ဘူး"

"ဒါဖြင့် နားထောင်မယ်လေ၊ ရွတ်ပြ"



www.burmeseclassic.com

www.burmeseclassic.com



"ဖတ်လည်း မဖတ်စေချင်ဘူး၊ နားလည်း မထောင်စေချင်ဘူး"

"ဘာဖြစ်လို့"

"ရိုမန်တစ်ဖြစ်မှာ မဟုတ်ဘူး၊ ဒီလိုလေ . . . မီးငယ်ရေရေ လည်လည် နားလည်သွားအောင် ကျွန်တော်သေချာရှင်းပြမယ်၊ ဥပမာ-အနုပညာတစ်ရပ်ရပ်ပေါ့၊ ကဗျာဖြစ်ဖြစ်၊ ပန်းချီဖြစ်ဖြစ်၊ သီချင်းဖြစ်ဖြစ် . . . သူဟာ အကြောင်းအရာတစ်ခုကို ရည်ညွှန်းဖွဲ့ဆိုတာမျိုးဖြစ်ခဲ့ရင် အဲဒီအကြောင်းအရာကြီးနဲ့ အဲဒီအနုပညာကို တိုက်ရိုက်ကြီးပေးတွေ့လို့ မဖြစ်ဘူး၊ ဆိုပါစို့ . . . "လပြည့်ည" သီချင်းကို လပြည့်ညမှာ လကိုမော့ကြည့်ပြီး၊ . . . လပြည့်ည . . . ဒါဟာ . . . လပြည့်ည . . . လို့ အော်ဆိုနေမယ်ဆိုရင် ပေါတောတောကြီးဖြစ်သွားမယ်၊ ကျွန်တော်ဆိုလိုတာက အနုပညာနဲ့ သူ့ရဲ့ကိုယ်ပိုင်အကြောင်းအရာဟာ အရမ်းကြီးထပ်တူညီသွားရင် သိပ်အဆင်မပြေလှဘူး၊ နည်းနည်းပေါ်သွားသလို ခံစားရတယ်၊ ဒါက ကျွန်တော့်ကိုယ်ပိုင်အယူအဆပါ၊ ခု ဒါကြောင့်မို့လည်း မီးငယ်အကြောင်းရေးဖွဲ့ထားတဲ့ ကဗျာကို မီးငယ်နားထောင်ဖို့ ရွတ်ပြရမယ်ဆိုရင် ပေါ်တောတောကြီးများ ဖြစ်နေမလားလို့ပါ"

"မရဘူး ကိုမိုးဇေယျာ၊ တစ်ပုဒ်လောက်တော့ ရွတ်ပြ"

"ဒီကောင်မလေး ဇွတ်ပါလား"

"ရွတ်ပြမှာလား၊ မရွတ်ပြဘူးလား"

"ရွတ်ပြပါ့မယ်ဗျာ၊ မီးငယ်သေချာနားထောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



ခုမှတော့ ခက်ပြီ။ ကျွန်တော်လည်း ပေါ်တာကို ဘေးချိတ်ပြီး ရွတ်ပြရပေဦးတော့မယ်။ ပေါ်ကာမှ ပေါ်သွားရော ပေါ်ပြရပေဦးတော့မယ်။ ဘယ်ကဗျာရွတ်ရမလဲ၊ ဘယ်ကဗျာရွတ်ရမလဲ။ မီးငယ်နဲ့ပတ်သက်တဲ့ ကဗျာတွေထဲမှာ အလှတရားဖွဲ့ကဗျာကလည်း မရှိ၊ မီးငယ်ကလည်း မှုန်နေအောင် မလှ။ သိပ်မချောသိပ်မလှကြောင်း ရွတ်နောက်နောက်နဲ့ လျှောက်ရေးထားတဲ့ ကဗျာလေးတွေတော့ ရှိတယ်။ အဲဒါမျိုးတွေ သွားရွတ်ပြလို့ စိတ်ဆိုးသွားမှဖြင့်လည်း အခက်။

ဘာရွတ်ရမလဲ။ ဘာရွတ်ရမလဲ။ ဘာရွတ်ရမလဲ။
ဟုတ်ပြီ။ ဟုတ်ပြီ။
"ဟုတ်ပြီ . . . မီးငယ် သေချာနားထောင်နော်"
"အင်းပါဆို"

"မိုးရေတာက်ရေ တဖွေးဖွေး
ကွင်းကျယ်အဝေးဝေး။
လယ်စောင့်တဲလေး ခြေတံရှည်
မိုးကုပ်အောက်မှာနေ။
ကြာနီတစ်ပွင့်ဖြူတစ်ပွင့်
တဲနဲ့ပန်းတင့်။"

"ဟင် . . . ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ဆရာကြီးမင်း



www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့ ကဗျာပဲ၊ အဲဒါနဲ့ ကျွန်မအကြောင်းဖွဲ့တာ ဘာဆိုင်လို့လဲ"

"မသိဘူးလေ၊ ဆိုင်များ ဆိုင်မလားလို့ပါ၊ ကဲ . . . ဟုတ်ပြီ၊ ရွတ်ပြမယ်၊ ဒီတစ်ခါ မီးငယ်အကြောင်း တကယ်ခံစားချက်နဲ့ ရေးသားတဲ့ကဗျာ . . . ဥုံ . . . ဖွ . . ."

■ ကောင်မလေးရေ

ညည်းဟာ . . . ငါ့ဘဝရဲ့ပွဲတင်သံလေးတစ်ခုပါ . . .

ပင်လယ်အော်သံအခွေစထွက်တုန်းက . . .

ကိုလေးဖြူရဲ့ပရိသတ်တွေဆိုတာ . . .

အုန်းအုန်းထနေသလိုမျိုး . . .

ငါ့ရင်ဘတ်ထဲက အချစ်စိတ်တွေဆိုတာလည်း . . .

အုန်းအုန်းထနေခဲ့၊

ဒါပေမယ့် . . .

ညည်းသိနိုင်ပါ့မလား ကောင်မလေးရေ။

■ ကောင်မလေးရေ

ပထမဆုံး . . .

ညည်း မုန့်ဟင်းခါးလာစားတဲ့ မနက်တုန်းက . . .

ရှုံးရှုံးရှဲရှဲဖြစ်နေတဲ့ ညည်းကိုကြည့်ရင်း . . .

ညည်းကိုစပ်အောင်လုပ်တဲ့ . . .

ညည်းရဲ့ပါးစပ်ထဲက ငရုတ်သီးမှုန့်တွေကို . . .



www.burmeseclassic.com

www.burmeseclassic.com



ငါဆိုတာ . . . မုန်းပစ်လိုက်တာများ . . .
မုန်းပစ်လိုက်တာများ . . .၊
ညည်းလည်းထသွားပြီးရော . . .
ညည်းထိုင်ခဲ့တဲ့၊ စားပွဲပေါ်က ငရုတ်သီးမှုန့်ဘူးကိုယူပြီး . .
ဟောဒီ . . . စကြဝဠာအပြင်ဘက်ရောက်အောင် . . .
ငါ . . . အားကုန်လွှင့်ပစ်လိုက်တော့ . . .
ထူးကဲကင်တင်းက အဒေါ်ကြီးခမျာ . . .
အဲဒီမနက်က . . .၊ ဘုရား . . . ဘုရား . . . နဲ့ . . .
ရင်ဘတ်ကိုဖိပြီး၊ ဘုရားတယူရပုံများ ပြောပါတယ်။

"ဟီ . . . ဟိ . . . တော်တော်ပေါ်တာပဲနော် . . . ကိုမ
ဇေယျာ"

"ကျွန်တော်အစောကတည်းက ပြောသားပဲ၊ ရိုမန်တစ်ဖြ
မှာ မဟုတ်ဘူးလို့၊ ပေါ်တောတောဖြစ်သွားမယ်ဆိုတာ"

"ခုဟာကတော့ မဆိုင်ပါဘူး၊ ကဗျာရဲ့မူရင်းဓါတ်သဘော
ကိုက ပေါ်နေတာ"

"မီးငယ်ပဲ ရွတ်ပြပါဆိုလို့လည်း ရွတ်ပြရသေးတယ်"

ကျွန်တော်တို့နှစ်ယောက် အချေအတင် စကားတွေပြ
ရင်း ကြည်ကြည်နူးနူး ဖြစ်နေကြပုံတွေကို ရိုက်ယူနေတဲ့ ...င်မ
ဟာ ဝေးသွားလိုက်၊ နီးလာလိုက်နဲ့ ကင်မရာမင်း Zoom ...
ကစားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဒ် . . ."

"ပင်ပန်းသွားကြပြီ"

ဘိုသိန်းက ကျွန်တော်တို့နှစ်ယောက်ကို ပြောလိုက်တယ်။

"ဟော့ကောင် ဘာတုန်းကွ၊ ကိုရီးယားကားများ မှတ်နေလား"

မတတ်နိုင်ဘူး။ ကျွန်တော်လည်း ဘိုသိန်းကို အသာဆူ ဆည့်လိုက်ရတယ်။ နို့မို့ရင် ဒီကောင်က သိပ်မလွယ်ဘူးလေ။

"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

"ဟဲ့ . . . မီးငယ်၊ နင့်အဖေနဲ့အမေ ငါတို့အိမ်ရောက်လာ သေးတယ်၊ နင့်အကြောင်း လာစုံစမ်းတာ"

"ဘာနဲ့ဧည့်ခံလိုက်တုန်း"

"လက်ဖက်သုပ်နဲ့ ရေနွေးကြမ်း၊ အာ . . . အရေးထဲ နင်က တစ်မျိုး၊ သူတို့ကိုကြည့်ရတာ ခုချိန်ထိ ကိုမိုးဇေယျာနဲ့ နင်နဲ့ကို သဘော တူသေးပုံမရဘူးနော်"

"ဟုတ်တယ်လား၊ အမ် . . . ငါတို့ဘယ်မှာနေလဲဆိုတာ မေးသွားသေးလား"

"အဲဒါ မေးချင်လို့ကို ရောက်လာတာ၊ မမေးဘဲ ဘယ်နေ လိမ့်မတုန်း"

"မော်ဘီလို့တော့ မဖြေလိုက်ဘူးမလား"

"တိုက်ကြီးလို့ပဲ ဖြေလိုက်တယ်၊ အာ . . . ငါလည်း ယောင် နေပြန်ပြီ၊ ငါက မသိဘူးပဲ ပြောလိုက်တာပေါ့ဟာ၊ နင့်ကို ချောင် ချေပါဘူးဟာ၊ စိတ်ချ . . . စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဖေဖေနဲ့ မေမေရယ်၊ သမီးအလိမ္မာလေးကို အခုချိန်ထိ နားမလည်သေးပါလားကွယ်"

"အလိုလေး . . . ပြောတတ်လိုက်တာ သူငယ်ချင်းရယ်"

"ကဒ် . . ."

မီးငယ်နဲ့ သော်သော်နဲ့ စကားပြောခန်းရိုက်ပြီးသွားတယ်။

"ဒီနေ့တော့ ဒီလောက်ပဲ"

မီးငယ်က ဒီနေ့အဖို့တော့ ထပ်ရိုက်စရာ မရှိတော့ပြီဖြစ်တဲ့အကြောင်း ပြောတယ်။

"ဒီည အိမ်ပြန်ရောက်ရင် ဖေဖေ၊ မေမေတို့နဲ့ ဇာတ်တိုက်ရဦးမယ်၊ မနက်ဖြန် ဇာတ်ဝင်ခန်းအတွက်၊ မနက်ဖြန်ဇာတ်ဝင်ခန်းက ဖေဖေတို့က အိမ်ရှာတွေ့ပြီး ကျွန်မတို့ဆီ ရောက်လာမယ်၊ ပြီးတော့ ထုံးစံအတိုင်း ကျွန်မတို့ချစ်ခြင်းကို ခွဲမယ်၊ ကျွန်မကို အိမ်ပြန်ခေါ် သွားကြမယ်၊ အဲဒီအခန်းရိုက်ရမှာ"

"ဒါဆိုရင် မနက်ဖြန်ဇာတ်ဝင်ခန်းက Heavy Drama ပေါ့ ဟုတ်လား မီးငယ်"

"ဟုတ်သပ့်ရှင့်၊ ဟုတ်သပ့်"

ဘာပဲပြောပြော မီးငယ်ရဲ့ဟောဒီ Video Art ကြီးကိုသာ မြန်မြန်ပြီးပါစေတော့လို့ ကျွန်တော်တို့ ဆုတောင်းကြရတော့တယ်။ သူငယ်ချင်းတွေအပါအဝင် မီးငယ်ရဲ့အဖေနဲ့အမေဆိုလည်း ဒါကို အမြန်ဆုံးပြီးစေချင်ကြမှာတော့ မလွဲပါဘူး။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

ဒီနေ့ဇာတ်ဝင်ခန်းအတွက် အိပ်ရာမှ ခပ်စောစောပဲ ထလိုက်တယ်။ မီးငယ်ပြောပုံအရဆိုရင် ဒီနေ့ဇာတ်ဝင်ခန်းက နည်းနည်းတော့ အရေးကြီးတယ်ဆိုလားပဲ။ လုပ်စရာကိစ္စဝိစ္စတွေလုပ်ပြီး ကျွန်တော်က အိမ်မှာ ဒီအတိုင်းပဲ စောင့်နေလိုက်တယ်။ ဩော် . . . ငါ့နှယ်။

"တီ . . . တီ . . . တီ . . ."

ဟော . . . ပြောရင်းဆိုရင်း မီးငယ်က ဟွန်းတီးပြီးခေါ်နေပြီ။

"လာပြီ . . . လာပြီ၊ Just a moment"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်က ဝရန်တာထွက်ပြီး မီးငယ်ကို လှမ်းအော်ပြောရသေးတယ်။ ဇာတ်ဝင်ခန်းအရ ဝတ်ရမယ့် အင်္ကျီနဲ့ပုဆိုးကို တစ်ခါထဲ ကိုယ်ပေါ်မှာ ဝတ်လိုက်ပါတယ်။ ဒါမှ အပိုတစ်စုံယူမသွားရမှာလေ။ ပြီးတော့ အခန်းတံခါးသော့ပိတ်ပြီး အောက်ကို ခပ်မြန်မြန်ပဲ ဆင်းသွားလိုက်တယ်။ အောက်ရောက်တော့လည်း ကားတံခါးကို ဆွဲဖွင့်ပြီး ခပ်မြန်မြန်ပဲ ဝင်လိုက်တယ်။

"ဟူး . . ."

"ဘာဖြစ်တာလဲ"

ကျွန်တော်သက်ပြင်း ရှတ်တရက်ချလိုက်ရခြင်းရဲ့ အနက်အဓိပ္ပါယ်ကို မီးငယ်က သိချင်ပုံပေါ်သွားတယ်။

"မဟုတ်ပါဘူး၊ ဒီနေ့ဇာတ်ဝင်ခန်းကျမှပဲ ကိုယ်ဝတ်စားထားတာ ကိုယ့်ဘာသာကြည့်ပြီး ကျွန်တော်စိတ်အိုက်နေလို့ပါ"

"ဒါအရေးကြီးတယ် ကိုမိုးဇေယျာရဲ့၊ အဲဒါအရေးကြီးတယ်"

"အရေးကြီးမှန်း သိပါတယ်"

"အခုလို အင်္ကျီက စုတ်စုတ်ပြတ်ပြတ်၊ ပုဆိုးက ကွက်ကြားကြီးနဲ့မှ အဆင်ပြေမှာ"

"ဒါတော့လည်း ဒါပေါ့"

"ဒီနေ့ တစ်လပြည့်တဲ့နေ့ဆိုတော့၊ ဖေဖေနဲ့မေမေက သူတို့ဘာသာ အိမ်ရှာတွေ့သွားပြီး ရောက်လာမယ်၊ ကျွန်မက အိမ်ကို လုံးဝမဆက်သွယ်ရသေးဘူး၊ အဲဒီအချိန်မှာမှ ကိုမိုးဇေယျာရဲ့ ဒီလို ဝတ်စားထားပုံမျိုးကိုမြင်တော့ သူတို့ကပြောပြီပေါ့၊ သင်းရယ် သမီး



www.burmeseclassic.com

www.burmeseclassic.com



အကောင်ကို ကြည့်စမ်း၊ စုတ်ပြတ်သတ်နေတာပဲ၊ ဘာဖြစ်တယ် ညာဖြစ်တယ်ပေ့ါ။ အဲဒီမှာ ကိုမိုးဇေယျာရေးထားတဲ့ ဒိုင်ယာလော့ခ်တွေက အရမ်းမြောက်သွားပြီ၊ တွေးကြည့်ရုံနဲ့တောင် ဘယ်လောက် Art ဖြစ်နေပြီလဲ . . . ကိုမိုးဇေယျာရဲ့"

ကျွန်တော့်မှာ ဘာမှမပြောသာတော့။ မျက်နှာကြီးကိုသာ ရှုံ့ပြလိုက်ရပါတော့တယ်။ ဩော် . . . ဒီနေ့ဇာတ်ဝင်ခန်းကလည်း ဒီနေ့ဇာတ်ဝင်ခန်းပါပဲလေ။ ကိုယ်ရေးထားတဲ့ ဇာတ်ညွှန်းစကားလုံးတွေဟာ ကိုယ့်ကိုပြန်လာတိုက်ခိုက်ခံရမှာကိုလည်း ကျွန်တော်ကြိုသိပြီးသားပါ။ ဒါပေမယ့် မီးငယ်က ဒါကို ရိုက်ချင်နေမှတော့ ကျွန်တော်က ရေးပေးရတော့တာပေ့ါ။ ကဲ . . . ဒီနေ့တင် စတင်ပါပြီ။

"ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး"

"အမယ်လေး . . . သမီး၊ ငါ့သမီးလေးရယ်၊ မေမေ့မှာဖြင့် သတိတွေရလိုက်ရတာ သမီးရယ်"

"ဟာ . . . မေမေ၊ မေမေပါလား မေမေရယ်၊ သမီးလည်း သတိတွေရတာပါပဲ မေမေရယ်"

"သားအမိနှစ်ယောက် နောက်မှပဲ အလွမ်းသယ်ကြပေ့ါ၊ ကဲ . . . ဖေဖေတို့ပြောစရာရှိတာတွေ ပြောကြရတော့မယ် . . သမီး"

"ပြောစရာရှိတာကတော့ ပြောရမှာပေ့ါ ဖေဖေရယ်"

"ဘာပြောတယ်"

"ဘာမှမဟုတ်ပါဘူး၊ ဒါ့ထက် သမီးတို့ ဒီမှာနေတယ်ဆိုတာ ဖေဖေတို့ ဘယ်လိုလုပ်သိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်လမ်းညွှန်ကြောင့်ပေါ့ သမီးရယ်၊ မိန်းမရေ . . . ရန်ကုန်လမ်းညွှန်သွားယူဟော့"

"အို . . . ယောက်ျားကလည်း တီဗွီကြော်ငြာတွေကို ယောင်နေပြန်ပြီ"

"အေး . . . ဟုတ်တယ်၊ ငါလည်း ယောင်ကုန်ပြီ၊ ဒီမှာ သမီး . . . ဖေဖေတစ်ခွန်းပဲ ပြောမယ်၊ ဖေဖေတို့နဲ့ ပြန်လိုက်ခဲ့"

"ရက်စက်လိုက်တာ ဖေဖေတို့ရယ်"

"ရက်စက်တယ် မလုပ်နဲ့သမီး၊ ခုပဲကြည့်"

"သမီးရယ် . . . သမီးအကောင်ကို ကြည့်စမ်းပါဦး"

"အင်္ကျီက . . .၊"

"စုတ်ပြတ်လို့ . . .၊"

"ပုဆိုးက . . .၊"

"ကွက်ကြားကြီးနဲ့ . . .၊"

"ဒီလိုပုံစံမျိုးနဲ့များ . . . "

"ဘဝတစ်ခုကို . . .၊"

"ဘယ်လိုလုပ် . . .၊"

"တည်ဆောက်ကြမှာလဲ . . .၊"

"သမီးရယ် . . .။"

ပြောရမယ့် စကားတစ်ခွန်းတည်းကိုပဲ ပြတ်တောင်းပြတ်တောင်းလုပ်ပြီး မီးငယ်ရဲ့အဖေနဲ့အမေက တစ်လှည့်စီဝိုင်းပြောကြတယ်။ သူတို့ဘာသာ သူတို့ပေါ်ရဲကြတာက အကြောင်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကျွန်တော့်ကို လာထိခိုက်နေတာက ပြဿနာပဲ။ ကျွန်တော်လည်း မနေသာတော့ဘဲ ဝင်ပြောလိုက်ရပါတော့တယ်။

"အန်တီတို့ အန်ကယ်တို့ ပြောလိုက်မှပဲ၊ ကျွန်တော်ဟာ သုံးလုံးကြီး သုံးစားမရတဲ့ကောင်ကြီး ဖြစ်သွားပါပေါ့လား အန်တီရယ်"

"မဟုတ်သေးဘူး မောင်မိုးဇေယျာ၊ အန်တီတို့ကို စိတ်မဆိုးပါနဲ့ကွယ်၊ ခုဟာက အန်တီတို့ဆီ သမီးလေးစိတ်ပြန်လည်လာအောင် ညှိနှိုင်းရေးဆင်းနေတာပါ။ မောင်မိုးဇေယျာရဲ့ Personal ကို ထိခိုက်ပြောသလိုမျိုး ဖြစ်သွားပေမယ့် တကယ်တမ်းက ထိခိုက်စေချင်တဲ့ ဆန္ဒမရှိပါဘူးကွယ်"

"တော်သေးတာပေါ့ အန်တီရယ်၊ ထိခိုက်စေချင်တဲ့ ဆန္ဒမရှိပေလို့ပဲ၊ ထိခိုက်စေချင်တဲ့ ဆန္ဒများသာရှိရင် တစ်ခါတည်း အားလုံးမုန်တိုင်းထဲ လွင့်ပါသွားမလားတောင် ထင်ရတယ်"

"မဟုတ်တမ်းတရားတွေကွယ် . . . မင်းကလည်း"

"ကဲ . . . တော်ကြပါတော့ အခု ကိုမိုးဇေယျာကို ကျွန်မတစ်ခုတောင်းဆိုချင်တယ်၊ အဲဒါက လောလောဆယ်မှာ မေမေတို့စိတ်ချမ်းသာသွားအောင် ကျွန်မကို ခဏလောက် အိမ်ပြန်ခွင့်ပေးပါ၊ ကျွန်မကို ခဏလောက် ခွင့်လွှတ်ပေးပါ၊ ဒါမှမဟုတ် ကျွန်မကို ခဏလောက် မုန်းမေ့ထားပါ"

"ရပါတယ် မီးငယ် . . . ရပါတယ်၊ ကျွန်တော်စွဲမယူပါဘူး နောက်တစ်ခုက ကျွန်တော်တို့နှစ်ယောက်က တရားဝင်လင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထိုးထားပြီးသားပဲ၊ ဒါကလည်း ကျွန်တော်ထောင်မကျအောင် အာကွယ်လိုက်ရုံသက်သက်ပါ၊ အတည်အိမ်ထောင်ပြုလိုက်ရပြီလို့ တရားသေကြီး မယူဆစေချင်ဘူး၊ မီးငယ်အိမ်ပြန်သွားပြီးနောက်ပိုင်းမှာ မီးငယ်အနေနဲ့ မိဘစကားနားထောင်ချင်လို့ပဲဖြစ်ဖြစ်၊ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကိုထွန်းဝေနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီဆိုရင်လည်း ကျွန်တော့်ကို ဖုန်းတစ်ချက်ပဲဆက်ပြီး အကြောင်းကြားလိုက်ပါ၊ ကျွန်တော့်လက်မှတ်ထိုးပြီးသား ကွာရှင်းစာချုပ်ကို အမြန်ချောပို့နဲ့ ပို့ပေးလိုက်ပါ့မယ်"

"သိပ်ကို သဘောထားပြည့်ဝပါလား . . . ကိုမိုးဇေယျာရယ်"

"သဘောထားကြီးလှပါလား . . . မောင်မိုးဇေယျာရယ်"

"တယ်သဘောထားကြီးပါလားကွာ"

ကျွန်တော် သဘောထားကြီးမားကြောင်းကို မီးငယ်တို့သားအမိ၊ သားအဖသုံးယောက်ဟာ ဆက်တိုက်ဆိုသလို ရေရွတ်နေကြတယ်။ တကယ်တမ်းက ကျွန်တော်သဘောထားကြီးတာ မဟုတ်ပါဘူး။ အချစ်နဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ ရဲရင့်မှုကို ကျွန်တော်ဘာသာပြန်စမ်းသပ်ကြည့်တာပါ။

"ကဒ် . . ."

"မောင်ထွန်းဝေဆီကို အကြောင်းကြားတော့မှာလား သမီး"

စောစောက ဇာတ်ဝင်ခန်းအပြီးမှာ ဒေါ်ခက်ဖြူဝေက မီးငယ်ကို လှမ်းမေးတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ခုချိန်မှာ မီး



www.burmeseclassic.com

www.burmeseclassic.com



Video Art ထဲမှာ ဇာတ်လမ်းအရ မီးငယ်က မိဘအိမ်ပြန်ရောက်နေပါပြီ။

"ကိုထွန်းဝေကို အကြောင်းကြားတဲ့ကိစ္စက Video Art ထဲမှာ မပါလေ၊ အပြင်မှာ တကယ်အကြောင်းကြားလိုက်ရုံပဲ၊ ဒါနဲ့ မေမေတို့ ဖေဖေတို့ရဲ့သဘောထားကိုလည်း ပြောပြဦးလေ၊ Video Art ကလည်း နောက်ဆုံးခန်းတစ်ခန်းရိုက်ဖို့ပဲ ကျန်တော့တာ၊ အခု ဆို မေမေတို့က အမီးကို ကိုထွန်းဝေနဲ့ပဲ သဘောတူနေတုန်းလား၊ ကိုမိုးဇေယျာနဲ့ပြောင်းပြီး သဘောတူချင်စိတ်တွေ ဘာတွေရော ကြားထဲမှာ မဖြစ်မိဘူးလား"

ဦးလူမော်နဲ့ ဒေါ်ခက်ဖြာဝေတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ခေါင်းချင်းဆိုင် ကြည့်လိုက်ကြတယ်။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် မေးဆတ်ပြလိုက်တယ်။ မီးငယ်ကတော့ သိ ချင်ယောင်ဆောင်ပြီးပဲ ဆက်ပြောနေတယ်။

"ဒီ Video Art ရိုက်ကူးနေတဲ့ ကာလအတွင်းမှာ ကိုမိုးဇေယျာရဲ့စိတ်နေစိတ်ထားကို မေမေတို့ အလွယ်တကူ ခန့်မှန်းလို့ရခဲ့တာပဲ၊ ကိုမိုးဇေယျာ ဘယ်လိုလူစားမျိုးလဲဆိုတာကို မေမေတို့ သိမိလောက်ပါပြီ"

"ဟုတ်ပါတယ်၊ မေမေရော သမီးဖေဖေရော ရိပ်မိကြပါတယ်၊ မောင်မိုးဇေယျာဟာ လူကောင်းပါ၊ ဒါပေမယ့် သမီးရယ် . ."

ဒေါ်ခက်ဖြာဝေ ဘာဆက်ပြောမလဲဆိုတာကို ကျွန်တော် နဲ့ မီးငယ်လည်း နားစွင့်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လူကောင်းကတော့ လူကောင်းပေါ့ သမီးရယ်၊ ဒါပေမယ့် ကိုယ့်အိမ်ထောင်ဖက်ကို တစ်သက်လုံးအတွက် ရွေးချယ်ရပြီဆိုတဲ့ အခါမှာ လူကောင်းဖြစ်တိုင်း သင့်လျော်ရောတဲ့လား၊ သမီးလည်း သေချာစဉ်းစားကြည့်နော်"

အလိုလေး . . . မီးငယ်ရဲ့အမေ ပြောစကားအရ ကွ တော်တောင်မှ မီးငယ်နဲ့သင့်လျော်ဖို့ လူဆိုးလုပ်ရမယ့် ကိန်းဆိုက် နေပါလား။

"ဟုတ်တယ် သမီး၊ ဖေဖေလည်း ထောက်ခံတယ်"

ဒီလင်မယားနှစ်ယောက်က အတိုင်အဖောက် လာညီ ပြန်ပါပြီ။ ဒေါ်ခက်ဖြာဝေက အဆိုပြုလိုက်၊ ဦးလူမောင် ထောက် လိုက်နဲ့ပေါ့။ လွှတ်တော်ထဲက ဟိုပါတီဝင်အမတ်တွေလိုပဲ။ သူ ဖြစ်ချင်တာတွေပဲ သူတို့လျှောက်လုပ်နေတယ်။ ကျန်တဲ့လူတွေ ဆန္ဒသဘောထားတွေ၊ ခံစားချက်တွေကို လုံးဝထည့်မစဉ်းစား Ignore လုပ်ထားတယ်။ တော်တော်အတ္တကြီးကြတာပဲ။

"အဲဒီတော့ သမီးရယ်၊ မောင်ထွန်းဝေဆီကိုပဲ လ အကြောင်းကြားလိုက်ပါစို့လား"

ဒေါ်ခက်ဖြာဝေကတော့ သူ့သဘောထားကို ဘွင်းဘွင်းကြ ထုတ်ဖော်ပြောပြီး ဘွင်းဘွင်းကြီးပင် ရွေးချယ်အဆုံးသတ်နေလေ ဒီတော့ မီးငယ်ကလည်း သူ့အမေကို . . .

"ကောင်းပြီလေ၊ အဲဒါဆိုလည်း သမီးတို့နဂိုဆွဲထားတဲ့ ဂရမ်အတိုင်းပဲပေါ့။ ဘာမှမပြောင်းလဲတော့ဘူး၊ အဲဒီတော့ ဒီနေ့ည



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်ရင် မေမေဖြစ်ဖြစ် ဖေဖေဖြစ်ဖြစ် တစ်ယောက်ယောက်က ကိုထွန်းဝေဆီ ဖုန်းဆက်အကြောင်းကြားပေးပါ၊ မောင်ထွန်းဝေရေ . . . အန်တီတို့သမီးကတော့ ဒီလို . . . ဒီလိုတွေ သုပ်ချထားတယ်ပေါ့၊ အဲဒါ ခုလောလောဆယ်တော့ အန်တီတို့သူ့ကို အိမ်ပြန်ခေါ်ထားတယ်ပေါ့၊ အဲဒါ မင်းကိုပဲ လက်ထပ်ယူဖို့အန်တီတို့ သေချာဆုံးမထားပြီးပါပြီ . . . ဘာညာပေါ့၊ ဒါပေမယ့်မောင်ထွန်းဝေရယ်ပေါ့၊ သူတို့နှစ်ယောက်က ခိုးပြေးပြီး တစ်လတိတိတစ်အိမ်တည်း တူတူနေခဲ့ကြပေမယ့် ဖြူဖြူစင်စင် မောင်နှမတွေလိုပဲနေခဲ့ကြတယ် ပြောတယ်၊ ဘာပဲပြောပြောကွယ် . . . နောက်ဆုံးအန်တီသိချင်တာက မောင်ထွန်းဝေအနေနဲ့ သမီးကို လက်ခံနိုင်သေးလား၊ လက်ထပ်ရဲသေးသလားဆိုတာပါပဲ . . . ဘာညာပေါ့ မေမေရာ၊ အဲဒီလို မေးကြည့်ကြည့်ပေါ့၊ ဟုတ်လား . . . မေမေ"

မီးငယ်က ထွန်းဝေကိုပြောဖို့ သူ့အမေကိုတောင် အားရှိပါးရှိ သင်ကြားပေးနေလိုက်သေးတယ်။ တတ်လည်းတတ်နိုင်တဲ့ကောင်မလေး . . .။ ဩော် . . . မီးငယ် . . . မီးငယ် . . . မင်းစိတ်ကူးတွေနဲ့မင်း စိတ်ကျေနပ်နိုင်ပါစေ မီးငယ်။

"အိုကေ . . . သမီး၊ ဖေဖေတို့ မောင်ထွန်းဝေဆီ ဒီညပဲဖုန်းဆက်အကြောင်းကြားလိုက်ပါ့မယ်"

သူ့အဖေပြောလိုက်တဲ့ စကားကို မီးငယ်က နှုတ်ဆိတ်ပြီးအသာနားထောင်နေတယ်။ မီးငယ်ရဲ့ပုံစံကို ကြည့်ရတာ မှုန်ကုပ်ကုပ်လေး ဖြစ်နေတယ်။ သူ Video Art လုပ်ခွင့်ရလို့ ကျေနပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တာ တစ်ပိုင်း၊ အခြားတစ်ခုခုကို စိုးထိတ်နေရတာက သပ်သပ်တစ်ပိုင်း ပဲ၊ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"ကိုမိုးဇေယျာ . . . ဟဲလို . . . ဟဲလို . . . ကြားပြီလား၊ မိုးဇေယျာ ကြားရလား"

ဖုန်းက မနက်စောစောစီးစီးလည်း လာသေးတယ်။ ပြီးတော့ သံက ငှက်ဆိုးထိုးသံမျိုးနဲ့ ဟဲလိုကြားရလားဆိုတာကိုပဲ ထပ် လဲလဲ မေးနေတယ်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ over sea ခေါ်နေတာ . . . ။ မြေကြီးကို လက်နဲ့ခတ်လိုက်ရင်မှ လွဲချင်လွဲ ဦးမယ်။ အဲဒါ ဘယ်သူရှိရမတုန်း . . . ထွန်းဝေပဲပေါ့။

"ဩော် . . . ဟုတ်ကဲ့၊ ကြားပါတယ်၊ ခုပြောတာ ကိုထွန်း လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

ကျွန်တော်လည်း ဘာပြောရမယ်မသိ ဖြစ်သွားပြီး၊ over sea မှန်း သိသိကြီးနဲ့ မေးလိုက်မိတယ်။

"ရန်ကုန်ပြန်ရောက်နေပြီလား"

"မဟုတ်ပါဘူး၊ ကျွန်တော် US မှာပဲရှိသေးတယ်၊ ညတုန်းကပဲ မီးငယ်ရဲ့မိဘတွေ ဖုန်းဆက်လို့ ဖြစ်သွားတဲ့ ကိစ္စတွေ အကုန် သိလိုက်ရတယ်"

"ဩော် . . ."

"ဒီလိုပါ ကိုမိုးဇေယျာ၊ ကျွန်တော် US ကို ထွက်မလာခင် ကျွန်တော်တို့နှစ်ယောက်ထဲ သပ်သပ်တွေ့ပြီး စကားတွေ ပြောဖြစ် ခဲ့ကြတာ ကိုမိုးဇေယျာမှတ်မိဦးမှာပါ"

"ဘယ်မေ့လိမ့်ပေမတုန်း ကိုထွန်းဝေရယ်"

"အဲဒီတုန်းက ကိုမိုးဇေယျာကို ကျွန်တော် Request တစ်ခု လုပ်ခဲ့ဖူးပါတယ်၊ ကျွန်တော် US မှာရောက်နေတဲ့အတောအတွင်း မီးငယ်ကို ညီမတစ်ယောက်လို စောင့်ရှောက်ပေးထားဖို့လေ၊ အဲဒီ Request လုပ်တာကို ကိုမိုးဇေယျာဘက်ကလည်း လက်ခံခဲ့တယ် ဗျာ"

"ဒါပေါ့ . . ."

"ဒါဖြင့် ခုဘယ်လိုဖြစ်ကြရတာလဲဗျာ"

"ဘာကိုလဲ"

"ကျွန်တော့်မှာ ပြောပိုင်ခွင့်မရှိသေးပေမယ့် ကျွန်တော်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရစေ ကိုမိုးဇေယျာ၊ မီးငယ်ကို ကိုယ့်ညီမလေးအရင်းတစ်ယောက် ပြောင်းပြီး သဘောထားဖို့ ဘယ်တုန်းကမှ မတွန့်ဆုတ်ခဲ့ပါဘူးလို့ စ်ကြွေးခဲ့ဖူးတဲ့ ကိုမိုးဇေယျာက အခုကျတော့ မီးငယ်ကို ခိုးပြေး ိုက်တာဟာ ညီမလေးအရင်းတစ်ယောက်လို သဘောထားပြလိုက် ာများလား”

ထွန်းဝေကတော့ ခနိုးခနဲ့စကားတွေနဲ့ ကျွန်တော့်ကို တိုက် ိုက်လာချေပြီ။ ကျွန်တော်ကလည်း မိုးဇေယျာပဲဟာ . . . ဒါမျိုး ယ်ရမလိမ့်မတုန်း။ ဒီကောင့်ကို ဒက်ခနဲ ပြန်ပြောပစ်လိုက်တာ ပေါ့။

“ဒီလိုပါ ကိုထွန်းဝေ၊ ကိုထွန်းဝေအနေနဲ့ ဒီကိစ္စကို နလပိန်း တုံးတစ်ယောက်နားလည်သလို နားလည်သွားဖို့ ကျွန်တော်သေသေ ချာချာ ရှင်းပြပါ့မယ်”

နလပိန်းတုံးဆိုတဲ့ စကားလုံးကို ထည့်သုံးလိုက်ရတာကိုပဲ ကျွန်တော်လည်း တော်တော်လေးခံတွင်းတွေ့သွားမိတယ်။ ထွန်းဝေ တစ်ယောက်တော့ စိတ်ထဲဘယ်လိုများဖြစ်သွားမယ် မသိဘူး။ ပြီးတော့ ကျွန်တော်က ဆက်ပြောချပစ်လိုက်တယ်။

“ကိုထွန်းဝေ တစ်ခုသိထားရမှာက ကျွန်တော်နဲ့မီးငယ်ဟာ သမီးရည်းစားတွေပါ။ အဲဒီသမီးရည်းစားဆိုတာတွေရဲ့ ကြားထဲမှာ ာမှန်းမသိတဲ့ အရာကြီးတစ်ခုက ရှိရှိနေတတ်ပါတယ်၊ အဲဒီအရာ ကို တချို့ကတော့ ချစ်ခြင်းမေတ္တာလို့ ခေါ်ဆိုကြပေမယ့် ကျွန်တော့် အနေနဲ့ကတော့ အမည်မခေါ်တတ်ပါဘူး၊ ခုနက ကိုထွန်းဝေပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး ကျွန်တော်က မီးငယ်ကို ခိုးပြေးခဲ့တာ မဟုတ်သလို မီးငယ်ကလည်း ကျွန်တော့်ကို ခိုးပြေးခဲ့တာ မဟုတ်ရပါဘူး၊ အဲဒီ ဘာမှန်းမသိတဲ့အရာကြီးကပဲ ကျွန်တော်တို့နှစ်ယောက်စလုံးကို ခိုး ပြေးခဲ့တာပါ"

တစ်ခါတည်းနဲ့ ရှုပ်ယှက်ခတ်နေအောင် ကျွန်တော်ပြောပစ် လိုက်တယ်။ ထွန်းဝေကတော့ ဟိုဘက်မှာ ခေါင်းတွေ တဗျင်းဗျင်း ကုတ်နေရော့မယ်။ ကျွန်တော်လည်း ပြောလက်စနဲ့ ဆက်တင်လိုက် ရတာပေါ့။

"ဒါ့အပြင် နောက်တစ်ခုက ကျွန်တော်နဲ့မီးငယ်တို့ ခိုးပြေး သွားခဲ့ကြတာ မှန်တယ်၊ ဒါပေမယ့် အဲဒီတစ်လလုံး ကျွန်တော်တို့နှစ် ယောက် ဖြူဖြူစင်စင်ပဲ နေခဲ့ကြတယ်၊ ဘာမှမဖြစ်ခဲ့ကြပါဘူး၊ ဒါဟာ ကျွန်တော် မီးငယ်ကို စောင့်ရှောက်ခဲ့တာ မဟုတ်လို့ ဘာတုန်းဗျ ကိုထွန်းဝေရဲ့၊ ညီမလေးအရင်းလို သဘောထားခဲ့တာ မဟုတ်လို့ ဘာတုန်းဗျ . . . ပြောစမ်းပါဦး"

ထွန်းဝေကလည်း ကျွန်တော့်ကို ပြန်တွယ်ပါတယ်။

"ဒါပေမယ့် ကိုမိုးဇေယျာရယ်၊ လက်ထပ်စာချုပ်မှာ လက် မှတ်ထိုးထားကြတဲ့ ကိစ္စကရော၊ အဲသလောက်ထိတောင် လိုလို့လား ဗျာ"

"ကျိန်းသေပေါက်လိုတဲ့ ကိစ္စပေါ့ဗျာ၊ နို့မို့ရင် ကိုထွန်းဝေ ကျွန်တော့်ကို ခုလိုမျိုး ဖုန်းပြောချင်လို့တောင် ရမှာမဟုတ်ဘူး၊ US ကနေ ရန်ကုန်ပြန်ရောက်မှ အင်းစိန်လာပြီး သိချင်တာတွေ မေးနေ



www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မယ်"

"ကိစ္စမရှိပါဘူးဗျာ"

"ဗျာ . . . ဘာကိုကိစ္စမရှိတာလဲ"

"ဘာမှမဟုတ်ပါဘူးဗျ"

ကျွန်တော်တို့နှစ်ယောက်လည်း ဖုန်းထဲမှာ သူတစ်ပြန်ကိုယ်တစ်ပြန် တွယ်နေကြတော့တယ်။

"ကိုထွန်းဝေ . . . ခုနောက်ဆုံး ဘယ်လိုစဉ်းစားထားလဲ၊ မီးငယ်ရဲ့မိဘတွေကို ညတုန်းက ဘာပြန်ဖြေလိုက်လဲ၊ ကျွန်တော်သိခွင့်ရနိုင်မလား"

"မီးငယ်အမေက ကျွန်တော့်ကို မေးတယ်လေ၊ ခုလိုအခြေအနေမှာ မီးငယ်ကို ကျွန်တော်လက်ထပ်နိုင်သေးရဲ့လား၊ လက်မထပ်နိုင်တော့ဘူးလားတဲ့"

"အဲဒီတော့ . . . အဲဒီတော့ . . . "

သိချင်စိတ်ကို ဟန်မဆောင်နိုင်တော့ဘဲ ကျွန်တော်လည်း အငမ်းမရ မေးမိတယ်။

"ကျွန်တော်က မီးငယ်ကို လက်ထပ်ပါ့မယ်လို့ ဖြေလိုက်တယ်"

"ဗျာ . . . "

ထွန်းဝေရဲ့အဲဒီအဖြေဟာ ကျွန်တော်ထင်တော့ထင်ထားပေမယ့် အရမ်းကြီးထင်မထားတဲ့ အဖြေပါ။ အခိုက်အတန့် အံ့သြသွားစေတဲ့ ခံစားချက်ကလွဲလို့ အလွန်အကျွံကြေကွဲရခြင်း၊ နှမြော



www.burmeseclassic.com

www.burmeseclassic.com



အသရေချိုးခြင်းများ မဖြစ်ပါ။ ကျွန်တော်က အစကတည်းက မီးငယ်ကို ထွန်းဝေနဲ့ သဘောတူပြီးသားပါ။ ကျွန်တော်က မီးငယ်နဲ့ပတ်သက်လာရင် ချစ်တာတော့ ချစ်ပါတယ်။ မလိုချင်ဘူးလားမေးရင် အထိုက်အလျောက်တော့ လိုချင်ပါတယ်။ ဒါပေမယ့် သိပ်အလိုချင်ကြီးလည်း မဟုတ်ပြန်ဘူး။ ခု ဒီ Video Art ဆိုတာကိုလည်း မီးငယ်က သိပ်ဆန္ဒပြင်းပြနေလို့သာ ကျွန်တော်က ဝင်ကူပေးခဲ့ရတာပါ။ ကျွန်တော်ကိုယ်၌ကလည်း အဲလိုမျိုးဆန်းဆန်းပြားပြား ပေါက်ပေါက်ရှာရှာဆိုရင် ဝါသနာအရင်းခံလေး ရှိတာကလည်း ပါတာပေ့ါလေ။

"ဘာတွေစဉ်းစားနေတာလဲဗျ ကိုမိုးဇေယျာ . . . ဟဲလို . . . ဟဲလို"

"ဘာမှမဟုတ်ပါဘူးဗျာ၊ Congratulation ပါ ကိုထွန်းဝေ၊ အမျှားကြီးလေး စားပါရစေဗျာ"

"Congratulation လုပ်ဖို့က စောပါသေးတယ်ဗျာ၊ ကျွန်တော်လက်မခံပါရစေနဲ့ဦး၊ တကယ်အရေးကြီးတာတစ်ခုက ကာယကံရှင်မီးငယ်ရဲ့ သဘောထားကျန်ပါသေးတယ်"

"မီးငယ်က မိဘစိတ်ဆင်းရဲအောင် လုပ်တတ်တဲ့ သမီးမျိုး မဟုတ်ပါဘူး၊ နောက်ပြီး ကိုထွန်းဝေအပေါ်မှာထားတဲ့ သူ့ရဲ့သဘောထားကလည်း အရမ်းခါးခါးသီးသီးကြီးမှ မဟုတ်တာဗျာ"

ဘာကြောင့်ရယ်လို့တော့မသိ၊ အရမ်းခါးခါးသီးသီးကြီးလို့ သုံးနှုန်းပြီး ထွန်းဝေကို ပြောထည့်လိုက်ရတာကို ကျွန်တော့်စိတ်ထဲမှာ ပီတိသောမနဿ ဖြစ်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေပါ . . . ကိုမိုးဇေယျာ၊ ကျွန်တော် နောက်တစ်ပတ်အတွင်း ရန်ကုန်ပြန်လာဖြစ်လိမ့်မယ်၊ အဲဒီကျမှ တွေ့ကြတာပေါ့ဗျာ"

"ဟုတ်ပါပြီ . . . ကိုထွန်းဝေ၊ ဒါပဲနော် . . . ဘိုင်"

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

"ချက်စ်"

"ဟာ . . . သွားပြီ"

ဘိုသိန်းရဲ့ ဒီတစ်ခေါက်ချက်စ်လုပ်လိုက်တဲ့ အကွက်ထဲမတော့ ကျွန်တော့်ဘုရင်ရုပ်မှာ မလှုပ်သာတော့။ ဘိုသိန်းကို ချက်စ်ရှုံးရတာ ကျွန်တော့်အဖို့ မဆန်းလှ . . .။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီပွဲရဲ့ရလဒ်ကို ရင်ခုန်မှုသိပ်မဖြစ်တာပါ။

"စောစောစီးစီး ကွင်းချင်းလဲလိုက်တာ မင်းမှားသွားတယ်မိုးဇေယျာ၊ တကယ်တမ်း ငါက ပါဝါသာနေတာလေကွာ"

ဘိုသိန်းက ချက်စ်အရုပ်တွေကို ပြန်စီနေရင်း ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အားနည်းချက်ကို ပြောပြတယ်။

"ငါဒီပွဲမှာ မရှုံးဘူး၊ မရှုံးဘူးကွ၊ လုံးဝမရှုံးဘူး . . . ဘိုသိန်း"

ကျွန်တော်က ကိုယ့်ကိုယ်ကို မထိန်းနိုင်ဘဲ အားရပါးရ အော်ထည့်လိုက်ရာ နဂိုအသံပြတဲ့ ဘိုသိန်းပင် ရုတ်တရက် အလန့်တကြား ဖြစ်သွားပါတယ်။

"ဘာလို့မရှုံးရမှာလဲကွ၊ အသိသာကြီးကို၊ မင်းဘုရင်ဘယ်ကိုမှ ရွှေ့စရာအကွက်မရှိဘူး၊ ဟုတ်တယ်နော် ကျော်ကျော်"

ဘိုသိန်းက ပွဲကြည့်ပရိသတ်လုပ်နေတဲ့ ကျော်ကျော့်ကိုပါ သက်သေထူနေပြန်တယ်။

"မဟုတ်ပါဘူး ဘိုသိန်းရာ၊ ငါက ဒီချက်စ်ပွဲကို ပြောတာမဟုတ်ပါဘူး၊ ငါက ငါ့ရဲ့အချစ်ရေးကို ပြောတာပါ။ ငါရယ် ထွန်းဝေရယ် ပြီးတော့ မီးငယ်ရယ်၊ ဒီသုံးပွင့်ဆိုင်တဲ့ပွဲမှာ ငါမရှုံးဘူးလို့ပြောတာပါကွာ"

ကျွန်တော်က အဲသလိုလည်း ရှင်းပြလိုက်ရော ဘိုသိန်းခမျာ ချက်စ်အရုပ်တွေကိုတောင် ဆက်မစီနိုင်တော့ဘဲ ခေါင်းကို ဘတ်လပ်၊ ဘတ်လပ် . . . ဖြစ်တဲ့အထိအောင် ခါရမ်းနေပါတော့တယ်။ ကျော်ကျော်ကလည်း ဟူးကနဲမြည်အောင် သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်တာ တွေ့ရတယ်။

"ဟော့ကောင်တွေ ဘာဖြစ်နေကြတာလဲ၊ အပိုတွေ သိပ်လုပ်မနေနဲ့၊ ဒါ Video ရိုက်နေတာ မဟုတ်ဘူး၊ မီးငယ်ရဲ့ Video



www.burmeseclassic.com

www.burmeseclassic.com



Art လည်း မဟုတ်ဘူး”

ကျွန်တော်က စိတ်ပေါက်ပေါက်ရှိလို့ ထပ်အော်ထည့်လိုက်တယ်။ ထွန်းဝေဆီက ဖုန်းလာလို့ ကျွန်တော်တို့နှစ်ယောက် ဖုန်းထဲမှာ ပြောခဲ့ကြတဲ့ ကိစ္စတွေကိုလည်း ဒီကောင်နှစ်ကောင်ကို ပြောပြထားပြီးသား ဖြစ်တယ်။

“ဟုတ်ပြီလေ၊ ဒါဆို ဒီပွဲမှာ မင်းက မရှုံးလို့ ဘာလဲ၊ မင်းက နိုင်တာလား၊ ထွန်းဝေကို မင်းက အနိုင်ရလိုက်တာလား”

ဘိုသိန်းက ခပ်ဆတ်ဆတ်လေသံမျိုးနဲ့ ကျွန်တော့်ကို မေး လိုက်ပါတယ်။ ကျွန်တော်က . . .

“ငါမနိုင်ပါဘူးကွာ၊ ထွန်းဝေကို ငါအနိုင်မရဘူး၊ ဘယ်သူ့ ကိုမှလည်း ငါအနိုင်မရဘူး၊ ဘယ်သူ့ကိုတော့ဖြင့် ငါအနိုင်ရပါစေ တော့ဆိုပြီးတော့လည်း အစကတည်းက မရည်ရွယ်ထားခဲ့ဘူးလေ ဒီကိစ္စမှာ မင်းတို့က ငါ့ကို ရှုံးတယ်ဆိုပြီး ပြောကြလို့သာ၊ ငါက ဒီပွဲမှာ မရှုံးဘူးလို့ပြောတာ”

“ဟာ . . . ဟုတ်တယ်လေကွာ၊ ခုဖြစ်လာတဲ့ အခြေအနေ တွေအရဆိုရင် မင်းအနေနဲ့ မီးငယ်ကို စွန့်လွှတ်ရတော့မယ်၊ အဲဒါ ဆုံးရှုံးတာ မဟုတ်ဘူးလား”

“မရှုံးပါဘူး၊ ဟိုးအရင်ကတည်းက မီးငယ်ကို ကိုထွန်းဝေ သဘောတူပါတယ်ဆိုတဲ့အကြောင်း ငါမင်းတို့ကို ပြောခဲ့ဖူးသား ငါ့အနေနဲ့ မီးငယ်နဲ့ပတ်သက်တာဆိုလို့ (၂) ချက်တော့ ရှိလိမ့်မယ် (၁) အချက်၊ ငါတို့နှစ်ယောက်ဟာ ရည်းစားတွေဖြစ်ကြတယ်။ (၂)



www.burmeseclassic.com

www.burmeseclassic.com



အချက်၊ မီးငယ်ရဲ့ Video Art ထဲမှာ ဇာတ်ဝင်ခန်းသဘောအရ ငါတို့နှစ်ယောက်ဟာ လင်မယားတွေ ဖြစ်ခဲ့ကြတယ်၊ ဒါလောက်ပဲ"

"အေး . . . အဲဒီဇာတ်ဝင်ခန်းအရတောင်မှ အခုမင်းတို့နှစ်ယောက်ကို မီးငယ်ရဲ့မိဘတွေက လောလောဆယ် ခွဲထားလိုက်ပြီလေ၊ ဟုတ်တယ်မလား"

ဘိုသိန်းရဲ့အမေးက ဟုတ်နေမှတော့ ကျွန်တော်လည်း ခေါင်းညိတ်ဖို့သာ တတ်နိုင်ပါတော့တယ်။ ကျော်ကျော်ကလည်း ဝင်ပြောလိုက်ပြန်တယ်။

"Video Art ရဲ့ ဇာတ်ဝင်ခန်းထဲမှာရော အပြင်လောကကြီးထဲမှာရော ငါ့ကောင်ကြီးဟာ ခံဘက်က ချည်းပါလားကွာ . . . ကျွတ် . . . ကျွတ် . . . ကျွတ် . . . "

"ဟေ့ကောင်တွေ . . . အနာခံမှ အသာစံရတယ်ဆိုတာ မင်းတို့ မကြားဖူး ကြဘူးလားကွ"

ကျွန်တော်ကလည်း ဒီကောင်တွေ နှိပ်ကွပ်ပြောသမျှကို ဒီအတိုင်း ငြိမ်နားထောင်နေလို့ မဖြစ်ချေဘူးဆိုပြီး တတ်သိမှတ်သိရှိနေသေး တဲ့ စကားပုံတွေနဲ့ ပြန်ချေပရပါတော့တယ်။

"- - - × × × - - - × × × - - - × × × - - -"

ကျော်ကျော်က သူ့နှုတ်ခမ်းကို တဖွဖွလုပ်ပြီး တတွတ်တွတ် ရွတ်နေတယ်။ ဘယ်သူမှ မကြားရပေမယ့် ကျွန်တော့်ကို မေတ္တာပို့တာပဲ ဖြစ်ရမယ်။

ဘိုသိန်းက တစ်ခုခုကို သေချာစဉ်းစားထားပြီးသား စတိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနဲ့ ထွန်းဝေ့ကို မေးခွန်းထုတ်လိုက်ပြန်တယ်။

"ကဲ . . . အခုမင်းဘယ်လို ဆက်လုပ်မလဲ၊ မီးငယ်နဲ့ရော တိုင်ပင်ထားကြပြီးပြီလား၊ နောက်ဆုံးဇာတ်သိမ်းခန်းက ဘယ်တော့ စရိုက်ကြမလဲ"

"ငါ မီးငယ်ကို စွန့်လွှတ်လိုက်တော့မယ်၊ သူနဲ့ အဲဒီအကြောင်းကို ဖုန်းထဲမှာတော့ တိုင်ပင်ပြီးသွားပြီ၊ ဒီလာမယ့် တစ်ပတ်ထဲမှာ ထွန်းဝေရန်ကုန်ပြန်ရောက်လိမ့်မယ်၊ ပြန်ရောက်ပြီးတာနဲ့ နောက်ဆုံးဇာတ်သိမ်းခန်းကို ရိုက်မယ်"

"မီးငယ်နဲ့ တိုင်ပင်တယ်ဆိုတာ ဖုန်းနဲ့ပဲလား၊ လူချင်းအပြင်မှာ မတိုင်ပင်တော့ဘူးလား"

"ကိစ္စက အကုန်လုံး ဖုန်းနဲ့ပြောပြီးသွားပြီလေ၊ လုံလောက်နေပါပြီ၊ ထွန်းဝေကို လေဆိပ်မှာသွားကြိုတဲ့ နေ့ကျမှပဲ လူချင်းတွေ့ကြဖို့ ငါနဲ့မီးငယ်နဲ့ ပြောထားကြတယ်ကွ"

"မီးငယ်ရဲ့ အဖေနဲ့အမေကတော့ သူတို့သဘောကျဖြစ်သွားတာပေါ့လေ"

ကျော်ကျော်က တွေးတွေးဆဆလေး ဝင်ပြီး မှတ်ချက်ပေးလိုက်ပါတယ်။

"ထွန်းဝေကို လေဆိပ်သွားကြိုတဲ့နေ့ကျရင် ငါရယ်၊ ထွန်းဝေရယ်၊ မီးငယ်ရယ်၊ ငါတို့သုံးယောက် လေဆိပ်က အပြင်မှာ ဆိုင်တစ်ဆိုင်ဆိုင်မှာသွားပြီး စကားလက်ဆုံပြောကြမယ်၊ အဲဒီကျရင် ငါက မီးငယ်ကို ချစ်သူရည်းစားအဖြစ်မှ စွန့်လွှတ်ကြောင်း ထွန်းဝေ

www.burmeseclassic.com



ရှေ့မှာ ကျမ်းသစ္စာကျိန်ဆိုမယ်ကွာ၊ ပြီးရင် ငါတို့သုံးယောက် ဝုန်းကနဲ ထရပ်ကြမယ်၊ ငါက မီးငယ်ရဲ့ညာ ဘက်လက်ဖဝါးကိုကိုင်ပြီး ထွန်းဝေဆီ ကမ်းပေးလိုက်မယ်၊ ထွန်းဝေကလည်း သူ့ရဲ့လက်နှစ်ဘက်နဲ့ မီးငယ်ရဲ့ညာဘက်လက်ဖဝါးကို ပြန်ဆုပ်ကိုင်လိုက် တဲ့အချိန်မှာ . . . အင်း . . . အဲဒီလို ဆုပ်ကိုင်လိုက်တဲ့အချိန်မှာ . . . "

"အင်းလေ . . . ဆုပ်ကိုင်လိုက်တဲ့အချိန်မှာ ဘာဆက်ဖြစ်မတုန်း"

"နေစမ်းပါကွာ၊ ငါလည်း စဉ်းစားနေတုန်းပဲ၊ အင်း . . . ဟို . . . ဆုပ်ကိုင်လိုက်တဲ့အချိန်မှာ . . . ဆုပ်ကိုင်လိုက်တဲ့အချိန်မှာ"

ကျွန်တော်အလေးအနက် စဉ်းစားနေတုန်း ကျော်ကျော်က ဝင်နှောက်လိုက်ပါတယ်။

"အဲလို ဆုပ်ကိုင်လိုက်တဲ့အချိန်မှာ စားပွဲထိုးလေးက ဝင်ပြောမယ်၊ ကောင်မလေးကို လွှတ်လိုက်ဆိုပြီး . . . "

"နေပါ ကျော်ကျော်ရာ၊ စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်တဲ့နေရာမှာ မင်းတို့လို ဆေးရိုးသည်တွေက တမှောင့်"

ကျွန်တော့်မှာ စဉ်းစားလို့မရတဲ့အထဲ ကျော်ကျော့်ကို လှမ်းဆူရပါသေးတယ်။ ပြီးမှ စကားဆက်ရတယ်။

"ဟုတ်ပြီ . . . ဆုပ်ကိုင်လိုက်တဲ့အချိန်မှာ အဲဒီခဏ ငါတို့သုံးယောက်ရဲ့လက်တွေက အလယ်မှာ ဆုံသွားကြမယ်၊ အဲဒီဆုံနေတဲ့ လက်ဆုံအထွေးကြီးရဲ့အပေါ်ကို ငါ့ရဲ့မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်ကျလာမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုသိန်းရေ . . . ပိုးပိုးပေါက်ပေါက်ဆိုပါလားဟ"

"အဲဒီမျက်ရည်ကျလာတာကို ငါ့ဘာသာငါ သတိပြုမိသွား ပြီး ရုတ်တရက် ငါက ဒုန်းကနဲ ပြေးထွက်သွားမယ်"

"ဒုန်းကနဲ . . . ဆိုတော့ ခုံနဲ့တိုက်မိလို့လား"

သူတို့ ဘယ်လိုဝင်ပြောပြော ကျွန်တော်က ဂရုမစိုက်ဘဲ ရုပ်တည်ကြီးနဲ့ ပြောစရာရှိတာ ဆက်ပြောပါတယ်။

"အဲဒီလို ပြေးထွက်သွားတာကိုကြည့်ပြီး မီးငယ်နဲ့ ထွန်းဝေ တို့နှစ်ယောက်က ငူငူကြီးကျန်ရစ်ခဲ့မယ်၊ ကဲ . . . ဘယ်လောက် တောင်မှ ရှိမန်တစ်ဖြစ်လိုက်သတုန်းကွာ"

"နေစမ်းပါဦး၊ အဲဒီအခန်းတွေက Video Art ရိုက်မှာ လား"

ဘိုသိန်းက ကျွန်တော့်ကို အမေးရှိလာချေပြီ။

"မရိုက်ပါဘူး၊ ထွန်းဝေကို ပေးအသိခံလို့မှ မဖြစ်တာ၊ ဘယ် ရိုက်လို့ရမလဲ . . ၊ အကယ်၍သာ Video Art ထဲထည့်ရိုက်လို့ရရင် ဘယ်လောက်ကောင်းမတုန်းဆိုပြီး ငါက လျှောက်တွေးနေတာ ဇာတ်ညွှန်းကို စိတ်ကူးယဉ်ကြည့်နေတာပါ"

"ဒါဖြင့် နောက်ဆုံးဇာတ်သိမ်းခန်းကျတော့ရော၊ မီးငယ်နဲ့ ထွန်းဝေရဲ့လက်ထပ်ပွဲကို ရိုက်ကူးရမှာဆို၊ အဲဒါ ထွန်းဝေမသိအောင် ဘယ်လိုရိုက်မလဲ"

"ပိန်းလိုက်တာ သူငယ်ချင်းရာ၊ မင်္ဂလာဆောင်တွေမှာ မှတ် တမ်းတင် Video ရိုက်တာ ထုံးစံလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . ပေါက်ပြီ . . . ပေါက်ပြီ၊ I see"

"မီးငယ်ရဲ့လက်ထပ်ပွဲမှာ ငါတို့ Video Art တစ်ဖွဲ့လုံးအာမှုလုပ်စရာမလိုဘူး၊ ဧည့်သည်တော်တွေအဖြစ် အေးအေးဆေးဆေး မင်္ဂလာပွဲကိုသွား၊ လက်ဖွဲ့စရာရှိတာ အေးအေးဆေးဆေးလက်ဖွဲ့၊ ကျွေးတာကို အေးအေးဆေးဆေးစား၊ ပြီးရင် အေးအေးဆေးဆေးပြန် . . . ဟုတ်ပြီလား၊ မှတ်တမ်းတင် Video ရိုက်မယ့်အဖွဲ့ကို မီးငယ်က သပ်သပ်ငှားထားလိမ့်မယ်"

"ဟုတ်ပြီ . . . သူငယ်ချင်း၊ အဲဒီနေ့ကျရင် မင်းကလည်းဆောင်းဦးလှိုင်ရဲ့ အေးဆေးဖြစ်သွားပြီသီချင်းကို အေးအေးဆေးဆေးဆို၊ အေးဆေးဖြစ်သွားပြီ . . . အေးဆေးဖြစ်သွားပြီ . . . သူဌေးကြီးတစ်ယောက်နဲ့ အိမ်ထောင်ကျလို့ . . . အေးဆေးဖြစ်သွားပြီ . . . "

ဘိုသိန်းက ပြောရုံနဲ့တင် အားမရဘဲ သီချင်းပါ လက်တွေ့ဆိုပြနေသေးတယ်။ ကျွန်တော်ကတော့ ဒီကောင့်ကို မသိကျိုးကျွံပဲထားလိုက်တယ်။

"အားလုံးပြီးသွားပြီဆိုတော့မှ ငါတို့အဖွဲ့ရိုက်ထားတဲ့ Video Art ထဲမှာ အဲဒီမီးငယ်တို့ မင်္ဂလာပွဲမှတ်တမ်းခွေထဲက တချို့အခန်းတွေကို ဖြတ်ထည့်ရမယ်"

"အဲသလို Mixing ကိစ္စက ဘယ်သူလုပ်မှာလဲ"

"ပွင့်ပွင့်လင်းလင်းပြောရရင် ဘယ်သူမှ မလုပ်တတ်ဘူး၊ ငါတို့က Edit ပညာရှင်မှမဟုတ်တာ၊ အဲဒီတော့ မီးငယ်နဲ့ငါနဲ့ တိုင်ပင်ထားတာ တစ်ခုတော့ရှိတယ်၊ လက်ထပ်ပွဲမှတ်တမ်းခွေရပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မိးငယ် က ကော်ပီတစ်ခွေကူးပြီး ငါ့ကိုပေးလိမ့်မယ်၊ ငါတို့ရဲ့ Video Art ရိုက်ခွေတွေကတော့ ငါ့ဆီမှာပဲ ထားခဲ့မှာဆိုတော့ ငါကပဲ အဲ ဟာတွေကို Edition လုပ်ဖို့၊ Mixing လုပ်ဖို့ ပညာရှင်တစ်ယော ဆီ သွားအပ်ရမယ်လေ၊ အဲဒါတွေ အားလုံးပြီးသွားရင်တော့ ငါတို့ Video Art ကြီးတစ်ခုလုံး ပြီးသွားပြီပေါ့ကွာ"

"အဲဒါကို တာဝန်ယူပြီး Edition နဲ့ Mixing လုပ်ပေးမယ့် ပညာရှင်က ဘယ်သူတဲ့တုန်း"

"ကိုဇေယျာထွန်းလို့ခေါ်တယ်၊ ရွှေတောင်ကြားမှာနေတ သူက အဲဒီအပိုင်းမှာတော့ ဆရာကြီးပဲ၊ ငါတော့ သူ့ကိုအပ်ဖို့ စဉ်းစ ထားတယ်"

"သူ့ကိုတော့ နှုတ်လုံဖို့ ပြောရမှာနော်"

"ဒါပေါ့ . . . Sure သူတို့က ပညာရှင်တွေပါကွာ၊ Ethi ဆိုတာကို နားလည်မှာပါ"

"မိးငယ်က ဒီ Video Art အခွေကို Title ပေးပြီးပြီလား"

"မပေးတော့ပါဘူး ဘိုသိန်းရာ၊ ငါရော မိးငယ်ပါ တိုင်ပင်ပြီ ဒီ Video Art ကို Title မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

ကျွန်တော်က ထွေးထွေးကြီးပြောချလိုက်လို့ ဘိုသိန်း ကျော်ကျော်ဟာ အနည်းငယ်တော့ ကြေကွဲဆို့နင့်သွားပုံရတယ် ကျော်ကျော်က ကျွန်တော့်ကို သေချာစိုက်ကြည့်ပြီး စကားတစ်ခွန်း အတည်ပေါက်ပြောလိုက်ပါတယ်။

"အေးကွာ . . . မင်းတို့ဇာတ်လမ်းကလည်း ဘယ်လော



www.burmeseclassic.com

www.burmeseclassic.com



ကြီး ရှိမန်တစ်ဖြစ်တယ်ပြောပြော၊ ဒီလို Video Art မျိုးနဲ့တော့ မင်းတော့ ဘယ်လိုနေမယ်မသိဘူးပေါ့) ငါသာ မင်းနေရာမှာဆိုရင် ဘယ်လောက်အနုပညာမြောက်မြောက်၊ အော်စကာဆုပေးလည်း မလိုချင်တော့ပါဘူးကွာ"

သူ့စကားအဆုံးမှာ ကျွန်တော်လည်း တွေခနဲ ဖြစ်သွားမိတယ်။ မီးငယ်ရေ . . ကျော်ကျော်ပြောလိုက်တာ မှန်နေပြီနဲ့တူတယ်ကွာ။

ငါလည်း ဒီလိုရင်ကွဲရတဲ့ ဇာတ်ကောင်စရိုက်မျိုးနဲ့တော့ အော်စကာဆု မလိုချင်ပါဘူး။

ကုန်ကုန်ပြောရရင် အော်စကာဆုတင်မကလို့ ငွေကြေး၊ ဘြဇာအာဏာနဲ့ ဉာဏ်ပညာအပါအဝင် . . . ဘယ်လိုကျော်ကြားမှုတို့မဆို ငါငြင်းဆန်တယ်။ တကယ်တော့ အချစ်ဆိုတာ ဘာကိုမှ မလိုချင်ရလောက်အောင် ပြောင်မြောက်တဲ့ ရှိမန်တစ်ပြစ်မှုတစ်ခု သည်း ဖြစ်နေနိုင်ပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဒီလိုနဲ့ ထွန်းဝေ မြန်မာပြည်ပြန်ရောက်လာတဲ့ နေ့ကို ရောက်လာပါတော့တယ်။ ကျွန်တော်ရယ်၊ မီးငယ်ရယ်က လေဆိပ် မှာ သွားကြိုကြတယ်။ မီးငယ်က အခု ပရာဒိုမစီးတော့ဘူး။ နောက် ဆုံးပေါ် လင်ခရူဇာကားကြီးနဲ့။ ထွန်းဝေနဲ့လက်ထပ်ဖို့ သဘောတူ လိုက်ပြီဖြစ်တဲ့အတွက် မီးငယ်ရဲ့အဖေက ကားလဲ ပေးထားတာမှန်း သိသာလှပါတယ်။ အင်းလေ . . . ဒါဟာ သိပ်ကို တရားမျှတပါ တယ်ကွာ။

ကျွန်တော်နဲ့ မီးငယ်နဲ့ရဲ့ ရည်းစားသက်တမ်းဟာ ဒီကနေ့ မှာ နောက်ဆုံးနေ့ပါ။ ဒါကို တစ်ယောက်နဲ့တစ်ယောက် ဖွင့်မပြောကြ



www.burmeseclassic.com

www.burmeseclassic.com



ဆမယ့် ကိုယ်စီသိနှင့်နေကြတာမျိုးပေါ့။ Video Art ရဲ့ ဇာတ်ဝင်ခန်းတစ်ခုမဟုတ်ပေမယ့်လည်း ဒီကနေ့ ထွန်းဝေကို သွားကြိုတော့ မီးငယ်ရဲ့ လင်ခရူဇာကားသစ်ကြီးပေါ် ကျွန်တော်လိုက်ပါစီးနင်းလာခဲ့မိတယ်။ အခုလို မီးငယ်ရဲ့ကားကို ကျွန်တော်လိုက်စီးရခြင်းဟာ ခရိုင်းလောက်သာ ကျန်တော့တဲ့ ရည်းစားသက်တမ်းအတွင်း မလိုအားအပ်တဲ့ မာနကြီးမှုတွေကို သူမအတွက် ကျွန်တော်က လျှော့ချပေးလိုက်ခြင်းလည်း ဖြစ်ပါတယ်။

"ဖေဖေက ကျွန်မကတိအတွက် ဒီကားလဲပေးထားတာလေ . . . ကိုမိုးဇေယျာရဲ့"

"ကျွန်တော်သဘောပေါက်ပါတယ်"

မီးငယ်က ခပ်တိုတိုပဲ ရှင်းပြသလို၊ ကျွန်တော်ကလည်း ခပ်တိုတိုပဲ ပြန်ပြောလိုက်တယ်။

"ကျွန်မတို့ ဒီနေ့ ကိုထွန်းဝေကို သွားကြိုရင်း ကျွန်မတို့ သုံးယောက် လေဆိပ်မှာ ဆုံကြတဲ့အခန်းကို Video Art သာရိုက်ခွင့်ရရင် ဘယ်လောက်များကောင်းလိမ့်မလဲနော် ကိုမိုးဇေယျာ၊ ဘယ်လောက်တောင် ရိုမန့်တစ်ဖြစ်လိုက်လေမလဲ"

အရေးထဲ ဒီကောင်မလေးဟာ Video Art . . . Video Art . . . နဲ့ . . . တစ် Art ထဲ Art . . . လို့ နေပြန်ပါတယ်။ မဟာရိုမန့်တစ်ကြီးတစ်ရပ်လည်း ဖြစ်ချင်နေရှာသေးတယ်။

"အခု ကျွန်မတို့ ဘယ်လိုကြေကွဲကြရင် ကောင်းမလဲဟင် . . . ကိုမိုးဇေယျာ"



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းတွေဖွင့်ပြီး ကြေကွဲကြတာပေါ့၊ မီးငယ် ကားထဲမှာ သီချင်း CD တွေပါလာတယ်မဟုတ်လား"

"ပါတာပေါ့၊ အဲဒီအစီအစဉ် သိပ်ကောင်းတယ် . . . ဘာသီချင်းဖွင့်ပြီး ကြေကွဲကြမလဲ"

"အင်း . . . ဘာသီချင်းဖွင့်ရင် ကောင်းမလဲဆိုတော့ တောဂေါ်လီ . . . ဟုတ်ပြီ၊ တောဂေါ်လီသီချင်းနဲ့ ကြေကွဲကြမယ်"

"စိုင်းစိုင်းခမ်းလှိုင်သီချင်းလား၊ အဲဒီသီချင်းနဲ့ ကြေကွဲဖို့ဆိုတာ သင့်တော်ပါ့မလား"

"အာ . . . ဘာလို့မသင့်တော်ရမှာလဲ မီးငယ်ရဲ့၊ ဖွင့်သာဖွင့် . . . စပြီးကြေကွဲကြစို့"

မီးငယ်က မကန့်ကွက်တော့ဘဲ စိုင်းစိုင်းခမ်းလှိုင်ရဲ့ CD ကိုထည့်ပြီး Play ခလုတ်နှိပ်လိုက်တယ်။ ပြီးတော့ ပါးစပ်ကနေ တောဂေါ်လီ . . . တောဂေါ်လီ . . . ဆိုပြီး ရွတ်လိုက်တယ်။ လူ့အသံကြားရုံနဲ့ သီချင်းအပုဒ်ရှာပေးတတ်တဲ့ ကား Audio Player လေးက တောဂေါ်လီသီချင်းကိုရှာပြီး ဖွင့်ပေးလာတယ်။

"ဟ . . . မီးငယ် ကောင်းလှချည်လား"

"ဒါ . . . နောက်ဆုံးပေါ်လေ၊ Voice Input ပေးလိုက်ရုံပဲ ကိုယ်နားထောင်ချင်တဲ့ သီချင်းကိုခေါင်းစဉ်ပဲဖြစ်ဖြစ်၊ အဆိုတော်နာမည်ပဲဖြစ်ဖြစ် ရွတ်ပေးလိုက်ရုံပဲ၊ သူ့ဘာသာရှာပြီး ဖွင့်ပေးတယ်၊ တစ်ခုတော့ ရှိတယ်၊ အဆိုတော်နာမည်ရွတ်ပြီး ရှာခိုင်းရင်တော့ အဲဒီအဆိုတော်ရဲ့သီချင်းတွေထဲက Random တစ်ပုဒ်ရှာ ပေးလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ နောက်ပြသနာက အဆိုတော်နာမည်ဆင်နေတာမျိုးတွေ ဆို ရင်လည်း သူနားလည်အောင် ပီပီသသရွတ်ပြဖို့လိုမယ်၊ ဥပမာ- ခင်ဘုဏ်းနဲ့ရှင်ဖုန်း၊ မျိုးကြီးနဲ့ဖြိုးကြီး . . . တို့လို နာမည်ဆင်နေတာမျိုး တွေပေါ့"

မီးငယ်က သူ့ကား Audio Player လေးကို တော်ရုံတန်ရုံ ကြွားပြနေတာမျိုးပင် မဟုတ်။ ရှည်ရှည်ဝေးဝေး ကြွားပြနေပြန်ပါ တယ်။

". . . ၊ . . . ရွာမြောက်ဘက်ပိုင်းကတော့ . . . သိပ်မကြည် . . . ငါ့နာမည်က တောင်ဂေါ်လီ . . . ၊ . . . ၊ . . . ဝမ်းတီး . . . တူးတီး . . . တစ်နေကုန် . . . ထိုင်ပြီး၊ . . . နေရာတကာ . . . ဆရာကြီး . . . "

Volume အမြင့်ဆုံးနီးပါးအထိ ဖွင့်ထားတဲ့ တောင်ဂေါ်လီ သီချင်းစာသားကို ကျွန်တော်တို့နှစ်ယောက် သံပြိုင်လိုက်ဆိုကြရင်း အားပါးတရကြေကွဲနေကြတာမှာ မျက်ရည်များတောင် မစို့ဖြစ်ကြ။ ကျွန်တော်တို့ ကြေကွဲပုံကြီးကလည်း ကြေကွဲနေတာနဲ့ပင် မတူကြ။ တကယ်တမ်းတော့ ကြေကွဲနေတာနဲ့ပင် မတူနိုင်လောက်တော့တဲ့ အထိ ကျွန်တော်တို့ ကြေကွဲနေကြတာပါလို့ ပြောရင်လည်း ဘယ်သူ တမှ အထူးတလည် ယုံကြည်ပေးကြမယ့်ပုံမပေါ်ပါ။

"... အိုးလေး . . . လှုပ်ပါဟေ့ . . . ၊ ရေအိုးလေး . . . လှုပ်ပါဟေ့ . . . "

ဒီလိုနဲ့ လာလိုက်ကြတာ ရန်ကုန်မင်္ဂလာဒုံလေဆိပ် ကား



www.burmeseclassic.com

www.burmeseclassic.com



ဝါကာင်သို့ တစ်ခဏအတွင်းပဲ ရောက်ရှိလာပါတယ်။ မီးငယ်က သူ့ရဲ့လင်ခရှုဇာကားသစ်ကြီးကို ရှုတ်ချည်းစက်သတ်လိုက်တယ်။ အဲဒီမှာ တောင်ဂေါ်လီလည်း မဂေါ်လီနိုင်တော့ . . .။ ရေအိုးလေးလည်း မလှုပ်နိုင်တော့ . . .။

ကျွန်တော်နဲ့မီးငယ်တို့ဟာ လေဆိပ် Arrival ခန်းမထဲ ဝင်လာခဲ့ကြတယ်။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာပဲ ထွန်းဝေပါလာတဲ့ လေယာဉ်ကလည်း Landing စလုပ်နေပြီ။ ဒါတောင် ကျွန်တော်တို့ နှစ်ယောက် နောက်ထပ် မိနစ် ၂၀၊ နာရီဝက်လောက် ထပ်စောင့်လိုက်ရသေးတယ်။ ဟော . . . ထွန်းဝေကို တွေ့ရပါပြီ။ ထွန်းဝေက အထုပ်အပိုးများများစားစား သယ်လာပုံမရ၊ လက်ဆွဲအိတ်တစ်လုံး၊ ကျောပိုးအိတ်တစ်လုံးလောက်နဲ့ ပြန်လာတာမျိုး ဖြစ်ပါတယ်။ ကျွန်တော်ရော မီးငယ်ရော ထွန်းဝေကို ပြိုင်တူပြုံးပြလိုက်ကြတယ်။ သူကလည်း ပြန်ပြုံးပြတယ်။

"နေကောင်းတယ်နော် . . . ကိုထွန်းဝေ"

"ကောင်းပါတယ်ဗျာ၊ မီးငယ်တို့ရော"

ကျွန်တော်နဲ့ မီးငယ်တို့ သံပြိုင်မေးလိုက်တာကို ကိုထွန်းဝေက ပြန်ဖြေပြီး ပြန်မေးတာပဲ ဖြစ်တယ်။ လောကဝတ် . . . ပဋိသန္ထာရ . . . တွေပေါ့လေ။

"ကောင်းပါတယ် . . . ကိုထွန်းဝေ၊ မီးငယ်တို့ အားလုံးနေကောင်းကြပါတယ်"

နောက်တော့ ကျွန်တော်တို့ သုံးယောက်သား မီးငယ်ရဲ့လင်



www.burmeseclassic.com

www.burmeseclassic.com



ခရူဇာကားသစ်ကြီးနဲ့ ပြန်လာခဲ့ကြတယ်။ မီးငယ်က ကားမောင်းတယ်။ ကျွန်တော်ကလည်း လာတုန်းက အတိုင်းပဲ ရှေ့ခန်းမှာထိုင်တယ်။ ထွန်းဝေကိုတော့ နောက်ခန်းမှာပဲ ထိုင်စေတယ်။

"ကျွန်တော် ရှေ့ခန်းမှာထိုင်တာ စိတ်မရှိပါနဲ့ ကိုထွန်းဝေ၊ ခုချိန်ထိ ကျွန်တော်ဟာ မီးငယ်ရဲ့လက်ရှိရည်းစားပါ၊ ဒါကြောင့် ကျွန်တော်က Roll ပိုမြင့်နေသေးလို့ပါ . . . ဟဲဟဲ၊ ဒါပေမယ့် စိတ်မပူပါနဲ့ ကိုထွန်းဝေ၊ ကျွန်တော်တို့ ရှစ်မိုင်လမ်းဆုံရောက်ရင် Popular မှာ ခဏလောက် ဝင်ထိုင်ကြတာပေါ့၊ အိပ်ပြန်ရောက်ဖို့ မလောဘူးမို့လား ကိုထွန်းဝေ"

"ဟုတ်ကဲ့ . . . မလောပါဘူး"

အဲဒီဆိုင်ဟာ ထွန်းဝေ US မသွားခင်က ကျွန်တော်တို့နှစ်ယောက် တစ်ခါထိုင်ခဲ့ကြဖူးပါတယ်။ ဒါကို ထွန်းဝေလည်း မှတ်မိပုံပေါ်တယ်။ သို့ပေမယ့် ထွန်းဝေက ဘာမှသိပ်မပြောဘဲ ထူးထူးခြားခြား ငြိမ်သက်နေပြန်ပါတယ်။

"စိတ်မပူပါနဲ့ဆိုတာက အဲဒီဆိုင်ရောက်ရင် ကျွန်တော်က မီးငယ်ကို စွန့်လွှတ်ကြောင်း ကြေညာပေးမယ်၊ အဲဒီဆိုင်ကနေပြန်ရင်တော့ ကျွန်တော်က ကားနောက်ခန်းမှာထိုင်ပါမယ်၊ ကိုထွန်းဝေက ရှေ့ခန်းမှာထိုင်ပေါ့ . . . ဟုတ်ပြီလား၊ အဲဒီအချိန်ကျရင် ကိုထွန်းဝေက ကျွန်တော့်ထက် Roll ပိုမြင့်သွားပြီလေ . . . ဟား . . . ဟား . . . ဟား"

"ဒါဆို ကျွန်မကတော့ ဒရိုင်ဘာနေရာက ဒရိုင်ဘာနေရာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ . . . ဟုတ်လား"

ငြိမ်ပြီး နားထောင်နေရှာတဲ့ မီးငယ်က ခုတော့ ဝင်ပြောလေပြီ။

"ဒရိုင်ဘာပေမယ့် မီးငယ်က အုံနာဒရိုင်ဘာပဲဟာ၊ ခပ်မာမာကြီးသာ နေပြလိုက်၊ ဟုတ်ပလား . . . ကောင်မလေး"

ကျွန်တော်က မီးငယ်ကို ချော့ရပြန်တယ်။

ရှစ်မိုင်လမ်းဆုံနားရောက်တော့ ပါကင်ရတဲ့ တစ်နေရာမှာ ကားရပ်လိုက်ပြီး ခပ်လှမ်းလှမ်းမှာရှိတဲ့ Popular ဆိုင်လေးဆီ သုံးယောက်သား ချီတက်လာကြတယ်။ လူတွေပြောနေကျတဲ့ ရည်းစားလူလု၊ အူနုကျွဲခတ် ဘာညာတွေဆိုတာ ကျွန်တော်တို့သုံးယောက်ကြားထဲမှာတော့ ဘာမှမဟုတ်သလို ပါးပါးလေးပါပဲ။ သိမ်မွေ့ညင်သာမှုအပြည့်ပါပဲ။

Popular ရောက်တော့ စိတ်ကြိုက်စားပွဲတစ်လုံးမှာ ကျွန်တော်တို့ ရွေးထိုင်လိုက်ကြတယ်။ စားပွဲထိုးရောက်မလာသေးခင် ထွန်းဝေက ကြိုမေးထားတယ်။

"အားလုံးကော်ဖီပဲလား"

"ဟုတ်ကဲ့ . . . ကိုထွန်းဝေ"

ထွန်းဝေမေးတာကို မီးငယ်က ဖြေတယ်။ ကျွန်တော်လည်း ဖြေမလို့လုပ်နေတုန်း စားပွဲထိုးလေးက အနားရောက်လာလို့မို့ အဆင်သင့်သွားပါတယ်။

"ကော်ဖီပဲ၊ ကိုယ့်အတွက် ခါးခါးလေးလုပ်ပေးပါ ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် . . . ထွန်းဝေ US သွားတဲ့နေ့တုန်းကလိုပဲ အခု လည်း သုံးယောက်စလုံး ကော်ဖီသောက်ကြမယ်ပေ့ါ။ ထွန်းဝေက မေးလိုက်တယ်။

"ကိုမိုးဇေယျာက ကော်ဖီဆိုရင် ခါးမှကြိုက်တာလား"

"ဟုတ်ပါတယ်၊ ကော်ဖီတစ်ခွက်က မခါးဘူးဆိုရင် ဘယ် လိုလုပ် အဓိပ္ပါယ်ရှိပါတော့မလဲဗျာ"

ကျွန်တော့်ရဲ့မှတ်ချက်ပေးမှုကို ထွန်းဝေက စောဒက ပြန် မတက်တော့ပါ။ ကော်ဖီခွက်တွေ လာချပေးတဲ့အချိန်ထိအောင် ဘယ်သူမှ စကားကို စမပြောကြဘဲ ဆိတ်ငြိမ်နေကြပါတယ်။ သူတို့ နှစ်ယောက်အတွက် ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကျွန်တော်က ပဲ စကားစသင့်နေပြီ မဟုတ်လား။

"မီးငယ်ရော၊ ကိုထွန်းဝေရော တဆိတ်လောက် ကျွန်တော် ပြောတာကို လေးလေးနက်နက်ထားပြီး နားထောင်ပေးကြပါ၊ အခု . . . ဒီနေ့ . . . ဒီအချိန်ကစပြီး ကျွန်တော်ဟာ မီးငယ်ကို ချစ်သူ အဖြစ်မှ စွန့်လွှတ်ပါတယ်၊ အဲဒီအတွက် မီးငယ်ဖက်ကလည်း တစ် ခုခုပြောပေးပါဦး"

"အခု . . . ဒီနေ့ . . . ဒီအချိန်ကစပြီး ကျွန်မကလည်း ကိုမိုးဇေယျာကို ချစ်သူအဖြစ်မှ စွန့်လွှတ်ပေးပါတယ်"

"ကဲ . . . ကိုထွန်းဝေ ကြားတဲ့အတိုင်းပဲ၊ ကျွန်တော်နဲ့ မီး ငယ်နဲ့ဟာ ဒီအချိန်ကစပြီး ချစ်သူအဖြစ်မှ ပြတ်စဲသွားကြပြီ"

ကောင်းကင်ဟာ ရုတ်တရက်များ မိုးတွေညို့မှိုင်းလာလေလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အပြင်ဘက်ဆီ လှမ်းကြည့်လိုက်ပေမယ့် ဘယ်မိုးသားမှ ညို့မှိုင်းလာတာမျိုး မတွေ့ရပါဘူး။ ကျွန်တော်ကပဲ ဆက်ပြောလိုက်ပါတယ်။

"ကဲ . . . အမှတ်တရအနေနဲ့ ကျွန်တော်တို့သုံးယောက်စလုံး မတ်တပ်ရပ်လိုက်ကြရအောင်ဗျာ"

ဘာမှမဆိုင်ပေမယ့် ကျွန်တော်က အကြောင်းရိုက်လိုက်တော့ ထွန်းဝေနဲ့ မီးငယ်တို့လည်း ကြောင်ပြီး ကျွန်တော်နဲ့အတူ ထရပ်လိုက်ကြတယ်။ ကျွန်တော်က မီးငယ်ရဲ့ညာဖက်လက်ဖဝါးကို လှမ်းယူပြီး၊ ထွန်းဝေဆီ ကမ်းပေးလိုက်တယ်။ ထွန်းဝေကလည်း အဲလောက်တော့ မအပါ။ သူ့လက်နှစ်ဖက်နဲ့ မီးငယ်လက်ကို ပြန်ပြီး သာသာလေးဆုပ်ကိုင်ထားလိုက်ပါတယ်။

"ကိုထွန်းဝေနဲ့ မီးငယ်တို့ရဲ့ ဘဝတလျှောက်လုံး ပျော်ရွှင်နိုင်ကြပါစေဗျာ"

"ကျေးဇူးပါပဲ ကိုမိုးဇေယျာ"

"ကျေးဇူးပါပဲ ကိုမိုးဇေယျာ"

သူတို့နှစ်ယောက်ဆီက ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကျေးဇူးစကားတုံ့ပြန်လာကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့သုံးယောက်ရဲ့ လက်တွေကတော့ တစ်ယောက်လက်ကိုတစ်ယောက် မလွှတ်ကြသေး။ လက်ဆုံကြီးက အလယ်ခေါင်မှာပဲ ရှိနေသေးတယ်။ ကျွန်တော်က လက်ဆုံကြီးကို စူးစိုက်ကြည့်တယ်။ သေသေချာချာ ကြည့်တယ် . . .။ ပြီးတော့ ထပ်ပြီး အားရပါးရ သေချာစူးစိုက်ကြည့်တယ်



www.burmeseclassic.com

www.burmeseclassic.com



. . .။ ဒါပေမယ့် ဘာမျက်ရည်မှ မထွက်။ တစ်စက်မှ မထွက်လာ။ မျက်နှာကို ရှုံ့၊ မျက်လုံးကို ကျုံ့ပြီး မျက်ရည်များထွက်လာမလားလို့ ညှစ်ထုတ်ကြည့်သေးတယ်။ ဒါပေမယ့် မျက်ရည်က စို့ပင်မစို့။ ဒါကြောင့် ဟိုကောင်တွေက ကျွန်တော့်ကို ကြိုတော့မှာကြသား။ ကြက်သွန်ဥသုံးချင်သုံး၊ မျက်ရည်တုသုံးချင်သုံးဆိုတာလေ။ ကျွန်တော်က ငါ့အီမိုးရှင်း(Emotion) ငါယုံတယ်ကွလို့ဆိုပြီး လေလုံးကြီးထွားခဲ့မိတာ ခုတော့ မှားပါပြီ။ ဩော် . . . မျက်ရည်၊ မျက်ရည် . . . ကျခိုင်းတိုင်းလည်း မကျ၊ မကျခိုင်းပေမယ့်လည်း ကျချင်ကျတတ်တာမျိုး မဟုတ်ပေလား။ အခုတော့ဖြင့် ကောင်မလေးရယ်၊ ငါ့မှာ အီမိုးလည်း မရှင်းနိုင်တော့၊ ရှိမန်လည်း မတစ်နိုင်တော့ပြီပေါ့။ နင်ကရော ရှင်းနိုင်သေးရဲ့လား။ တစ်နိုင်သေးရဲ့လား . . . ဆိုတာ ကျွန်တော် ရိုးရိုးသားသားပဲ သိချင်မိတယ်။

"ခဏလေးပါ . . . ကိုထွန်းဝေနဲ့ မီးငယ်၊ ကျေးဇူးပြုပြီး လက်တွေမလွှတ်ကြပါနဲ့ဦး၊ ခဏလေး ဆက်ကိုင်ထားပေးကြပါ၊ ကျွန်တော် ဒီမှာ အားစိုက်ပြီး ညှစ်နေလို့ပါ"

ရုတ်တရက် ကျွန်တော့်စကားကြောင့် စကားနည်းရန်စဲလုပ်နေတဲ့ ထွန်းဝေလည်း အလန့်တကြား ဖြစ်သွားပုံရတယ်။

"ဗျာ . . . ကိုမိုးဇေယျာ၊ ဒီမှာ မညှစ်ရဘူးလေဗျာ၊ Toilet သွားမှပေါ့ဗျ"

"မဟုတ်ဘူးဗျ၊ ညှစ်တယ်ဆိုတာ မျက်ရည်ညှစ်တာကိုပြောတာပါ၊ အရေးအကြောင်းဆို အဲဒီမျက်ရည်ကလည်း ထွက်ကိုထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဘူး ဒီလောက်ကြေကွဲနေရတဲ့အချိန်မျိုးမှာမှ မျက်ရည်က မထွက်ချင် . . . ဒင်းက ဘယ်အချိန်မျိုးကျမှ ထွက်ချင်လို့လည်း မသိဘူး စိတ်ခါတ်ကျရပါတယ်ဗျာ"

"သူ့ဘာသာသူမကျတဲ့ မျက်ရည်ကို အတင်းကြီးလိုက် ညှစ်မနေပါတော့နဲ့ ကိုမိုးဇေယျာရယ်"

"ဟုတ်သားပဲဗျာ"

မီးငယ်နဲ့ ထွန်းဝေတို့က ကျွန်တော့်ကို ဖျောင်းဖြပြောပေးကြရှာပါတယ်။ ကျွန်တော်လည်း စိတ်လျှော့ချသင့်ပြီမို့ စိတ်လျှော့လိုက်ပါတယ်။ မထွက်လည်း နေနှင့်ဦးပေါ့ မျက်ရည်ရယ် . . . ဟုသာ စိတ်ထဲတေးမှတ်ထားလိုက်မိပါတော့တယ်။

Popular ကနေ အပြန်မှာလည်း မီးငယ်ရဲ့လင်ခရူဇာကားကြီးနဲ့ပါပဲ။ ကျွန်တော်က ကတိအတိုင်း နောက်ခန်းမှာပဲ ထိုင်တော့တယ်။ ထွန်းဝေကို ရှေ့ခန်းမှာ ပေးထိုင်လိုက်တယ်။ ဒီအချိန်မှာ သူက Roll မြင့်သွားပြီ မဟုတ်ပါလား။ မီးငယ်ကတော့ သူမစိတ်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာကို မဖော်ပြဘဲ နေနေပြန်တယ်။ ကြေကွဲပုံလည်း မပြ၊ ပျော်ရွှင်ပုံလည်း မပြဘဲ . . . တစ်လျှောက်လုံး ဒီကောင်မလေးဟာ ဟန်ဆောင်ကောင်းနေပုံများ ပြောပါတယ်။

"ဟူး . . . ကျွန်တော်တို့သုံးယောက်ရဲ့ အဖြစ်ကြီးကလည်းဗျာ"

သက်ပြင်းရှည်ကြီးနဲ့အတူ ထွန်းဝေက ထူးထူးဆန်းဆန်း ညည်းညူပစ်လိုက်တယ်။ ပြီးတော့ သူကပဲ ဆက်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြီးမှန်းကို မသိပါဘူး"

ထွန်းဝေရဲ့ပြောစကားကို ကျွန်တော်ရော မီးငယ်ပါ အားပဲထောင်နေလိုက်ပြီး ဘာမှမတုံ့ပြန်တော့။ မီးငယ်ရဲ့လင်ခရူဇာ အားကြီးကတော့ ကမ္ဘာအေးဘုရားလမ်းမကြီးတလျှောက် တဝီးဝီးနဲ့ ပြေးနေတယ်။ အတန်ကြာ တိတ်ဆိတ်သွားမှုကို ကျွန်တော်ကပဲ စပြီး ချိုးဖျက်လိုက်ရပြန်တယ်။

"ကိုထွန်းဝေ . . . အခု ရန်ကုန်မှာ ဘယ်လောက်ကြာကြာ နေမလဲ"

"တစ်ပတ်လောက်ပဲ နေမယ်ဆိုပြီးလို့ပဲ ကျောင်းကိုပြောခဲ့ တာ၊ လက်ထပ်ပွဲပြီးရင် ခဏလောက်နေ၊ ပြီးတော့ ချက်ချင်းတန်းပြန် သလိုကြီးတော့ ဖြစ်နေတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ လက်ထပ်ပွဲ က သန်ဘက်ခါလို့တော့ အန်တီက ပြောတာပဲ၊ ဟုတ်တယ်နော် မီးငယ်"

ထွန်းဝေက ကျောင်းပြီးဖို့ တစ်နှစ်ကျော်ကျော်လိုပါသေး တယ်။ ဒီကနေပြန်ပြီး သိပ်မကြာခင်မှာ Second Semester ဖြေရ မယ်တဲ့။ မင်္ဂလာဆောင်က သန်ဘက်ခါဆိုတော့ . . ဩော် . . . တော်တော်လေး နီးနေပါပေါ့လား။ Traders Hotel မှာ ကျင်းပမယ့် ထွန်းဝေနဲ့ မီးငယ်တို့ရဲ့ လက်ထပ်ပွဲဟာ အရမ်းစည်ကားတင့်တယ်ဦး မှာပါလားလို့ ကျွန်တော်တွေးဆမြင်ယောင်နေမိတယ်။ ပြောသံကြား ရတာတော့ လက်ထပ်ပြီးရင် ထွန်းဝေနဲ့ မီးငယ်က လောလောဆယ် မီးငယ်တို့အိမ်မှာပဲ လိုက်နေဦးမယ်။ ထွန်းဝေကျောင်းလုံးဝပြီးဖို့



www.burmeseclassic.com

www.burmeseclassic.com



MBA ဘွဲ့ရပြီး ပြန်လာမှ ဘယ်မိဘအိမ်မှ လိုက်မနေဘဲ သူတို့ သပ်သပ်အိမ်ခွဲနေကြမယ်ဆိုပဲ။

"ဩော် . . . မီးငယ်၊ မနေ့ထဲက ကျွန်တော်လက်မှတ်ထိုး ပြီးသား ကွာရှင်းစာချုပ်နှစ်စုံကို စာတိုက်ကနေ ပို့လိုက်ပြီ၊ ခုလောက် ဆို မီးငယ်တို့အိမ်မှာ ရောက်နေလောက်ပါပြီ၊ မီးငယ်လက်မှတ်ထိုး ပါပဲ"

"ဟုတ်ကဲ့ . . . ကိုမိုးဇေယျာ . . . ကျေးဇူးပါပဲ၊ ကျွန်ုပ် လက်မှတ်ထိုးပြီးရင် တစ်စုံကို ကိုမိုးဇေယျာဆီ ပြန်ပို့ပေးပါ့မယ်"

"ကောင်းပါပြီ မီးငယ်"

တကယ်ပဲ ခိုးပြေးထားသယောင်နဲ့ ကျွန်တော်နဲ့ မီးငယ်တို့ ရဲ့သရုပ်ဆောင်ချက်တွေက လန်ထွက်နေတယ်။ ထွန်းဝေခမျာ ပါးစပ်လေးအဟောင်းသား၊ မျက်လုံးလေး ပေကလပ်၊ ပေကလပ်နဲ့ တစ်ခုတော့ ရှိတယ်။ ကျွန်တော်တို့နှစ်ယောက် မော်ဘီမြို့ နယ်တရားရုံးမှာ လက်မှတ်ထိုးခဲ့ကြတဲ့ လက်ထပ်စာချုပ်က အစ ဒီတော့ ကွာရှင်းစာချုပ်ကလည်း အစစ်ပဲ ဖြစ်ရပေမပေါ့။ အဲဒီတု က Video ရိုက်တာလို့ဆိုပေမယ့် ပိုပြီးပီပြင်အောင်ဆိုပြီး လက်ထ စာချုပ်အစစ်နဲ့ပဲ လက်မှတ်ထိုးခဲ့ကြတာပါ။

"အခမ်းအနားမှူးကို ဘယ်သူ့ငှားထားတယ် ပြောသ မီးငယ်"

ထွန်းဝေက အမှတ်တမဲ့ မေးလိုက်တယ်။

"ဦးစပိလို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားသားလား"

မီးငယ်က ဖြေတာကို ထွန်းဝေက ထပ်မေးပြန်တယ်။

"မဟုတ်ဘူး . . . ဗမာပါပဲ၊ ဦးစပိဆိုတာ အင်္ဂလိပ်စာလုံး Speed ကနေ ဆင်းသက်လာတာ ပြောတယ်၊ အရှိန်မြန်လွန်းတဲ့ သဘောပေါ့၊ နာမည်အရင်းတော့ မဟုတ်ဘူး၊ နာမည်အရင်းက ဦးဩဘာတဲ့၊ သူက မင်္ဂလာပွဲတွေကို တစ်ပွဲနဲ့တစ်ပွဲ အလျင်မီအောင် ပြေးရရင်း၊ လွှားရရင်းနဲ့ ဦးဩဘာဆိုတဲ့ နာမည်ကနေ ဦးစပိဆိုတဲ့ နာမည်ပြောင်းသွားရှာတာ"

"ဩော် . . . ဩော် . . . ဦးစပိက ဒီလောက်တောင်ပဲ အလုပ်များသလား မီးငယ်ရယ်"

"များသလားတော့ မမေးနဲ့၊ ကမ္ဘာပေါ်မှာ သူ့ထက်အလုပ် များတဲ့သူဆိုလို့ နှစ်ယောက်လောက်ပဲ ရှိလိမ့်မယ်၊ အမေရိကန် သမ္မတရယ်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရယ်"

"ဖြစ်မှဖြစ်ရလေ . . . ကွယ်"

ဘယ်လိုတွေမှန်းတော့ မသိဘူး၊ မီးငယ်နဲ့ ထွန်းဝေတို့ဟာ အားတွေ တဖောင်ဖောင် ပြောနေကြလေရဲ့။

ဩော် . . . မီးငယ်ရေ . . . ငါ့ရင်ဘတ်ထဲမှာလည်း ဘာ မှန်းမသိတဲ့ ခံစားချက်တွေက တဖောင်ဖောင်နဲ့ ပါလားကွယ်။ တဖောင်ဖောင်ကြီးပါပဲလား။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

"မောင်ထွန်းဝေ နှင့် မဆုပြည့်ငယ်
တို့၏
မင်္ဂလာလက်ထပ်ပွဲ" . . . ဆိုပဲ။ ဩော် . . . ဒီနေ့က မီးငယ်ရဲ့လက်ထပ်ပွဲနေ့ပေါ့။

မီးငယ်တို့ငှားထားတဲ့ SENSITIVE ဗီဒီယိုရိုက်ကူးရေး အဖွဲ့တွေကလည်း အဆင်သင့်ဖြစ်နေပါပြီ။ အဲဒီအဖွဲ့က ရန်ကုန် မင်္ဂလာဆောင်ပွဲတွေ ရိုက်ကူးတဲ့နေရာမှာ တော်တော်လေး နာမည် ကြီးတဲ့အဖွဲ့တဲ့။

မီးငယ်ရဲ့ အဖေနဲ့အမေ၊ ပြီးတော့ ဆွေတော်မျိုးတွေ၊ ထွန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့အမေ၊ ပြီးတော့ သူ့ဘက်က ဆွေတွေမျိုးတွေ၊ ကျန်တဲ့ ဆွေ့ပရိသတ်တွေ၊ ကျွန်တော် တို့သူငယ်ချင်းတသိုက်နဲ့ ဒီမင်္ဂလာပွဲ ကြီးဟာ သိုက်သိုက်မြိုက်မြိုက် ဖြစ်တော့မှာ မလွဲပါဘူး။ မင်္ဂလာ အခမ်းအနား ကျင်းပတော့မယ့် အချိန်ဟာ တဖြည်းဖြည်းနဲ့ နီးကပ် လာသလို ဧည့်သည်တွေကလည်း တစထက်တစ စုံလင်လာကြပါပြီ။ မင်္ဂလာအခမ်းအနားမှူး ဦးစပိကတော့ အခုချိန်ထိ ကြွချီမလာသေး ပါဘူး။ အင်းလေ . . . သူကလည်း အလုပ်ခပ်များများပုဂ္ဂိုလ်မဟုတ် လား။ မလာဘဲတော့ မနေပါဘူး၊ လာမှာပေါ့ . . . လာမှာပေါ့။ အဲသလို . . . လာမှာပေါ့ . . . လာမှာပေါ့နဲ့ ဆက်စောင့်လိုက်တာ မင်္ဂလာအချိန်ကို ဆယ်မိနစ်ကျော်လာတဲ့အထိ ဖြစ်လာပါတယ်။

"ဟ . . . ဒါဆို မင်္ဂလာအချိန်က Expire ဖြစ်သွားပြီပေါ့ ကွ"

"မင်္ဂလာအချိန်မှာ Expire ရှိပါ့မလားကွ၊ အရေးထဲ မင်း လာထွေးပြန်ပြီ"

ဟုတ်တော့လည်း ဟုတ်တယ်။ အရေးထဲ အရာပေါ်တဲ့ ဘိုသိန်းကို ကျော်ကျော်က ဆူငေါက်ရပါသေးတယ်။

"ဟုတ်တယ် ဘိုသိန်းရာ၊ ငြိမ်ငြိမ်နေစမ်းပါ၊ အခမ်းအနားမှူး ကို မျှော်ရလွန်းလို့ ဧည့်သည်တွေလည်း လည်ပင်းရှည်နေပြီ၊ နှစ်ဖက် မိဘတွေလည်း ယောက်ယက်ခတ်နေကြပြီ၊ အဲဒါကို မင်းက အာရုံ လာမစားစမ်းပါနဲ့"

ကာယကံရှင် သတို့သားနဲ့ သတို့သမီးရော၊ နှစ်ဖက်မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေရော၊ ဧည့်သည်တွေရော၊ တီးဝိုင်းအဖွဲ့ရော၊ Traders Ho
က မင်္ဂလာပွဲတာဝန်ကျတဲ့ ဝန်ထမ်းတွေရော၊ အားလုံး အားလုံး
ဝိုင်းမျှော်ပြီး စောင့်စားနေရတဲ့သူကတော့ မင်္ဂလာအခမ်းအနား
ကြီး ဦးစပိပါပဲ။

တယုတယ ရွေးယူသတ်မှတ်ထားတဲ့ မင်္ဂလာအချိန်ကို
လွန်ပြီး မိနစ် (၂၀) တိတိမှာတော့ အခမ်းအနားမှူးကြီးဦးစပိ
ယောက် အပြေးအလွှားရောက်ချလာတယ်။ သူ့ကြည့်ရတာ အ
တကောနဲ့ပါပဲ။

"ဟေး . . . ဟေး . . . အခမ်းအနားမှူးကြီး ရောက်
ပြီကွ . . . ဟေး . . . ဟေး"

ဦးစပိရောက်လာတာကို ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ ကို
နိုင်ငံအသင်းဂိုးသွင်းလိုက်သလိုမျိုး ဧည့်သည်တွေခမျာ အားပါး
ထအော်ကြပါလေတော့တယ်။

"ဆောရီးဗျာ . . . ပွဲတွေက ဆက်နေလို့ ကျွန်တော်အနည်း
ငယ် နောက်ကျသွားမိပါတယ်"

ဦးစပိက အနူးအညွတ်တောင်းတော့ တောင်းပန်ရှာ
တယ်။ သူအနည်းငယ်နောက်ကျတာကလည်း မိနစ် (၂၀) ကြီး
လား။ ဘာပဲပြောပြော၊ တီးဝိုင်းကတော့ ပျော်ပျော်ကြီး စတီးနေ
ပြီ။ ဦးစပိကလည်း သတို့သား၊ သတို့သမီးကို စာနဘောချိုပြီး
ထုတ်နေပြီ။ ကျွန်တော်တို့ သူငယ်ချင်းတသိုက်ကတော့ ...
ကြီး ဆက်ထိုင်မြဲ ဆက်ထိုင်နေကြတယ်။ အဲဒီမှာ ...သော်က . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးဇေယျာအတွက် သမီးစိတ်မကောင်းပါဘူး၊ တကယ် ...မ်းက သမီးသူငယ်ချင်းမီးငယ်ကို ကိုမိုးဇေယျာနဲ့ပဲ ရစေချင်တာ"

"စိတ်မကောင်းမဖြစ်ပါနဲ့ သော်သော်ရယ်၊ ဘဝဆိုတာ ဒီလို ...ပဲ"

ကျွန်တော်က သော်သော့်ကို ချော့ရပါသေးတယ်။

"ပြောနိုင်သေးတယ်လား၊ ခုချိန်ထိတောင် ဘဝဆိုတာပဲ ...တာပဲတွေ ပြောတုန်းပဲလား . . . မိုးဇေယျာ"

ကျော်ကျော်က ကျွန်တော့်ကို အဲသလိုဆူပူပါတော့တယ်။ ...ကောင့်စိတ်ထဲမှာလည်း အသည်းတယားယား ဖြစ်နေပုံပါပဲ။

"မင်းတို့ . . . စိတ်ထဲ . . . စိတ်မကောင်း . . . ဖြစ်ပေး . . . တဲ့အတွက် . . . ကျေးဇူး . . . ပါပဲ . . . သူငယ်ချင်း . . . ...တို့ရာ . . ."

"ငပေါ . . ."

ကျွန်တော်က ဝင်းဦးလို အသံကို ပြတ်တောင်းပြတ်တောင်း ...စမျိုးနဲ့ ဟန်လုပ်ပြီး ပြောလိုက်လို့ သူငယ်ချင်းတွေက ဩဘာပေး ...ကြတယ်။

ကျွန်တော်တို့ စကားများနေကြတာနဲ့ပဲ အခမ်းအနားမှူး ...ကြီးက လက်ခုပ်တီးခိုင်းတာတောင် မကြားလိုက်မိဘူး။ သူများတွေ ...လက်ခုပ်တီးသံကြားမှပဲ ကျွန်တော်တို့ သူငယ်ချင်းတသိုက်လည်း ...ဖြောင်းဖြောင်းနဲ့ လိုက်တီးရပါတော့တယ်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . .၊



www.burmeseclassic.com

www.burmeseclassic.com



ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . .”

သူများယောင်လို့ယောင်၊ အမောင်တောင်မှန်းမြောက်မှန်း မသိဆိုတာ ဒါမျိုးကို ပြောတာပဲ ဖြစ်ပါလိမ့်မယ်။

“မင်္ဂလာဆောင်တွေမှာ အခမ်းအနားမှူးတွေက လက်ခုပ် တီးခိုင်း၊ ပရိသတ်က လက်ခုပ်တီးကြတဲ့ အစဉ်အလာကြီးနဲ့ပတ်သက် ပြီး ငါသိပ်နားမလည်ဘူးကွ . . . ဘိုသိန်းရ”

“ဘာကိုနားမလည်တာတုန်း”

“ဘာကိုနားမလည်တာတုန်းဆိုတော့ မင်းပဲ စဉ်းစားကြည့် လေကွာ၊ သူတို့က ဘာရည်ရွယ်ချက်နဲ့ လက်ခုပ်တီးကြတာလဲ၊ ဘာ ကိုအားပေးကြတာလဲ”

“အားပေးတယ်လို့တော့ ဘယ်ဟုတ်မလဲကွာ၊ ယဉ်ကျေး တစ်ခုပဲလေကွာ၊ မင်းမို့လို့ ကတ်သီးကတ်သတ် လိုက်တွေးနေတယ်”

“ဘိုသိန်း . . ဘိုသိန်း . . မင်းကို အတွေးအခေါ် အကောင်း ဆုံးလို့ ငါနဲ့ကျော်ကျော်နဲ့ သတ်မှတ်ထားမိတာ ခုတော့ ခဲလေသ သဲရေကျပြီပဲ . . . ဘိုသိန်း”

ကျွန်တော်က အကွက်ဝင်လာတုန်း ဘိုသိန်းကို နာနာ နှက်ပေးလိုက်တယ်။ ကျော်ကျော်က ဝင်ပြောတယ်။

“ငါထင်တာတော့ ဒီလိုကွာ၊ ဟုတ်ပြီ . . . အခမ်းအန မှူးက ဘာလို့လက်ခုပ်တီးခိုင်းလဲ . . . သိလား၊ သူ့ကိုငှားထားတော့ သူပိုက်ဆံရတယ်လေကွာ၊ ဒါကြောင့် ပျော်ပြီး တီးခိုင်းတာ၊ ဒါ မေးစရာရှိလာပြီ၊ ပရိသတ်ကြီးကကော ဘာလို့လိုက်တီးလဲ၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလိုလေ . . . လက်ဖွဲ့ကလည်း ပေးပြီးနေပြီ၊ စားဖို့သောက်ဖို့ကလည်း ဟန်ရေးတပြင်ပြင်၊ အခမ်းအနားမှူးကလည်း ဖွဲ့နွဲ့နေတာ မပြီးနိုင်သေး၊ လက်ခုပ်တီးခိုင်းပြီးရင်တော့ စားခိုင်းသောက်ခိုင်းဖို့ပဲ ကျန်တော့တယ်ဆိုပြီး သူတို့လည်း ပျော်လို့တီးတာပဲ၊ ဒါကြောင့် အခမ်းအနားမှူး လက်ခုပ်တီးခိုင်းတာလည်း ပျော်လို့၊ ဘာလို့ပျော်လဲ၊ ပိုက်ဆံရလို့၊ ပရိသတ်တွေ လက်ခုပ်တီးတာလည်း ပျော်လို့၊ ဘာလို့ပျော်လဲ၊ စားရသောက်ရတော့မှာမို့လို့"

"မင်းပြောပုံအတိုင်းဆို မင်္ဂလာပွဲကြီးတစ်ခုတစ်ခုဟာ အရမ်းကို ပျော်စရာအတိကြီးပါလားကွ"

ကျွန်တော်တို့အဖွဲ့ ဝေဖန်လေကန်နေကြတုန်းမှာပဲ မင်္ဂလာအခမ်းအနားမှူးကြီးဦးစပိရဲ့အသံ ထွက်ပေါ်လာပြန်တယ်။

"ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိလူကြီးမင်းများနဲ့ ဧည့်သည်တော်များ ခင်ဗျာ၊ ခုချိန်ကစပြီး မင်္ဂလာသတို့သားမောင်ထွန်းဝေနဲ့ မင်္ဂလာသတို့သမီးမဆုပြည့်ငယ်တို့ကနေပြီး မင်္ဂလာပရိသတ်ကြီးကို မင်္ဂလာဈေးကနေဝယ်လာတဲ့ ပိတ်စတွေနဲ့ မင်္ဂလာသန်းမြင့်အောင်ကနေဝယ်လာတဲ့ မော်တာစက်တွေအကြောင်း (ဟာ . . . မှားကုန်ပြီ၊ မှားကုန်ပြီ၊ ဆောရီးပါ) မင်္ဂလာပရိသတ်ကြီးကို မင်္ဂလာစားဖွယ်သောက်ဖွယ်များနဲ့ တည်ခင်းဧည့်ခံမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ခုချိန်ကစပြီး မင်္ဂလာပရိသတ်ကြီးအနေနဲ့ မင်္ဂလာစားဖွယ်သောက်ဖွယ်များကို မင်္ဂလာရှိရှိ သုံးဆောင်နိုင်ကြပါပြီခင်ဗျာ၊ ကျွန်တော့်အနေနဲ့ကတော့ နောက်ထပ်မင်္ဂလာဆောင်တစ်ခုသွားဖို့ နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်လို့ ဘာမှမစားနိုင်တော့ပါဘူး၊ မင်္ဂလာရှိရှိနဲ့ပဲ အမြန်ဆုံး အပြေးသွားရတော့မှာ ဖြစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

ဦးစပိတစ်ယောက်ကတော့ ပြောလည်းပြော၊ စင်ပေါ်ကနေ ဆင်းလည်းဆင်း၊ ပုဆိုးကြီးကိုလည်းမလို့ အပြေးအလွှား ထွက်ခွာသွားပါတော့တယ်။ ပုဆိုးကြီးကျွတ်မကျတာပဲ ကံကောင်းလို့ ဆိုရမှာပါ။

"ဩော် . . . ဦးစပိ . . . ဦးစပိ၊ နာမည်နဲ့လူလည်း လိုက်ဖက်ပါပေ့ ဦးစပိရယ်"

သော်သော်က မှတ်ချက်ချတယ်။ ဒီလိုနဲ့ ထွန်းဝေနဲ့ မီးငယ်တို့ရဲ့ လက်ထပ်ပွဲဟာ ပြည့်စုံသာယာစွာနဲ့ အောင်အောင်မြင်မြင် ပြီးဆုံးသွားခဲ့ပါတယ်။

မင်္ဂလာသတို့သမီးလေး မီးငယ်ရေ . . . ခုချိန်ကစပြီး ငါတို့နှစ်ယောက်ဟာ မင်္ဂလာရှိရှိနဲ့ ဝေးခဲ့ကြပြီ။ မင်းတို့နှစ်ယောက်ဟာလည်း မင်္ဂလာရှိရှိနဲ့ တရားဝင်လင်မယားတွေ ဖြစ်သွားကြပြီ။ ဖြစ်ချင်တိုင်း ဖြစ်လို့မရတဲ့ လောကကြီးမှာ လုပ်သင့်တာ လုပ်ရမှာပဲဆိုပြီး ကြံဖန်ဂုဏ်ယူနေတတ်တဲ့ လူတန်းစားမျိုးထဲမှာတော့ ငါလည်း ပါဝင်သွားပြီလို့တော့ ရုတ်ချည်းကောက်ချက်မချလိုက်ပါနဲ့ဦး . . . မီးငယ်။ ငါ့ကို ကောက်ချက်မချလိုက်ပါနဲ့ဦး။

မင်းအလွန်အင်မတန် လက်တည့်စမ်းချင်ခဲ့တဲ့ ငါတို့ရဲ့ Video Art လည်း ပြီးဆုံးခဲ့ပါပြီ . . . မီးငယ်။ ပြီးဆုံးခဲ့ပါပြီ။ ဟောဒီလက်ထပ်ပွဲအခမ်းအနားဟာ Video Art ရဲ့ နောက်ဆုံးဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ခန်းပါပဲလေ။

မီးငယ်ရေ . . .

မင်္ဂလာသတို့သမီးလေး မီးငယ်ရေ . . .၊

ဒီနေ့ကစလို့ . . . တတိယကမ္ဘာစစ်ဖြစ်တဲ့နေ့အထိ . . .၊

ဘာအကြောင်းကြောင့်နဲ့မှ . . .၊

ငါတို့နှစ်ယောက် နောက်ထပ်အသည်းမကွဲကြတော့ကြေးနော်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

နောက်ရက်ကျတော့ မီးငယ်က သော်သော်ကနေတစ်ဆင့် ကျွန်တော့်ဆီ လက်ထပ်ပွဲမှတ်တမ်းခွေကို ပေးခိုင်းလိုက်ပါတယ်။ အဲဒီအခွေရယ်၊ ကျွန်တော့်ဆီမှာရှိတဲ့ Video Art ရိုက်ခွေတွေရယ် ကိုယူပြီး ကျွန်တော်က Edition နဲ့ Mixing လုပ်ဖို့ ကိုဇေယျာ ထွန်းဆီသွားရတယ်။ တက္ကစီတစ်စီးနဲ့ ရွှေတောင်ကြားထဲမှာ ကိုဇေ ယျာထွန်းအိမ်ကို ရှာရတာ တော်တော်ရှာလည်လိုက်သေးတယ်။ ကျွန်တော်ပဲဟာ . . .၊ နောက်ဆုံးတော့ ရှာတွေ့တာပေါ့။ (အစကတည်းက ဆုံးတွေ့သင့်တာကို နောက်ဆုံးမှ ကျွန်တော်က ရှာတွေ့သွားတာပါ)

ကိုဇေယျာထွန်းကို ကြည့်ရတာတော့ လူကောင်း လူတော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူက စကားပြောလည်း တော်တော်ကောင်းတယ်။ ကွန်ပျူတာပိုင်း ပညာရှင်ဆိုပေမယ့် စီးပွားရေးအကြောင်းလည်း နားလည်တယ်။ Business ကို အင်မတန်မှ စိတ်ဝင်စားပုံပေါ်ပါတယ်။ ဒါကြောင့် ကြုံတုန်းကြုံခိုက် ကျွန်တော်က သိချင်နေတာကြာပြီဖြစ်တဲ့ Business နဲ့ ပတ်သက်တာလေးတစ်ခု မေးကြည့်လိုက်မိတယ်။

"ပိုက်ဆံချမ်းသာဖို့ အရေးအကြီးဆုံးက ဘာတုန်းဗျ . . . ကိုဇေယျာထွန်း"

ကျွန်တော့်ရဲ့ အဲဒီမေးခွန်းကို သူအတော်သဘောကျသွားပုံရတယ်။ သူစဉ်းစားဦးမယ်ဆိုတဲ့ သဘောနဲ့ လက်ကာပြတယ်။ ကျွန်တော်ကလည်း ဟုတ်ကဲ့ပါဆိုတဲ့သဘောနဲ့ ခေါင်းညိတ်ပြလိုက်ပါတယ်။

ကိုဇေယျာထွန်းတစ်ယောက် လုပ်လက်စ Edit အလုပ်ကိုပါ မလုပ်နိုင်တော့ဘဲ ခဏရပ်ထားရတယ်။ ခေါင်းကုတ်ပြီး စဉ်းစားတယ်။ ငါးမိနစ်၊ ဆယ်မိနစ် ခေါင်းကုတ်ပြီး စဉ်းစားတယ်။ နာရီဝက်၊ မိနစ် (၄၀) ခေါင်းကုတ်ပြီး စဉ်းစားတယ်။ စဉ်းစားရင်း စဉ်းစားရင်းနဲ့ တစ်နာရီတိတိကြာချိန်ကျမှ သူ့ခမျာ အဖြေထွက်သွားပုံရတယ်။ ပြီးတော့ လက်ဖျောက်တစ်ချက် ဖြောက်ကနဲ တီးလိုက်တယ်။

"ကျွန်တော်ပြောမယ်၊ ကိုမိုးဇေယျာ"

"ပြောပါဗျာ . . . ပြောပါ"

"ပိုက်ဆံချမ်းသာဖို့ အရေးအကြီးဆုံးက ပိုက်ဆံချမ်းသာဖို့ပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇေယျာထွန်းရယ် . . . ကောင်းလိုက်တဲ့ စီးပွားရေးအတွေးအခေါ်ပါပဲလားဗျာ"

အဲဒီနေ့က Video Art ကို Edition သွားလုပ်ရင်းနဲ့ စီးပွားရေးအတွေးအခေါ်တစ်ခု ရရှိခဲ့ပုံများ ပြောပါတယ်။ ကိုဇေယျာထွန်း Edit လုပ်တာကတော့ နေ့တစ်ပိုင်းသာသာခန့်ပဲ ကြာပါတယ်။ ညနေစောင်းလောက်မှာ အားလုံးပြီးသွားတယ်။ Edition နဲ့ Mixing ကိစ္စပြီးတော့ ဘိုသိန်းတို့ ကျော်ကျော်တို့ကို လှမ်းချိန်းလိုက်တယ်။ ပြီးတော့ ကျွန်တော်တို့သုံးယောက် လှည်းတန်းမှာ လက်ဖက်ရည်ဆိုင်ထိုင်ကြတယ်။ ထုံးစံအတိုင်း စကားစမြည်ပြောကြတာပေါ့။

"ဘယ်လိုလဲ မိုးဇေယျာ၊ Video Art ကိုတော့ လက်စသတ်လို့ ပြီးသွားပြီပေါ့ . . . ဟုတ်စ"

"အေးပေါ့ကွာ၊ Edit နဲ့ Mixing လည်း ပြီးသွားပြီဆိုတော့ ခွေထွက်လို့ရပြီပေါ့ကွာ . . . ဟား . . . ဟား . . . ဟား"

"လက်ထပ်ပွဲမှတ်တမ်းခွေထဲကနေ ဘယ်အခန်းတွေ ဖြတ်ယူထားလိုက်သလဲ"

"(၁) သတို့သား၊ သတို့သမီးပွဲထွက်တဲ့အခန်း၊ (၂) အခမ်းအနားမှူးဦးစပိရဲ့ မင်္ဂလာသြဘာစကားပြောတဲ့အခန်း၊ (၃) ငါတို့ သူငယ်ချင်းတွေ ထိုင်တဲ့ဝိုင်းကို လာရိုက်တဲ့အခန်း၊ (၄) သတို့သားနဲ့ သတို့သမီး ကိတ်မုန့်ခွဲကျွေးတဲ့အခန်း၊ (၅) ဧည့်ပရိသတ်ကြီး လက်ခုပ်တီးကြတဲ့အခန်း . . . အဲလိုပေါ့ကွာ၊ တခြားဟာတွေလည်း ကျန်ပါသေးတယ်၊ ငါလည်း မေ့တော့တော့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ၊ မနက်ကပဲ လုပ်လာတယ်၊ အခုကျ မေ့တော့တော့ ဖြစ်နေပြီလား"

"ဒါကြောင့် မင်းတို့ကို ငါပြောဖူးသားပဲ၊ ငါက အတွေးအခေါ် ကောင်းသလောက် မှတ်ဉာဏ်ပိုင်းမှာ သိပ်မကောင်းပါဘူးလို့"

ကျွန်တော်က အကွက်ဆိုက်လာတုန်းလေး လေကြီးလေ ကျယ် ပြောပစ်လိုက်တယ်။ ဒါကို ဘိုသိန်းက မခံ။

"ဟေ့ကောင် မိုးဇေယျာ၊ ငါတို့သုံးယောက်မှာ ငါ့ကို အတွေး အခေါ်အကောင်းဆုံးဘွဲ့ပေးခဲ့တာ ဘယ်သူလဲ"

"ဟုတ်ပါတယ် ဘိုသိန်းရာ၊ ငါပဲ ပေးခဲ့တာပါ၊ ငါဆိုလိုတာ က မင်းရဲ့အတွေးအခေါ်ကောင်းတာကိုသာ ဖယ်ပြီး စဉ်းစားရင်၊ ငါ့ရဲ့အတွေးအခေါ်ကလည်း မခေလှဘူးလို့ ပြောချင်တာပါ"

ဘယ်ရမလဲ။ ဒီကောင် စိတ်ကျေနပ်အောင် ကျွန်တော်က လည်း အပျော့ဆွဲနဲ့ ချော့ရပါတယ်။

"ဘိုသိန်း၊ ကျော်ကျော်၊ ငါ ဒီကိုမလာခင်ဘဲ မီးငယ်နဲ့ ဖုန်း ပြောဖြစ်သေးတယ်ကွ၊ Video Art က အားလုံးပြီးသွားပြီဖြစ်လို့၊ ဓါတ်သရုပ်ဆောင်ခဲ့ကြတဲ့သူတွေ အားလုံးကို အမှတ် တရအနေနဲ့ တစ်ယောက်တစ်ခွေစီ ကော်ပီကူးပေးမယ်ပေါ့၊ ဒါပေမယ့် မီးငယ်က ပြောတယ်၊ သူရမယ့် ဝေစုတစ်ခွေကိုတော့တဲ့ ငါကပဲ သိမ်းထားပေး ရမယ်တဲ့၊ သူတစ်သက်လုံး မကြည့်ပါရစေနဲ့တော့တဲ့၊ မီးငယ် ဘာဖြစ် သွားမှန်း ငါစဉ်းစားလို့ မရဘူး၊ ငါလည်း မီးငယ်ရဲ့စိတ်ခံစားချက်ကို အပြည့်အဝ မခန့်မှန်းတတ်ပါဘူး၊ အဲဒီတော့ကွာ၊ ငါ့ဆီမှာ နှစ်ခွေ



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းရှိနေမယ့် သဘောပေါ့ကွာ၊ ပြီးတော့ နောက်တစ်ခုအရေးကြီးတာက ဒီ Video Art အခွေက ကိုယ့်ဘာသာကြည့်ချင် ပြန်ကြည့်လို့ရပေမယ့် ဘယ်သူ့ကိုမှ ပြခွင့်မရှိဘူး၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ကိုယ့်အချင်းချင်းကလွဲရင် ဘယ်သူ့ကိုမှ မပြောရဘူး၊ ပါဝင်တဲ့ သရုပ်ဆောင်တွေကလွဲလို့ ဘယ်သူမှ သိခွင့်မရှိ၊ ကြည့်ခွင့်မရှိတဲ့ Video Art ကြီးပေါ့ကွာ"

"သေချာပြန်စဉ်းစားကြည့်ရင် ငါတို့အားလုံးက ကိုထွန်းဝေကို ဝိုင်းပြီး အရူးလုပ်ခဲ့ကြသလိုပဲနော်"

ကျော်ကျော်ရဲ့ ရုတ်တရက် မှတ်ချက်စကားကြောင့် ကျွန်တော်တို့ စကားဝိုင်းဟာ ချက်ချင်းဆိုသလို တိတ်ဆိတ်လို့သွားပါတယ်။ ကျော်ကျော်ပြောတာလည်း မှားမှမမှားဘဲလေ။ ဒီ Video Art ဇာတ်လမ်းဟာ မီးငယ်ဆီကနေ စတင်ခဲ့တာဆိုပေမယ့် ကျွန်တော်တို့အားလုံး ဝင်နွှဲဝင်ကဲခဲ့ကြလို့သာ အခုလို အကောင်အထည်ပေါ်ခဲ့တာပဲ မဟုတ်ပါလား။

"မချစ်ဘဲ တည်ဆောက်ကြတဲ့ အိမ်ထောင်ရေးတွေဟာ ရေရှည်မှာ အဆင်ပြေပါ့မလား"

ဇေန္တ . . . ကျော်ကျော်က မီးငယ်ကို စိတ်ပူနေပုံရတယ်။

"ဒါဖြင့် ချစ်လို့တည်ဆောက်ကြတဲ့ အိမ်ထောင်ရေးတိုင်းကရော အဆင်ပြေလို့လား"

ကျွန်တော်က Counter ပြန်မေးလိုက်ပါတယ်။ အဲဒီတော့မှ ကျော်ကျော်က ခေါင်းလေးတညိတ်ညိတ်နဲ့။ ဘာမှတော့ပြန်မပြော



www.burmeseclassic.com

www.burmeseclassic.com



ရှာပါဘူး။ ကျွန်တော်ပြောလိုက်တာကို လက်ခံလိုက်လို့လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် အချေအတင် ဆက်မပြောချင်လို့လည်းပဲ ဖြစ်ချင် ဖြစ်မယ်။

မီးငယ်ရေ . . . လှည်းတန်းကနေ မော့ကြည့်ရင်လည်း ဟောဒီကောင်းကင်ကြီးဟာ ပြာလဲ့နေတာပဲ။ ငါတို့ ဒဂုံတက္ကသိုလ်ဝင်းထဲကနေ မော့ကြည့်ရင်လည်း ဟောဒီကောင်းကင်ကြီးဟာ ပြာလဲ့နေတာပဲ။ နင်တို့ အင်းလျားလမ်းကနေ မော့ကြည့်ရင်လည်း ဟောဒီကောင်းကင်ကြီးဟာ ပြာလဲ့နေတာပဲ။ ဘယ်နေရာကနေပဲ မော့ကြည့်မော့ကြည့်၊ ဟောဒီကောင်းကင်ကြီးဟာ ပြာလဲ့နေတာချည်းပါပဲ။

နှစ်ဦးသဘောတူ ငါတို့ချစ်မြတ်နိုးခဲ့ကြပြီးပြီပဲ . . . မီးငယ်။

နှစ်ဦးသဘောတူ ငါတို့ Video Art ရိုက်ခဲ့ကြပြီးပြီပဲ . . . မီးငယ်။

နှစ်ဦးသဘောတူ ငါတို့ ဝေးခဲ့ကြပြီးပြီပဲ . . . မီးငယ်။

ဘာများ၊ နောက်ထပ်လိုအပ်ဦးမလဲ . . . မီးငယ်။ ဒီကမ္ဘာကြီးပေါ်မှာ ငါတို့နှစ်ယောက် သပ်သပ်စီ ဆက်လက်ရှင်သန်နေထိုင်သွားကြဖို့လည်း နှစ်ဦးသဘောတူ စိတ်ကူးထားကြပြီးသားပဲလေ။

မီးငယ်ရေ . . .

နှစ်ဦးသဘောတူ ငါတို့ မျက်နှာတွေ ဆက်ပြောင်ကြရအောင်။ ပြီးတော့ . . .

နှစ်ဦးသဘောတူ ငါတို့ ဟာသတွေ ဆက်ပြောလိုက်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်နော် . . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ရွာသာကြီးမှာရှိတဲ့ ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီး ...နီးတစ်ဝိုက်မှာ အရာရာအေးဆေးငြိမ်သက်လျက် ရှိပါတယ်။ စိတ် ...ဂါ အထူးကုဆရာဝန် ဒေါက်တာဇော်မိုးတစ်ယောက် လူနာတွေ ...တစ်ယောက်ပြီးတစ်ယောက် (Round) လှည့်စစ်ဆေးနေတယ်။ ...တော့ . . . တစ်ခန်းပြီးတစ်ခန်း . . . ။

"ဆရာမ . . . ဒီပေးရှန်ရဲ့အခြေအနေ ဘယ်လိုရှိလဲ"

"ဒီမှာ ချာ့တ် (Chart) ပါဆရာ"

"သူ့သူငယ်ချင်းတွေရော လာကြသေးလား"

"ဒီနေ့ သူ့သူငယ်ချင်းတွေ လာကြည့်ကြမယ့်နေ့လေ ဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်တောင် ရောက်လာတော့မယ် ထင်တယ်"

ဒေါက်တာဇော်မိုးနဲ့ သူနာပြုဆရာမလေးရှိစီတို့ အချီအချ ပြောနေကြတာ ဖြစ်ပါတယ်။

"ဟော . . . ပြောရင်းဆိုရင်း လာကြပြီဆရာ"

ဘိုသိန်း၊ ကျော်ကျော်နဲ့ သော်သော်တို့ ရောက်လာကြတာ ဖြစ်ပါတယ်။ သူတို့အားလုံး မိုးဇေယျာရဲ့ကုတင်ဘေးမှာ ထိုင်လိုက်ကြတယ်။ မိုးဇေယျာတစ်ယောက်ကတော့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေလေရဲ့။ ဒေါက်တာဇော်မိုးကပဲ စကားဝိုင်းကို စတင်လိုက်ပါတယ်။

"ဆရာမလေးရှိစီကတော့ ပြောပါတယ်၊ ကိုမိုးဇေယျာရဲ့ မိတ်ဆွေ ခင်ဗျားတို့ မကြာမကြာ လာကြည့်ကြတယ်ဆိုတာ၊ ဒါပေမယ့် ကျွန်တော်နဲ့က မဆုံဘူးဖြစ်နေတယ်၊ လွဲလွဲနေလို့၊ ဒီကနေ့တော့ ကိုမိုးဇေယျာရဲ့ အတိတ်က အကြောင်းလေးတွေ အကျဉ်းချုံးလောက် ပြောပြပေးပါလား၊ သူ့ရဲ့ရာဇဝင်ကို ပိုပြီးသိခွင့်ရတော့ ကုသရေးပိုင်းမှာလည်း ပိုပြီးထိရောက်မှုရှိတယ် မဟုတ်လား၊ အခု ကိုမိုးဇေယျာက မိဘ အရင်းတွေရော၊ မွေးစားအဖေပါ မရှိတော့ဘူးဆိုတော့ တစ်ကောင်ကြွက်သဘော ဖြစ်နေတယ်၊ ကျွန်တော်သိချင်တာမှန်သမျှ သူ့ကိုပဲ တိုက်ရိုက်မေးယူရသလို ဖြစ်နေတယ်၊ အဲဒီတော့ မှန်မှန်းမသိ၊ မှား မှန်းမသိနဲ့၊ ပြီးတော့ ဒိုင်ယာရီစာအုပ်တစ်အုပ်လည်း ကျွန်တော့်ကို ပေးဖတ်တယ်၊ (မိုးဇေယျာရဲ့ဒိုင်ယာရီ) ဆိုပြီး ခေါင်းစဉ်တပ်ထားတယ်၊ အဲဒီဒိုင်ယာရီထဲက ကိစ္စတွေကလည်း တကယ်ဖြစ်ခဲ့တာလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို တကယ်မဖြစ်ခဲ့ဘူးလား၊ ကျွန်တော်လည်း မဆုံးဖြတ်တတ်ဘူး၊ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော့်ကို ပြောပြကြပါဦးဗျာ"

"မိုးဇေယျာရဲ့ဒိုင်ယာရီ၊ စာအုပ်ထဲက ကိစ္စတွေ အကုန်လုံးဟာ တကယ်ဖြစ်ခဲ့တာတွေချည်းပါပဲ ဆရာ၊ နည်းနည်းလေးမှ မလွဲပါဘူး၊ သူ့မှာ ဒိုင်ယာရီရေးကျင့်ရှိတာနဲ့ ပတ်သက်ပြီးလည်း ကျွန်တော်တို့သူငယ်ချင်းတွေကို တစ်ခါမှ မပြောပြခဲ့ဖူးဘူး၊ နောက်မှ အဲဒီဒိုင်ယာရီစာ အုပ်ကိုတွေ့ပြီး ကျွန်တော်တို့လည်း သိကြရတာ"

"ဒါဖြင့် Video Art ရိုက်တယ်ဆိုတဲ့ ကိစ္စကလည်း တကယ်ရိုက်ခဲ့ကြတာပဲလားဗျာ"

"ဟုတ်ပါတယ် ဆရာ၊ တကယ်ရိုက်ခဲ့ကြတာပါ"

"အလိုလေး . . . ခင်ဗျားတို့အားလုံးဟာ တယ်လည်း ပေါ ခဲ့ကြတာပါပဲလားဗျာ"

"ဆရာထင်တာထက်တောင် ပေါရဲခဲ့ကြတာပါ ဆရာ"

"ခင်ဗျားတို့က လူငယ်တွေမို့ ထားပါဦး၊ ဟို . . ဆုပြည့်ငယ်ရဲ့ အဖေနဲ့အမေကကော လူကြီးတွေတန်မဲ့ ဝိုင်းပေါကြတာပဲလား"

"သူတို့က သာတောင်ပေါကြပါသေးတယ် ဆရာ၊ သရုပ်ဆောင်ချက်တွေကလည်း ကြွေလောက်တယ် ဆရာ၊ လုံးဝရှူးသွပ်သွားလောက်တယ်"

"ဖရှူး . . . ရှူး . . . တော်ပါပြီဗျာ၊ ကျွန်တော်လည်း မကြွေ၊ မရှူးပါရစေနဲ့"

"ဆရာ နောက်ထပ်ဘာများသိချင်ပါသေးလဲ ဆရာ"

www.burmeseclassic.com



"ကိုမိုးဇေယျာ အခုလိုဖြစ်သွားရတဲ့ အဓိကအကြောင်းအရင်း၊ ဒီဆေးရုံရောက်လာရတဲ့ အကြောင်းအရင်းပေါ့ဗျာ"

မေးလာသမျှကို ကျော်ကျော်နဲ့ ဘိုသိန်းတို့နှစ်ယောက်သားတစ်ယောက်တစ်လဲစီ အာသွက်၊ လျှာသွက် ဖြေလာခဲ့ကြပေမယ့်၊ ဒေါက်တာဇော်မိုးရဲ့ ဒီမေးခွန်းကိုတော့ သူတို့ ချက်ချင်းမဖြေနိုင်သေးဘဲ ကျော်ကျော်က တွေတွေကြီးလုပ်ကာ ငေးငိုင်စဉ်းစားနေတယ်။ ဘိုသိန်းလည်း စိတ်ထဲမှာ တစ်ကြော့ပြန် စိတ်မကောင်းဖြစ်သွားဟန်တူပါတယ်။ ပြီးတော့မှ ကျော်ကျော်က စဖြေတယ်။

"ဒီလိုပါ ဆရာ၊ Video Art ကိစ္စကို ထွန်းဝေသိသွားတယ်"

"ဘယ်လိုလုပ်သိသွားတာလဲ၊ အားလုံးတိုင်ပင်ပြီး လျှို့ဝှက်ထားတဲ့ ကိစ္စမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် မိုးငယ်က ညဘက်အိပ်နေရင်း ပါးစပ်ကနေ Video Art ရိုက်တဲ့ကိစ္စတွေကို ယောင်ရာကနေ စတာပဲ ဆရာ၊ မိုးငယ်က ညအိပ်ရင် ယောင်တတ်တာကို သူငယ်ချင်းတွေထဲမှာ သော်သော်တစ်ယောက်တည်းပဲသိတာ၊ ကျွန်တော်တို့တောင် နောက်မှသိကြရတာ ဆရာ၊ အဲဒီယောင်တတ်တာကိုသိတဲ့ မိုးငယ်ရဲ့အဖေရယ်၊ အမေရယ်၊ သော်သော်ရယ်၊ နောက် . . . မိုးငယ်ကိုယ်တိုင်ရယ် သူတို့အားလုံး ပေါ့ဆမိသလိုဖြစ်သွားတာ၊ ပြီးတော့ မိုးငယ်က ယောင်ပြီဆိုရင်လည်း ဟိုယောင်ဒီယောင် လျှောက်ပြောပြီး ယောင်တာမျိုး မဟုတ်ဘူး၊ တစ်ခါကလေ ဇာတ်လမ်းတွဲလိုယောင်တာ၊ တစ်ညပြီးတစ်ည ဆက်တိုက် . . .



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးရက်လောက် ဆက်တိုက် . . . ယောင်လိုက်တော့ Video Art ကိစ္စကို ထွန်းဝေလည်း အကုန်သိသွားရော၊ US ပြန်ပြီး ကျောင်းဆက်တက်ရမယ့်ကိစ္စကိုတောင် သူက ဆိုင်းထားလိုက်တယ်၊ ဒါနဲ့ တစ်ရက်မှာတော့ သူက အကျိုးအကြောင်းပြောပြပြီး မီးငယ်ကို မေးမြန်းတယ်၊ ဒီအခြေအနေရောက်မှတော့ မီးငယ်ကလည်း အကုန် ဝန်ခံလိုက်ရတော့တာပေါ့ ဆရာ"

"အခုမှ ဇာတ်ရှိန်တက်လာပြီ၊ အဲဒီတော့ ဘာတွေဆက်ဖြစ်ကြသလဲ"

ဒေါက်တာဇော်မိုးက အရမ်းသိချင်စိတ်နဲ့ အငမ်းမရမေးလာတော့ ကျော်ကျော့်မှာ ဆက်ပြောပြရပြန်ပါတယ်။

"မီးငယ်က ထွန်းဝေကို တောင်းပန်တယ်၊ Seriously ကို တောင်းပန်တာ ဆရာ၊ ဒါပေမယ့် ကျွန်တော်တို့အဖွဲ့ရဲ့ ရိုက်ချက်တွေကလည်း အရမ်းများသွားတာကိုး ဆရာရဲ့၊ မီးငယ်ကလည်း ထွန်းဝေကို ပြောရှာပါတယ်၊ သူ့ကို ခွင့်လွှတ်စရာမလိုပါဘူးတဲ့၊ ကြိုက်တဲ့ အပြစ်ဒဏ်ပေးပါ၊ သူခံပါ့မယ်ပေါ့၊ ဒါနဲ့ ထွန်းဝေက မီးငယ်ကိုမေးတယ်၊ သူတို့နှစ်ယောက်စလုံး သတ်သေကြမယ်၊ သေရဲလားဆိုတော့ မီးငယ်က သေရဲပါတယ်လို့ ဖြေလိုက်တယ်၊ ဒါနဲ့ ထွန်းဝေက ကြွက်သတ်ဆေးတွေ သွားဝယ်တယ်၊ သူ့အတွက် တစ်လုံး၊ မီးငယ်အတွက် တစ်လုံးပေါ့၊ ဒါတောင် ကြွက်သတ်ဆေးနှစ်လုံးမှာ တစ်လုံးက အတု မိသွားသေးတယ်၊ ပုလင်းတစ်လုံးစီ ကိုယ်စီကိုင်ပြီး မော့သောက်ကြတယ်၊ အတုကို မီးငယ်က သောက်မိတယ်၊ အစစ်ကိုတော့ ထွန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



က သောက်မိတယ်၊ ဒါကြောင့် မီးငယ်က ဘာမှမဖြစ်ဘူး၊ ထွန်းဝေကတော့ ဆေးရုံကို ဝိုင်းပို့ကြပေမယ့် လမ်းမှာတင်ပဲ ဆုံးသွားရှာတယ်"

"ဖြစ်မှဖြစ်ကြရလေဗျာ"

ဒေါက်တာဇော်မိုးတစ်ယောက်လည်း စုပ်တသပ်သပ် ဖြစ်လို့သွားတယ်။ ကျော်ကျော်က ဆက်ပြောတယ်။

"မီးငယ်လည်း အရမ်းကိုပဲ စိတ်ထိခိုက်သွားတယ်၊ ထွန်းဝေဆုံးပြီး ဆယ်ရက်မြောက်တဲ့နေ့မှာ မီးငယ်လည်း အိမ်ကနေ ပျောက်သွားတော့တယ်၊ သူ့အဖေအမေဆိုတာလည်း ရှာတာခေါင်းမီးတောက်နေပြီ၊ လုံးဝပြန်မတွေ့ရတော့ဘူး"

"မဆုပြည့်ငယ်က စာလေးဘာလေးရော မထားခဲ့ဘူးလား"

"စာတိုလေးတစ်ကြောင်းပဲ ရေးထားခဲ့တယ်"

"ဘာတဲ့တုန်း"

"မေမေနဲ့ဖေဖေ . . . သမီးအတွက် ဒီကနေ့ ထမင်းထည့်မချက်ပါနဲ့တော့ . . . တဲ့"

"ဖရုး . . . မဆုပြည့်ငယ်ဟာ အတော်လေး ရိုမန်တစ်ဆန်တဲ့ ကောင်မလေးပါပဲလားဗျာ"

"မီးငယ်ဟာ ဆရာထင်တာထက်တောင် ရိုမန်တစ်ဆန်ပါသေးတယ် ဆရာ၊ သူ့ထက် ရိုမန်တစ်ဆန်တဲ့သူတောင် သူ့လောက် ရိုမန်တစ်မဆန်နိုင်ပါဘူး ဆရာရယ်"

"ပြောပါဦး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ပြောသလို ထွန်းဝေဆုံးပြီး ဆယ်ရက်မြောက်တဲ့နေ့မှာ မီးငယ်ပျောက်သွားတယ်၊ မီးငယ်ပျောက်သွားပြီး ဆယ်ရက်မြောက်တဲ့နေ့မှာ မိုးဇေယျာလည်း ဒီဆေးရုံကို ရောက်လာခဲ့ရတော့တာပါပဲ ဆရာရယ် . . . ဟူး"

ကျော်ကျော်က အရှည်ကြီးရှင်းပြလိုက်ရလို့ မောမောနဲ့ သက်ပြင်းတစ်ချက် ချလိုက်ပါတယ်။ ဒေါက်တာဇော်မိုးတစ်ယောက်လည်း စိတ်မကောင်းခြင်းကြီးစွာနဲ့ နားထောင်လို့အပြီးမှာ ကျော်ကျော်၊ ဘိုသိန်းနဲ့ သော်သော်တို့ကို နှုတ်ဆက်ပြီး တခြားလူနာတွေဆီ ဆက်လက် (Round) ဖို့ ထွက်ခွာသွားပါတယ်။ သူနာပြုဆရာမလေးရိုစီလည်း ဒေါက်တာဇော်မိုးနောက် အပြေးကလေးလိုက်ပါသွားရတာပေါ့။ အဲဒီနောက် သိပ်မကြာခင်မှာပဲ မိုးဇေယျာတစ်ယောက် နိုးလာပါတော့တယ်။ နိုးနိုးချင်း၊ သူငယ်ချင်းတွေကို တွေ့လိုက်ရလို့ ဝမ်းသာသွားတယ်။ ဘိုသိန်းကပဲစပြီး အော်ကြီးဟစ်ကျယ် နှုတ်ဆက်လိုက်တယ်။

"ဟေ့ကောင်ကြီး . . . နေကောင်းရဲ့လားကွ"

"ကိုမိုးဇေယျာ . . . ဒီနေ့သက်သာတယ်နော်"

သော်သော်ကလည်း တတ်သလောက် မှတ်သလောက်လေး မေးမြန်းနှုတ်ဆက်ရှာပါတယ်။ ကျော်ကျော်ကတော့ ဘာစပြောရမှန်းမသိဘဲ စကားစရှာနေပုံရတယ်။ မိုးဇေယျာကတော့ ဘာကိုမှ ရှင်းရှင်းချည်းပြန်မဖြေသေးဘဲ ခေါင်းကုတ်နေတယ်။ တစ်စုံတစ်ခုကိုလည်း စဉ်းစားနေဟန်တူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ ဘိုသိန်းရာ . . . ခက်တာပဲ၊ လူတွေနဲ့ ငါနဲ့ကို အဆင်မပြေပါဘူးကွာ၊ ငါ့ကို တွေ့လိုက်တိုင်း နေကောင်းရဲ့လား၊ သက်သာရဲ့လားချည်း မေးမေးနေတယ်၊ ငါကရော အခုဘာဖြစ်နေလို့လဲ၊ ဖျားလည်း မဖျားဘူး၊ အဲဒီတော့ နေကောင်းတယ်၊ ဘာဒဏ်ရာမှလည်း ရမထားဘူး၊ အဲဒီတော့ သက်သာတယ်၊ ဟုတ်ပြီလား၊ ငါပဲ မှားလား၊ လူတွေပဲ မှားလားကွာ . . . ဘိုသိန်းရာ"

"ဟုတ်တယ် မိုးဇေယျာ၊ မင်းမမှားပါဘူး၊ လူတွေက မှားနေကြတာပါ၊ ဟော့ကောင် ဘိုသိန်း . . . မင်း မိုးဇေယျာကို ခုချက်ချင်းတောင်းပန်လိုက်စမ်း"

ကျော်ကျော်က အခြေအနေကို ဝင်ထိန်းပြီး ဘိုသိန်းကို သဟောက်သဟဲ လုပ်လိုက်ရတယ်။

"တောင်းပန်ပါရစေ . . . မရက်စက်ပါနဲ့"

ဘိုသိန်းကလည်း ဝိုင်ဝိုင်းရဲ့သီချင်းနဲ့ မိုးဇေယျာအပြတ်ကို တောင်းပန်ပစ်လိုက်တယ်။ ခုတော့မှပဲ မိုးဇေယျာလည်း ရွှင်ရွှင်ပျပျနဲ့ ဖြစ်လာတယ်။

"မင်းတို့နဲ့တွေ့ရရင် ငါစိတ်ချမ်းသာတယ်ကွာ၊ သူငယ်ချင်းတို့ရာ"

မိုးဇေယျာရဲ့ ခုလိုစကားကိုကြားရတော့ သူငယ်ချင်းတွေ စိတ်မကောင်းဖြစ်ကြရပြန်တယ်။ မိုးဇေယျာက ပြောပါတယ်။

"ဒေါက်တာဇော်မိုးနဲ့ ဆရာမလေးရှိစီက မဆိုးရွားပါဘူး ငါ့အပေါ် တော်တော်လေး ဂရုစိုက်ကြတယ်၊ ဒါပေမယ့် ဒေါက်တာက



www.burmeseclassic.com

www.burmeseclassic.com



ငါထင်တာပြောရရင် သူတို့နှစ်ယောက်ဟာ စိတ်မမှန်ကြဘူးကွ၊ ဟိုးတစ်ရက်တုန်းက ငါက ဒေါက်တာဇော်မိုးကို မေးခွန်းတစ်ခုမေးတယ်ကွာ၊ ဒါကို သူမဖြေနိုင်ရှာဘူး၊ မဖြေနိုင်တာကို မဖြေနိုင်ဘူး မပြောဘူးလေ၊ ပြုံးပြုံးကြီးလုပ်နေတယ် . . . မိန့်မိန့်ကြီး"

"မင်းက ဘာမေးလိုက်လို့လဲ"

"ဆရာတို့ ဆေးကုနေတဲ့ ရည်ရွယ်ချက်က ဘာလဲလို့၊ အဲဒါကို စမေးတုန်းကတော့ သူဖြေတယ်၊ လူသတ္တဝါတွေရဲ့ အသက်ဆက်လက်ရှင်သန်ရေးအတွက်တဲ့၊ အဲဒီမှာ ငါက နောက်တစ်ခုထပ်မေးတော့ သူမဖြေနိုင်တော့တာပဲ၊ လူသတ္တဝါတွေဟာ သူ့အလိုလို အသက်ရှင်သန်နေရတာတောင် ဒုက္ခတရားတွေနဲ့ ပြည့်နှက်နေတာ၊ အဲဒါကို ဆေးကုပေးလိုက်တဲ့ အခါကျတော့ ကောင်းသွားရင် သူတို့ရဲ့ဒုက္ခတရားတွေကိုပါ ဆက်ပြီးရှင်သန်တိုးပွားအောင် လုပ်ပေးလိုက်သလို မနေဘူးလားလို့ မေးလိုက်တော့ သူလည်း ပြန်မဖြေနိုင်တော့ဘူးလေ၊ ပြုံးပြီးပဲ နေတယ်၊ ဒီလိုကွာ . . . ငါ့ရဲ့အယူအဆအရကတော့ ရောဂါဝေဒနာတစ်ခုခုဖြစ်လာပြီဆိုရင် ဘာမှလုပ်မနေနဲ့၊ ပစ်သာထားလိုက်၊ ပြန်ကောင်းစရာရှိရင် သူ့ကိုယ်ခံအားနဲ့သူ ပြန်ကောင်းသွားလိမ့်မယ်၊ ပြန်မကောင်းစရာမရှိတော့လည်း သေသွားအေးတာပဲကွာ၊ ဒုက္ခတရားတွေ ချုပ်ငြိမ်းသွားတာပေါ့"

မိုးဇေယျာပြောတာကို နားထောင်ရင်း တစ်ခုခုပြောတော့မယ့်ဟန်ပြင်နေတဲ့ ဘိုသိန်းကို ကျော်ကျော်က မျက်ရိပ်မျက်ခြည်ပြပြီး တားလိုက်ပါတယ်။ နားသာထောင်လိုက်ဆိုတဲ့ သဘောမျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ ဆိတ်ကုပ်ကုပ်လေးဖြစ်နေတဲ့ သော်သော်ကတော့ ဆိတ်ကုပ်ကုပ်လေးအတိုင်းပဲ ဆက်နေနေတယ်။ သော်သော့်စိတ်ထဲမှာလည်း စိတ်မကောင်းဖြစ်နေတဲ့ သဘောတော့ ရှိလိမ့်မယ်။ သူသူ ကိုယ်ကိုယ်။

"အဆိုးဆုံး ငါဝမ်းနည်းမိတဲ့ ကိစ္စတစ်ခုကတော့ ဒေါက်တာဇော်မိုးနဲ့ ဆရာမလေးရိုစီကပါ ငါ့ကို ရှုံးနေတယ်လို့ အထင်မှားနေကြတဲ့ ကိစ္စပဲ၊ ငါ့ကိုတော့ ဒဲ့ဒိုးကြီး ဘယ်ပြောကြမလဲကွာ၊ ဒါပေမယ့် သူတို့အမူအရာတွေကြည့်ရင် ငါမှန်းတတ်ပါတယ်၊ အဲလိုကို ထင်နေတာ၊ တခြားသူတွေ ငါ့ကိုရှုံးတယ် ထင်တာထင်ကြပါစေကွာ၊ ဒါပေမယ့် ဒေါက်တာဇော်မိုးနဲ့ ဆရာမလေးရိုစီတို့တွေ ပညာတတ်တွေလေကွာ၊ ဝေဖန်ပိုင်းခြားတတ်ရမှာပေါ့ကွ၊ တော်သေးတာတစ်ခုက ငါ့ကို ရှုံးတယ်လို့ ထင်နေကြတဲ့သူတွေထဲမှာ ငါ့သူငယ်ချင်း မင်းတို့တွေ မပါကြတာပဲ . . . ဟုတ်တယ်မို့လား၊ ဟုတ်တယ်ဆိုရင် ငါက မင်းတို့ကို သုံးကြိမ်မေးမယ်၊ မင်းတို့က သုံးကြိမ်ပြန်ဖြေ . . . "

မိုးဇေယျာက လုပ်ခိုင်းမှဖြင့် သူငယ်ချင်းတွေလည်း အတိအကျ နာခံရပေတော့မပေါ့။

"ငါရှုံးလားဟေ့"

"မရှုံးပါဘူး"

"ငါရှုံးလားဟေ့"

"မရှုံးပါဘူး"

"ငါရှုံးလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"မရှူးပါဘူး"

ရွာသာကြီးမှာရှိတဲ့ ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီးဟာ ခဏတဖြုတ်တော့ အသံတွေ ဆူညံသွားခဲ့ပါတယ်။ အဲဒီကနေ အပြန်ကျရင် ဘိုသိန်း၊ ကျော်ကျော်နဲ့ သော်သော်တို့တွေဟာ ဦးလူမော်နဲ့ ဒေါ်ခက် ဖြာဝေတို့ဆီကို ဝင်ရဦးမယ်လေ။ မီးငယ်ပျောက်သွားတဲ့ ကီစ္စနဲ့ပတ်သက်ပြီး ပူဆွေးကြေကွဲနေကြရရှာတဲ့ သူတို့သူငယ်ချင်းမလေးရဲ့ မိဘတွေကို တတ်နိုင်သလောက် အားပေးနှစ်သိမ့်ပေးရမယ့် ဝတ္တရားရှိသေးတယ် မဟုတ်ပါလား။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# ကဗျာ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

ဒီစာမျက်နှာမှာ

ထူးကဲကင်တင်းမှာ မင်းပထမဆုံး မုန့်ဟင်းခါး
လာစားတဲ့

အမှတ်တရ မနက်ခင်းလေးတစ်ခုအကြောင်း

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

ငါက စချစ်ခဲ့တာ မဖြစ်ကြေး၊ မင်းကပဲ စချစ်ခဲ့တာ ဖြစ်ကြေးဆိုပြီး

လာရန်ထောင်သွားဖူးတဲ့ စူထော်ထော်နှုတ်ခမ်းလေးကို စနစ်တကျ

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

ဇာတ်ဝင်ခန်းအရပဲလိုလို၊ တကယ်လိုလိုနဲ့

ငါတို့ မျော်ဘီကို ခိုးပြေးခဲ့ကြတဲ့ ရာဇဝင်ညလေးတစ်ညကို တယုတယ ထုပ်ပိုးပြီး

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

ရှိမန်တစ်ပဲဖြစ်ဖြစ်၊ သူလိုကိုယ်လိုပဲဖြစ်ဖြစ်၊ . . .

ကိုယ်စီသော့ခတ်သိမ်းဆည်းထားကြတဲ့ လျှမ်းလျှမ်းတောက်
အချစ်တွေကို ဂုဏ်ယူစရာတစ်ခုလို

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

Video Art ရိုက်နေတဲ့ ကာလတလျှောက်လုံး

ငါလိုက်ပါလာရင်၊ ကားကိုပိုသိမ်မွေ့ပြီး မောင်းတတ်တဲ့ မင်းရဲ့
အလွမ်းရောင် အမူအကျင့်လေးတွေလည်း

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

ဟိုဟို၊ သည်သည်
စိတ်လှုပ်ရှားစရာ မျက်လှည့်ပြကွက်တွေထဲ

ဝန်တင်လိပ်ပြာလေးတွေလည်း ပျံဝဲလို့၊
အခန်းဆက်အိပ်မက်တွေလည်း ပြန့်ကျဲလို့၊

လစ်ဘာရယ်တွေနေတဲ့ အခန်းမှာ
ငါတို့ရဲ့ ခိုးခိုးခစ်ခစ်ရယ်သံများအဖြစ်

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

ငါတို့နှစ်ယောက်နဲ့ပတ်သက်လို့

အာဒမ်နဲ့ဧဝ တရားဝင်လက်မှတ်ရေးထိုးပေးထားတဲ့၊
အသနားခံစာ A4 စာရွက်လေးတစ်ရွက်ကို

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

အလွန်အင်မတန် ရှိမန်တစ်ဖြစ်ချင်လွန်းခဲ့တဲ့

မင်းရဲ့ ရှားပါးစေတသိက်လေးတစ်ခုအကြောင်း
မက်မက်မောမော၊ ဖွယ်ဖွယ်ရာရာ

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

ဘေးလူတွေမသိအောင် နိုးဝှက်ပြီး ရင်ကွဲခံခဲ့ကြတဲ့

ငါတို့ရဲ့ ရှေးဟောင်းမျက်ရည်စက်လေးတွေကို
ဘယ်နည်းနဲ့မှ မခြောက်သွေ့သွားအောင်

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာမျက်နှာမှာ

မင်းကိုဖွက်ထားတဲ့ ကမ္ဘာကြီးကို
မဆီမဆိုင် ရန်တွေ့ဖို့ . . .

ကျောပိုးအိတ်တစ်လုံး၊ ရေသန့်တစ်ဗူးနဲ့ အလွမ်းမြေပုံတစ်ချပ်ကို
ငါသယ်ဆောင်လာခဲ့ပါကြောင်းနဲ့၊

အမှောင်ခေတ်ကြီးကို
ပန်းပွင့်တွေနဲ့ လင်းလာတဲ့နေ့အထိ

သိမ်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com

မရှိတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

ရွာသာကြီးမှာရှိတဲ့ ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီးရဲ့ အခန်းတစ်ခုအတွင်းမှာ ကိစ္စတစ်ခုကြောင့် အတန်ငယ် ရှုပ်ယှက်ခတ်နေတယ်။ ဒေါက်တာဇော်မိုးနဲ့ သူနာပြုဆရာမလေးရိုစီ၊ မိုးဇေယျာရဲ့ သူငယ်ချင်းတွေဖြစ်ကြတဲ့ ဘိုသိန်း၊ ကျော်ကျော်နဲ့ သော်သော်တို့လည်းပဲ ရောက်ရှိလို့ နေကြတယ်။ အကြောင်းအရင်းကတော့ ဆေးရုံပေါ်ကနေ ရုတ်တရက်ကြီး မိုးဇေယျာတစ်ယောက် ပျောက်ဆုံးသွားလို့ပါပဲ။

"ဟုတ်ပါတယ်၊ ရုတ်တရက်ကြီး ပျောက်သွားတာပါပဲ။ ဘယ်ထွက်သွားမယ်မှန်းတောင် မပြောခဲ့ပါဘူး ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရုတ်တရက်ကြီး ပျောက်သွားတယ်ဆိုမှဖြင့် ဘယ်ထွက်သွားမယ်ဆိုတာ ပြောပါတော့မလား ဆရာမရယ်"

ဒေါက်တာဇော်မိုးနဲ့ သူနာပြုဆရာမလေးရှိစီတို့ မိုးဇေယျာအကြောင်း အပြန်အလှန်ပြောနေကြတာပါ။

"ဘာပစ္စည်းတွေ ကျန်ခဲ့သေးလဲ"

"မိုးဇေယျာက သူ့ကုတင်ခေါင်းရင်းမှာ စာမျက်နှာ (၁၀) မျက်နှာရှိတဲ့ ကဗျာတစ်ပုဒ်တော့ ရေးထားခဲ့တယ် ဆရာ၊ အဲဒါ တမင်တကာပဲ ထားပစ်ခဲ့တာလား၊ မေ့ကျန်ခဲ့တာလား ဆိုတာတော့ ကျွန်တော်တို့လည်း မခန့်မှန်းတတ်တော့ဘူး၊ သူ့ဘာသာသူမှ သိမယ့်ကိစ္စပါပဲ"

ဒေါက်တာဇော်မိုးမေးတာကို ကျော်ကျော်က ဝင်ဖြေလိုက်ပါတယ်။ ဘိုသိန်းကလည်း တစ်ခုဝင်ပြောတယ်။

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်က ချက်စ်ထိုးတာ တော်သလောက် မိုးဇေယျာဟာ ကဗျာရေးတာ တော်တယ်ဆရာ"

ကျော်ကျော်၊ သော်သော်နဲ့ ဒေါက်တာဇော်မိုး၊ ဆရာမလေးရှိစီတို့ရဲ့ အားလုံးသော မျက်စောင်းများဟာ ဘိုသိန်းဆီကို ထိုးချပစ်လိုက်ကြတယ်။ အရေးထဲမှာ အတော်ပေါ်ရဲတဲ့ကောင်ပဲလို့လည်း စိတ်ထဲကနေ ရှုတ်ချရင်းပေါ့။

သူနာပြုဆရာမလေးရှိစီက တစ်စုံတရာသတိရသွားဟန်ဖြင့် ဒေါက်တာဇော်မိုးကို လှမ်းပြောလိုက်တယ်။

"ဩော် . . . မေ့နေလို့ ဆရာ၊ ကိုမိုးဇေယျာရဲ့ချာ့တ် (chart)



www.burmeseclassic.com

www.burmeseclassic.com



လည်း ပျောက်တဲ့ထဲ ပါသွားတယ်ဆရာ၊ သူပဲ ယူသွားလားတော့ မပြောတတ်ဘူး"

"ရှိပါစေတော့ ဆရာမရယ်၊ ထားလိုက်ပါ၊ ကဲ . . . အားလုံးပဲဗျာ၊ ဖြစ်လာပြီးမှတော့ ဘယ်တတ်နိုင်မလဲ၊ အတတ်နိုင်ဆုံး ကြိုးစားရှာကြည့်ကြတာပေါ့၊ လိုအပ်တဲ့ အကူအညီတွေ ဘာတွေရှိရင်လည်း ကျွန်တော့်ကိုပြောပါ၊ ကျွန်တော်တတ်နိုင်တာ ကူညီပါ့မယ်၊ မတတ်နိုင်တာတော့ မကူညီပါဘူး၊ အဲ . . . ယောင်လို့၊ ဩော် . . . ဆရာမရေ . . . ကိုမိုးဇေယျာကို ပျောက်ဆုံးလူနာစာရင်းမှာ ထည့်ပေးထားပါ"

ဒေါက်တာဇော်မိုးရဲ့စကားကို အားလုံးက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေကြတယ်။ ပြောလည်းပြီးရော ဒေါက်တာဇော်မိုးက သူနာပြုဆရာမလေးရှိစီနဲ့အတူ အခန်းထဲက ထွက်သွားခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို ထိန်းချုပ်ထားရတဲ့ သော်သော်တစ်ယောက်လည်း ပေါက်ကွဲသွားပါတော့တယ်။

"အမယ်လေး . . . ကိုမိုးဇေယျာ . . . ကိုမိုးဇေယျာ . . .
အမယ်လေး . . . မီးငယ် . . . မီးငယ် . . ."
"အမယ်လေး . . . ကိုမိုးငယ် . . . ကိုမိုးငယ် . . .
အမယ်လေး . . . မီးဇေယျာ . . . မီးဇေယျာ . . .
ဟာ . . . ယောင်ကုန်ပြီ၊ ကိုမိုးဇေယျာ
အမယ်လေး . . . မီးငယ် . . . မီးငယ် . . ."

အော်ကြီးဟစ်ကျယ် ကြေကွဲနေတဲ့ သော်သော့်ကို ဘိုသိန်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျော်ကျော်တို့က ကျောကို တဘုန်းဘုန်းထုပြီး နှစ်သိမ့်ချော့မော့ နေရပါသေးတယ်။

"ဘုန်း . . . ဘုန်း . . . ဘုန်း . . . ဘုန်း . . . "

"အမယ်လေး . . . ရက်စက်လှချည်လား၊ ဖြည်းဖြည်းသက်သာ ချော့ကြပါတော့လား၊ ကိုကျော်ကျော်နဲ့ ကိုဘိုသိန်းရယ်"

ဘာပဲပြောပြော ကမ္ဘာကြီးကတော့ မသိချင်ယောင်ဆောင်ပြီး သူ့ဘာသာ ဆက်လက်လည်ပတ်မြဲ လည်ပတ်နေခဲ့ပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# ကရေကရာဂြိုလ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ကရေကရာဂြိုလ်ပေါ်မှာ ကမ္ဘာဂြိုလ်ပေါ်က သက်ရှိလူသား သုံးဦး ရောက်ရှိနေကြတာပဲ ဖြစ်ပါတယ်။ မိုးဇေယျာ၊ ထွန်းဝေနဲ့ မီးငယ်တို့ပါပဲ။ ဒီဂြိုလ်ပေါ်ကို ထွန်းဝေက အရင်ဆုံးရောက်လာတယ်။ ပြီးတော့ မီးငယ်ရောက်လာတယ်။ နောက်ဆုံးမှာ မိုးဇေယျာ ရောက်လာတယ်။ ခုလောလောဆယ်မှာတော့ သူတို့သုံးယောက်ဟာ ကရေကရာဂြိုလ်ပေါ်မှာရှိတဲ့ စကြဝဠာခုံတန်းလျားလေးတစ်ခုပေါ် အေးဆေးသက်သာလေး ထိုင်နေကြပါတယ်။

ထွန်းဝေကပဲ စကားစပြောတယ်။

"ဒီလိုပါ . . . ကရေကရာဂြိုလ်ဆိုတာ ဒီစကြဝဠာကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဦးဆုံးပေါ်ပေါက်ခဲ့တဲ့ ဂြိုလ်ပဲဖြစ်ပါတယ်။ ဒါတင်မကဘူး . . . ဒီဂြိုလ်ဟာ အင်မတန်မှ လျှို့ဝှက်တဲ့ဂြိုလ်လည်း ဖြစ်တယ်။ ဒီစကြဝဠာကြီးထဲမှာ ကရေကရာဂြိုလ်ရှိနေတယ်ဆိုတာကို ဒီဂြိုလ်ပေါ်ရောက်ဖူးသွားတဲ့ သူတွေကလွဲလို့ ဘယ်သူမှ မသိနိုင်ကြပါဘူး"

"ဒါဖြင့်ရင် ဒီကရေကရာဂြိုလ်ကြီးဟာ ဘယ်လိုအကြောင်းကြောင့် စတင်ပေါ်ပေါက်ခဲ့တာလဲ"

မိုးဇေယျာနဲ့ မီးငယ်တို့က သိချင်ဇောဖြင့် ထွန်းဝေကို မေးလိုက်ကြတယ်။

"အဲဒီအကြောင်းကို ဒီဂြိုလ်ပေါ်ကို ရောက်လာတဲ့သူတိုင်းကို သူတို့က အရေးတယူလုပ်ပြီး သေချာရှင်းပြလေ့မရှိကြဘူး၊ စပ်စုတတ်တဲ့ သူတွေက ဂြိုလ်မင်းကြီးကို သွားမေးထားလို့သာ ပြန်သိထားကြရတာမျိုးပါ၊ ဒီလိုလေ . . . ဒီစကြဝဠာကြီး စတင်တည်ဆောက်တုန်းက Space ချည်းသက်သက်ပဲရှိတာ၊ နောက်မှ ဂြိုလ်တွေကို ဖြည်းဖြည်းချင်း တည်ဆောက်ရတာ၊ အဲဒီလို ကမ္ဘာဂြိုလ်အပါအဝင် တခြားဂြိုလ်တွေကို တည်ဆောက်နေတဲ့ ကာလအတွင်းမှာ အင်ဂျင်နီယာတွေနဲ့ ကာယလုပ်သားတွေဟာ နေစရာမရှိဘူး ဖြစ်နေတယ်၊ အဲဒီကာလမှာ သူ တို့နေဖို့ အဆင်ပြေအောင်ဆိုပြီး လိုက်ရှာကြရင်းနဲ့ ကရေကရာဂြိုလ် ကြီးကို တွေ့ရှိခဲ့ကြတာပဲ၊ ကရေကရာဂြိုလ်ကြီးမှာက ကမ္ဘာဂြိုလ်နဲ့ မတူတဲ့ ထူးခြားချက်တွေရှိတယ်၊ ဒီမှာနေတဲ့ လူတွေအားလုံးဟာ ကိုယ့်ဘာသာကိုယ်အေးအေးဆေးဆေး နေကြတယ်၊ အချေအတင်တွေ ဖြစ်စရာစိုးလို့ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း၊ မုန်းခြင်းတွေ ဖြစ်လာမှာစိုးလို့ရယ်၊ ဒီဂြိုလ်ကြီးပေါ်မှာ တစ်ရက်ကို (၁၅) မိနစ်ထက်ပိုပြီး ဘယ်သူမှ စကားပြောခွင့်မရှိဘူး၊ စကားပြောဖို့နေရာကိုလည်း အခုလို စကြဝဠာခုံတန်းလျား လေးတွေမှာပဲ ပြောဖို့သတ်မှတ်ပေးထားတယ်၊ (၁၅) မိနစ်ပြည့်တာနဲ့ Alarm ထမြည်လိမ့်မယ်၊ အဲဒီအခါကျ ကိုယ့်အသိစိတ်နဲ့ကိုယ် လမ်းခွဲကြရုံပဲ၊ ကရေကရာဂြိုလ်ပေါ်မှာ လုံးဝတားမြစ်ထားတဲ့ အရေးအကြီးဆုံးကိစ္စ တစ်ခုရှိတယ်၊ အဲဒါကတော့ ယောကျ်ားရယ် မိန်းမရယ်မှ မဟုတ်ဘူး၊ ဘယ်သူ့ဘယ်သူမှ ချစ်ခြင်း၊ မုန်းခြင်း ဆိုတဲ့ စိတ်ခံစားချက်မျိုး မထားရဘူး၊ အကယ်၍ အဲဒီလိုထားမိရင် ကရေကရာဂြိုလ်ရဲ့စည်း ကမ်းကို ချိုးဖောက်တယ်လို့ သတ်မှတ်တယ်၊ အဲဒီအပြစ်ကျူးလွန်တဲ့ သူကို ကရေကရာဂြိုလ်ရဲ့ ဂြိုလ်မင်းကြီးဆီကို ခေါ်ဆောင်သွားပြီး ပြစ်ဒဏ်ချမှတ်ပေးခံရလေ့ရှိတယ်၊ အဆိုးဆုံးပြစ်ဒဏ်ကတော့ ကမ္ဘာ ဂြိုလ်ဆီကို ပြန်ပို့ခံရခြင်းပါပဲ၊ အဲဒီပြစ်ဒဏ်မျိုးပေးတာခံရမှာကိုတော့ အပြစ်ကျူးလွန်မိသူတိုင်းက ကြောက်ကြပါတယ်၊ ကရေကရာဂြိုလ် ဆီ ရောက်လာပြီးတဲ့သူတိုင်း ကမ္ဘာဂြိုလ်ဆီ ပြန်ပို့ခံရမှာကိုတော့ သေမလောက်ကြောက်ကြတယ်၊ ဒီကရေကရာဂြိုလ်ကြီးရဲ့ အကောင်း ဆုံးအချက်ကတော့ ကိုယ်ပိုင်စိတ်ခံစားချက်နဲ့ ကိုယ့်စိတ်ကြိုက် ငြိမ်း ငြိမ်းချမ်းချမ်း နေထိုင်ခွင့်ရှိတာပါပဲ၊ ကမ္ဘာဂြိုလ်မှာလိုမျိုး စစ်ပွဲတွေ လည်း မရှိဘူး၊ ရောဂါအထူးအဆန်းတွေလည်း မရှိဘူး၊ အဓိကက တော့ သူတပါးကို နှောင့်ယှက်ခွင့်မရှိတဲ့ စည်းကမ်းမျိုးတွေကြောင့် ကိုယ့် mood နဲ့ကိုယ် အေးအေးဆေးဆေး နေလို့ရတာပါပဲ၊ အထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဒီဂြိုလ်ကို ရောက်လာကြတဲ့သူတွေထဲမှာ ကဗျာဆရာတွေက လေးပုံသုံးပုံလောက်ရှိမယ်၊ ကျွန်တော်သာ ဘယ်လိုဖြစ်လို့ ကဗျာဆရာ မဟုတ်ဘဲနဲ့ ဘယ်လိုအကြောင်းကြောင်းဖြစ်ပြီး ရောက်လာတယ်မသိဘူး . . . ဟား . . . ဟား . . . ဟား . . . ဟား . . . "

ထွန်းဝေက ရှင်းပြရင်းနဲ့ ရယ်လည်း ရယ်တယ်။ ဒါကြောင့် မိုးဇေယျာနဲ့ မီးငယ်တို့ကပါ အားပါးတရ လိုက်ရယ်ကြမိတယ်။

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

"တီ တီ တီ တီ . . . တီ တီ တီ တီ . . . တီ တီ တီ တီ"

"ဟော . . . Alarm မြည်နေပြီ၊ လမ်းခွဲကြစို့"

စကြဝဠာခုံတန်းလျားလေးကနေ သူတို့သုံးယောက်သား ထရပ်လိုက်ကြတယ်။ ထွန်းဝေကလည်း တစ်နေရာကို ဦးတည်ပြီး ထွက်သွားတယ်။ မီးငယ်ကလည်း တစ်နေရာကို ဦးတည်ပြီး ထွက်သွားတယ်။ မိုးဇေယျာကတော့ ကရေကရာဂြိုလ်ကို ဒီနေ့မှစရောက်တဲ့သူဖြစ်လို့ ဂြိုလ်မင်းကြီးမစ္စတာအီသာနိုး (Mr. Ether No) နဲ့ သွားတွေ့ရဖို့ ရှိနေတယ်။ ထူးခြားတာက မိုးဇေယျာရဲ့လက်ထဲမှာ ရွာသာကြီးစိတ်ရောဂါအထူးကုဆေးရုံကြီးကနေ ခိုးယူလာတဲ့ လူနာမှတ်တမ်းချာ့တ် (chart) လေးတစ်ခုကို ကိုင်ဆောင်ထားတာ တွေ့ရနိုင်ပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲများ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

အဲသလိုနဲ့ . . . နှစ်အချို့ကြပြီးနောက် . . .၊

ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီးမှာ ရေးသားခဲ့တဲ့ မိုးဇေယျာရဲ့ စာမျက်နှာ (၁၀) မျက်နှာပါရှိတဲ့ ကဗျာဟာ အနည်းဆုံး ဘာသာစကားပေါင်း (၄၀) ထက်မနည်း ဘာသာပြန်ဆိုခြင်းခံရပါတယ်။ ကမ္ဘာ့ဂြိုလ်ပေါ်မှာ အကောင်းဆုံး ကဗျာများစာရင်းဝင် ကဗျာတစ်ပုဒ်အဖြစ် လူသိများကျော်ကြားသွားပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

အဲသလိုနဲ့ . . . နှစ်အချို့ကြပြီးနောက် . . .၊

ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်းမှာရှိတဲ့ ထူးကဲကင်တင်းလေးမှာ ထူးခြားတဲ့ ဆိုင်းဘုတ်တစ်ခုထောင်ထားတာကို တွေ့မြင်ဖတ်ကြရပါတယ်။ "ယနေ့မှစ၍ နံနက်စောစောပိုင်းတွင် မုန့်ဟင်းခါးရောင်းချတော့မည် မဟုတ်ကြောင်း၊ လက်ဖက်ရည်၊ ကော်ဖီနှင့်အခြားစားသောက်ဖွယ်ရာများကိုမူ အရင်အတိုင်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း" ရေးသားထားပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

အဲသလိုနဲ့ . . . နှစ်အချို့ကြပြီးနောက် . . .၊

ကျော်ကျော်နဲ့ သော်သော်တို့ဟာ လက်ထပ်လိုက်ကြပြီး အမြွှာပူးသားနဲ့သမီးကို မွေးဖွားနိုင်ခဲ့ကြတယ်။ နဂိုကတည်းက စဉ်းစားထားတဲ့အတိုင်း သားလေးကို မိုးဇေယျာလို့ နာမည်ပေးခဲ့ပြီး သမီးလေးကို ဆုပြည့်ငယ်လို့ နာမည်ပေးထားလိုက်ကြတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)

အဲသလိုနဲ့ . . . နှစ်အချို့ကြာပြီးနောက် . . .၊

ကရေကရာဂြိုလ်ရဲ့ဂြိုလ်မင်းကြီးမစ္စတာအီသာနိုး (Mr. Ether No) ဟာ မိုးဇေယျာ၊ ထွန်းဝေနဲ့ မီးငယ်တို့ကို . . .၊ ကရေကရာဂြိုလ်ရဲ့ အကြီးတန်းဂြိုလ်သားများအဖြစ် စတင်အသိအမှတ်ပြုပေးလိုက်ပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ပြီးသွားပြီ။ ဖတ်စရာ မရှိတော့ဘူး။


လေးစားစွာဖြင့်

ဝေမှူးသွင်

Waihmuuthwin @ gmail.com

အမှတ် (၇၇/၈၃)၊ အခန်း ([illegible])၊
မန္တလေးလမ်း၊ တန်ဆောင်းလမ်း
ရန်ကုန်မြို့။


ရန်ကုန်လမ်းမများစာပေ

www.burmeseclassic.com